# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၇ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၈၉)


# နိုင်ငံတော်သမ္မတရာထူးတာဝန် စတင်ထမ်းဆောင်သည့် အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရာထူးတာဝန် စတင်ထမ်းဆောင်သည့် အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဥပစာရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

**ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်**

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

**အခမ်းအနားတက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီးဒေါက်တာ စိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး ဒေါ်သိန်းယဉ်ချော၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❍




**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် F-7တိုက်လေယာဉ်မှူး ဗိုလ်မှူးအာကာဝင်း၏ ဇနီးထံသို့ အားပေးစကားပေးပို့ခဲ့


စာ-၅


## မန်းသကြၤန်ကို သင်္ကြန်၏ပုံရိပ်နှင့် မန္တလေး၏ အမှတ်တံဆိပ်ပေါ်လွင်စေရန် အစီအစဉ်သစ်များဖြင့် ကျင်းပမည်


စာ-၁၀


**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။




မြန်မာ့အလင်း

# ဥပဒေစိုးမိုးရေးနှင့် ပြည်သူ့အစိုးရ

ဥပဒေစိုးမိုးရေးဆိုသည့် ကြွေးကြော်သံမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတိုက်အခံ နိုင်ငံရေးပါတီဘဝကတည်းက ခိုင်ခိုင်မာမာရပ်တည်ခဲ့သော အဆိုဖြစ်ပါသည်။

ထို့ကြောင့်လည်း ပြည်သူ့အစိုးရအဖြစ် ရွေးချယ်ခံရသည့် အချိန်မှစ၍ ဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်ခဲ့သည်မှာ (၂) နှစ်ရှိခဲ့ပြီ ဖြစ်ပါသည်။

ဥပဒေစိုးမိုးရေးဆိုရာတွင် တရားစီရင်ရေး၊ ပြည်ထဲရေး၊ ဥပဒေပြုရေးစသည့် ကဏ္ဍအသီးသီးက ဝိုင်းဝန်းဆောင်ရွက် ထိန်းညှိရသည့်ကိစ္စ ဖြစ်ပါသည်။

ဥပဒေစိုးမိုးရေးတွင် ယိုယွင်းမှုများ၊ အားနည်းချက်များ ရှိနေသည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီဟူသော ထောက်ပြချက်များလည်း ရှိနေပါသည်။

ယခင်ကာလများက ဖြစ်ပျက်ခဲ့သည်များနှင့်ပတ်သက်၍ အထူးတလည် မဝေဖန်၊ မှတ်ချက်မပေးလိုသော်လည်း ယနေ့ကာလ ပြည်သူ့အစိုးရလက်ထက်တွင်မူ ပြည်သူတို့၏ ဝေဖန်ပြောဆိုမှုများကို အလေးအနက်ထားကာ ဖြေရှင်းရန်လိုပါမည်။

မှားယွင်းနေသည့်အမြင်များရှိလျှင် ကျေလည်အောင် ရှင်းပြရန်လိုသကဲ့သို့ ပြုပြင်သင့်သည်များရှိလျှင်လည်း ပြုပြင်ရမည်မှာ ပြည်သူ့အစိုးရ၏ တာဝန်ဖြစ်ပါသည်။

ယခုအစိုးရသက်တမ်းဒုတိယ(၁)နှစ်တာကာလသုံးသပ်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစီရင်ခံ တင်ပြချက်၌ ပြည်သူလူထုကို ဥပဒေအသိပညာပေးခြင်း၊ တရားရုံးသတင်းပြန်ကြားရေးအရာရှိများက မီဒီယာသမားတို့၏ မေးမြန်းချက်များကို ဖြေဆိုထိတွေ့ဆက်ဆံခြင်းဖြင့် တရားရုံးများနှင့် စတုတ္ထမဏ္ဍိုင်အကြား နားလည်မှုတည်ဆောက်ရာတွင် တိုးတက်မှုများရှိခဲ့သည်ဟု သိရပါသည်။

ပြည်သူလူထုအကြား တရားမျှတမှု၊ တရားရေးအပေါ် ပြည်သူတို့ယုံကြည်ကိုးစားမှု၊ ထိရောက်သောတရားစီရင်ရေးဖြစ်စေရန် မြှင့်တင်ဆောင်ရွက်မှုများကို အဓိကရည်ရွယ်ချက်အဖြစ် ထားရှိကြောင်းလည်း ဖော်ပြခဲ့ပါသည်။ ကြန့်ကြာနေသည့် အမှုစစ်ဆေးမှုများကို လျင်မြန်ပြေလည်စေရေးအတွက် ရှေ့ပြေးတရားရုံး အစီအစဉ်များဖြင့် ဆောင်ရွက်နေကြောင်း သိရပါသည်။

တရားရုံးများ၏ ဆောင်ရွက်မှုများကို ကျေနပ်အားရရှိသော်လည်း အပြည့်အဝအောင်မြင်ဖို့ ကြိုးစားသွားမည်ဟုလည်း အစီရင်ခံခဲ့ပါသည်။

အထူးသဖြင့်တော့ တရားစီရင်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင်များနှင့် သတင်းစာနယ်ဇင်းစတုတ္ထမဏ္ဍိုင်တို့ ဟန်ချက်ညီ ထိန်းသိမ်းနိုင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အားဖြည့်ဆောင်ရွက်မှုက ဥပဒေစိုးမိုးရေးအတွက် အရေးကြီးသော ထောက်တိုင်များ ဖြစ်လိမ့်မည်ဟု တင်ပြလိုက်ရပါသည်။ ။

## ဥပဒေသတင်းအချက်အလက်များ ပံ့ပိုးရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဧပြီ ၆**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် စင်ကာပူနိုင်ငံသံအမတ်ကြီး H.E. Ms. Vanessa Chan အား ဧပြီ ၄ ရက် ညနေ ၄ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေကြမ်းများ စိစစ်အကြံပြုခြင်း၊ စီးပွားရေးစာချုပ်စာတမ်းများအပေါ် အကြံဉာဏ်ပေးခြင်း၊ နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည်တို့ကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဥပဒေရေးရာ ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးလုပ်ငန်းများနှင့် ဥပဒေသတင်းအချက်အလက်များ ပံ့ပိုးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နှစ်နိုင်ငံဥပဒေအဖွဲ့အစည်းများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်များကိုလည်းကောင်း ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*ထင်သာမြင်သာ ပြုပြင်စရာ*

## သီပေါမြို့မရဲစခန်းအနီး နှစ်လရှည်ကြာစွာရပ်တန့်ထားသော ယာဉ်တန်းရှည်ကြီး ပြောင်းရွှေ့ပေးစေလို

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ဥပဒေနှင့်မလွတ်ကင်းသောပစ္စည်းများတင်ဆောင်လာ၍ အရေးယူခံရသောယာဉ်၊ ယာဉ်အချင်းချင်းတိုက်မိ၍ အမှုရင်ဆိုင်



နေရသောယာဉ်၊ စာရွက်စာတမ်းအထောက်အထားမရှိ၍ (လိုင်စင်မဲ့) အရေးယူခြင်းခံရသောယာဉ်၊ လေလံတင်မည့်ယာဉ်၊ နေပြည်တော်သို့ ပို့ဆောင်ရမည့်ယာဉ်နှင့် ဖျက်သိမ်းရမည့်ယာဉ်ဟူ၍ ယာဉ်ကြီး၊ ယာဉ်ငယ်အစီးပေါင်းများစွာတို့သည် အများပြည်သူတို့သွားလာနေရသည့် ရုံးပေါင်းစုံရှိရာ မိုင်းပွန်လမ်းနှင့် မြို့မရဲစခန်းမြောက်ဘက်ဇာတ်စုရပ်လမ်းမကြီးဘေး၌ နှစ်ရှည်လများ ရပ်တန့်ထားရာ ခရီးသွားလာကြသည့် လမ်းအသုံးပြုသူများ အခက်အခဲကြုံတွေ့ရသဖြင့် ပြောင်းရွှေ့ပေးစေလိုကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသော်လည်း ပြောင်းရွှေ့ပေးခြင်းမရှိသေး၍ နိုင်ငံတကာခရီးသွားဧည့်သည်များအတွက် သွားလာရာမြို့ဖြစ်၍ မြို့၏ဥပဓိရုပ်ကို ပျက်ပြားစေသည့်အပြင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ လူအများသွားလာရာတွင် လမ်းကြောကျဉ်းကာ အန္တရာယ်ရှိနိုင်ပါသည်။

ယခုတစ်ဖန် ဖော်ပြပါနေရာများတွင်သာမက ပြည်သူများအားကိုးအားထားပြုရာ ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးတွင်း၌လည်း အဆိုပါယာဉ်များ ရပ်တန့်နေရာယူထားသောကြောင့် ရုံး၏ အင်္ဂါရပ်နှင့် ကိုက်ညီမှုမရှိသဖြင့် အခြားတစ်နေရာသို့ ပြောင်းရွှေ့ပေးရန် ရပ်ကွက်နေပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ **စိုင်း (သီပေါ)**

## စလင်းမြို့နယ်ရှိ ကျေးရွာများကို စက်ရေတွင်းတူးဖော်ပေး

**စလင်း ဧပြီ ၆-** မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်သည် နွေရာသီရောက်လျှင် သောက်သုံးရေပြတ်လပ်ခြင်းများ ကြုံတွေ့ရတတ်၍ သောက်သုံးရေရရှိရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Pilot. Project အဖြစ် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဖြင့် ရုံးပင်ကန်ကျေးရွာအုပ်စု ရုံးပင်ကန် (တောင်) ကျေးရွာ၌ စက်ရေတွင်းတူးဖော်ပေးခြင်း ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ရေစက်ရုံတည်ဆောက်ပေးခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ ရွာအတွင်း ရေပိုက်သွယ်တန်းခြင်းကို ငွေကျပ်သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါလုပ်ငန်းခွင်သို့ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦးနှင့် အဖွဲ့ဝင်များမှ မတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စစ်ကြည် (စလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၆-၄-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၀/၈၄၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ | . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၀ | . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၀ | . ၁ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၂ | . ၇ |
| ထိုင်း | တစ်ဘတ် | ၄၂ | . ၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | . ၄ |
| တရုတ် | တစ်ယွမ် | ၂၁၀ | . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၃ | . ၆ |


မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ သော်လည်းကောင်း၊ သတင်းပေး တိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ ၂၄ နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၀၄၂၂၂
၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

## စာအုပ်စာပေ လူ့မိတ်ဆွေ


မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

**ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေ အကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# စုပေါင်းအင်အား

**လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှုအာမခံမယ့် ဖြူစင်တဲ့ဝါဒကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင် မှု(၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❍ ရှေ့ဖုံးမှ

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သဘာပတိ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဗဟိုလုပ်ငန်း အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အတူတကွ သုံးဆောင်**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြစဉ်။**
သတင်းစဉ်

**ကြည့်ရှု အားပေး**

ညစာစားပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များ အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။** သတင်းစဉ်

**လိုက်လံ နှုတ်ဆက်**

ဧည့်ခံဖျော်ဖြေပွဲ အပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များနှင့် တေးသံရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့အတူ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ညစာစားပွဲ အခမ်းအနားနှင့် ဧည့်ခံဖျော်ဖြေပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်

# နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။**

### ကာတာနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ကာတာနိုင်ငံဘုရင် ရှိတ်ခ်တာမင်ဘင် ဟာမက် အယ်လ်သာနီ၊ ဒုတိယဘုရင် ရှိတ်ခ် အဗ္ဗဒူလာ ဘင်ဟာမက် အယ်လ်သာနီ နှင့် ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ အဗ္ဗဒူလာ ဘင်နာဆာဘင် ခါလီဖာ အယ်လ်သာနီတို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ဘုရင်ရှိတ်ခ်တာမင် ဘင် ဟာမက် အယ်လ်သာနီက အဆွေတော်အနေဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး အောင်မြင်မှုအပေါင်း သရဖူဆောင်းနိုင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ဆတက်ထမ်းပိုးတိုးတက်ပါစေကြောင်း ဆန္ဒမွန်ကောင်း တောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ဒုတိယဘုရင် ရှိတ်ခ်အဗ္ဗဒူလာ ဘင်ဟာမက် အယ်လ်သာနီက ကာတာပြည်သူများကိုယ်စား မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အဆွေတော်အနေဖြင့် ကာယသုခ ဉာဏသုခနှင့်ပြည့်စုံပြီး အောင်မြင်မှုအပေါင်းခညောင်းပါစေကြောင်းနှင့် မြန်မာပြည်သူများပိုမိုတိုးတက်ပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဖြစ်ထွန်းအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ကာတာပြည်သူများကိုယ်စား ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ အဗ္ဗဒူလာ ဘင်နာဆာဘင် ခါလီဖာအယ်လ်သာနီကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အဆွေတော် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မြန်မာပြည်သူများ တိုးတက်ပါစေကြောင်း ဆန္ဒမွန်ကောင်း တောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

### ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဖရန့်ဝေါတာ စတိုင်းမားကလည်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံအတွင်း မတူကွဲပြားသောအုပ်စုများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမှာ အရေးကြီးပါကြောင်း၊ ထို့အတူ မိမိတို့နိုင်ငံအတွက်လည်း အလားတူအရေးပါပါကြောင်း၊ အဆွေတော်၏ လုပ်ငန်းကိစ္စအဝဝ အဆင်ပြေ အောင်မြင်ပါစေကြောင်းနှင့် ဂျာမနီနိုင်ငံအနေဖြင့် အမြဲတမ်းရပ်တည်လျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

### ဘရာဇီးသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဘရာဇီးပြည်သူများကိုယ်စား ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံသမ္မတ မစ္စတာ မိုက်ကယ်တီမာကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် နိုင်ငံတော်၏အမြင့်ဆုံးတာဝန်ကိုထမ်းဆောင်နေသည့် အဆွေတော်အနေဖြင့် ဒီမိုကရေစီကျင့်သုံးရေးလုပ်ငန်းစဉ်များပိုမိုတိုးတက်အောင်မြင်ပြီး စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ တိုးတက်မှုများရရှိရန်အတွက် စိန်ခေါ်မှုအပေါင်းကို ကျော်လွှားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်သလို အဆွေတော်အနေဖြင့် သာယာပျော်ရွှင်မှုအပေါင်းနှင့် ပြည့်စုံပါစေကြောင်းနှင့် ဘရာဇီးနှင့် မြန်မာနှစ်နိုင်ငံကြား ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်ရန် ဆန္ဒရှိပါကြောင်း၊ ထို့အတူ အာဆီယံနှင့် ဘရာဇီးနိုင်ငံကြား ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းစေရန်လည်း ဆန္ဒရှိပါကြောင်းစသည်ဖြင့် ဖော်ပြပါရှိသည်။ ။

---


ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း
ပြည်ထောင်စုဝန်ကြီး


ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး


ဦးဝင်းခိုင်
ပြည်ထောင်စုဝန်ကြီး


ဦးထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်

*❀ ကျောဖုံးမှ*

ပြည်သူလူထု၏ လိုအပ်ချက်များဖြစ်သည့် စားနပ်ရိက္ခာဖူလုံမှု၊ ရေအရင်းအမြစ်ကြွယ်ဝမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ မြို့ပြနှင့် လူမှုပတ်ဝန်းကျင်အေးချမ်းသာယာမှု၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမှုတို့အတွက် မြေသယံဇာတများကို မျက်မှောက်ကာလအတွက် သာမက အနာဂတ်မျိုးဆက်သစ်များအတွက်ပါ ထည့်သွင်းစဉ်းစား စီမံခန့်ခွဲဆောင်ရွက်ရမည်ဖြစ်သည့်အတွက်ကြောင့် မြေသယံဇာတများ စီမံခန့်ခွဲရေးလုပ်ငန်းနယ်ပယ်သည် အလွန်ကြီးမားကျယ်ပြန့်ပါကြောင်း။

### ဟန်ချက်ညီစွာအကောင်အထည်ဖော်

မြေသယံဇာတများသည် နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်ရည်မှန်းချက်ချမှတ်ပြီး အထူးအလေးထား စီမံအုပ်ချုပ်အသုံးချရမည့် အရင်းအမြစ်များ ဖြစ်ပါကြောင်း၊ မြေအရင်းအမြစ်များကို စနစ်တကျအသုံးချ စီမံခန့်ခွဲနိုင်သည်နှင့်အမျှ ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ပြည့်ဝလာရန်၊ လူမှုစီးပွားဘဝမြင့်မားလာရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာရန် ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

မြေသယံဇာတများ စီမံခန့်ခွဲရာတွင် စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေးရာနှင့် လူမှုရေးဆိုင်ရာ ရှုထောင့်စုံမှ သုံးသပ်ပြီး မှန်ကန်ပြည့်စုံသည့် မူဝါဒ၊ ခိုင်မာသည့် ဥပဒေမူဘောင်နှင့် စွမ်းရည်ရှိသော မြေစီမံအုပ်ချုပ်ရေးစနစ်များကို ချမှတ်ကျင့်သုံး အကောင်အထည်ဖော်ရန် ကိစ္စမှာ လွန်စွာအရေးကြီးပါကြောင်း။

မြန်မာနိုင်ငံတွင် ယခင်က တိကျစွာပြဋ္ဌာန်းထားသော မြေအသုံးချမှုမူဝါဒ မရှိခဲ့မှု အပါအဝင် ခေတ်အဆက်ဆက် မြေယာစီမံခန့်ခွဲမှု အားနည်းခဲ့သည့်အတွက် အစိုးရ၊ ပြည်သူနှင့် ရင်းနှီးမြှုပ်နှံသူများအကြား မြေယာအသုံးပြုမှု ပြဿနာများ ပေါ်ပေါက်ခြင်း၊ စက်မှု၊ သတ္တုတူးဖော်ရေး၊ ခရီးသွားလာရေး၊ စိုက်ပျိုးရေး၊ သစ်တော၊ မြို့ပြများစသည့် ကဏ္ဍများအကြား မြေယာအငြင်းပွားမှုများ ပေါ်ပေါက်ခြင်း၊ စနစ်တကျစီစဉ်မထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် လုံလောက်သည့် မြေရေယာ အကျယ်အဝန်းကို တစ်ဆက်တစ်စပ်တည်း ရရှိရန်ခက်ခဲခြင်း၊ မြေဈေးများအဆမတန်မြင့်တက်လာခြင်းတို့ကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးလာပါကြောင်း။

မြေအသုံးချမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ မြေပုံများတိကျပြည့်စုံမှုမရှိခြင်းတို့ကြောင့် စီမံခန့်ခွဲသူများနှင့် ပြည်သူများအကြား လုပ်ကိုင်ခွင့်၊ ပိုင်ဆိုင်ခွင့် အငြင်းပွားခြင်း၊ မြေမဲ့ယာမဲ့နှင့် မြေကျူးကျော်မှုများ ဖြစ်ပွားခြင်းစသည့် မြေယာပြဿနာများကိုလည်း ရင်ဆိုင်ခဲ့ရပါကြောင်း။

ထို့အပြင် မြေယာနှင့် ဆက်စပ်သော အစိုးရဌာနများ၊ အဖွဲ့အစည်းများကြား၌ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မှု အားနည်းခဲ့ပြီး မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်နေကြမှုများနှင့် ကဏ္ဍနှင့် ဒေသပေါင်းစပ်ညှိနှိုင်းမှု မရှိကြသည့်အတွက် မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများ၊ အငြင်းပွားမှုများ များစွာပေါ်ပေါက်ခဲ့ရပါကြောင်း၊ မြေယာသိမ်းဆည်းမှုများ၊ အငြင်းပွားမှုများ၊ တိုင်တန်းမှုများမှာလည်း များပြားလာခဲ့ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ဖြေရှင်းရမည့် နည်းလမ်းများသည်လည်း ရှုပ်ထွေးများပြားမှုရှိသည့်အတွက် မြေယာစီမံအုပ်ချုပ်မှုတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပြီး အကျိုးဆက်အနေဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတားဖြစ်ခဲ့ပါကြောင်း။

### ဖွံ့ဖြိုးမှုရည်မှန်းချက်များ

မြေနှင့် သယံဇာတ သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့ရန်၊ ရာသီဥတု ဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များ လျော့ချရန်၊ တစ်ချိန်တည်းမှာပင် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုတိုးတက်ရန် ယခုထက်ပိုပြီး စီးပွားရေးရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသခံပြည်သူများ၏ မြေ ရယူသုံးစွဲမှုခိုင်မာမှုရှိရန်၊ မြေယာမှတ်ပုံတင်မှုများအမှားကင်းကင်းနှင့် ထိရောက်မြန်ဆန်မှုရှိလာစေရန်အတွက် မြေယာမူဝါဒ၊ မြေယာဥပဒေများ ယခုထက်ပိုမိုထိရောက် အားကောင်းစေရန်နှင့် ထိရောက်သော မူဝါဒဥပဒေအကောင်အထည်ဖော်မှုများ ဖြစ်ပေါ်လာ စေရန်၊ မြေယာသတင်းအချက်အလက် စီမံခန့်ခွဲသော စနစ်အားကောင်းပြီး မြေယာသတင်းအချက်အလက်များနှင့် အမျိုးသားမြေပုံစနစ် တည်ထောင်အသုံးချခြင်းအားဖြင့် တိကျမှန်ကန်သည့် မြေယာသတင်းအချက်အလက်များကို အလွယ်တကူရယူအသုံးပြုနိုင်ရေး ဆောင်ရွက်ရန်၊ ဆက်စပ်ဝန်ကြီးဌာနများအကြား တစ်ဖွဲ့ချင်းနှင့် အစုအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန်၊ မြေယာနှင့် သယံဇာတအရင်းအမြစ်များနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များ ယခုထက်ပိုပြီး မဟာဗျူဟာကျမှု လက်တွေ့ကျကျ ပိုမိုထိရောက်စွာ ချမှတ်ဆောင်ရွက်နိုင်ရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ ရေရှည်တည်တံ့သည့် ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီရန်အတွက် ယခုအချက်များအားလုံးဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းရန် လိုအပ်ပါကြောင်း။

မြေအသုံးချမှု မူဝါဒသည် မြေယာနှင့် အရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ မြေယာလုပ်ပိုင်ခွင့် ခိုင်မာရေး၊ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကို အသိအမှတ်ပြု အကာအကွယ်ပေးရေး၊ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ ငွေကြေးအကုန်အကျသက်သာမှုနှင့် လွတ်လပ်မှုရှိသည့် မြေယာအမှုအခင်းများ ဖြေရှင်းဆုံးဖြတ်သည့် လုပ်ငန်းစဉ်များ ထူထောင်ရေး၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် မြေအသုံးချမှု စီမံခန့်ခွဲမှုတို့ ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားမြေဥပဒေရေးဆွဲပြီး တည်ဆဲမြေယာဥပဒေများကို သဟဇာတဖြစ်အောင် ဆောင်ရွက်ရေးတို့ကို ရည်ရွယ်ထားပြီး မူဝါဒလမ်းညွှန်ချက် အသေးစိတ်များ ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း။

> **“စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပြီး ပြည်သူ့အကျိုးပြုနိုင်မည့် လက်တွေ့ကျသော မူဝါဒ၊ တရားမျှတသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုပုံစံများ ဖြစ်လာအောင် ပြောင်းလဲပြုပြင်သွားရမည်”**

### လူထုအကျိုးစီးပွား

မြန်မာနိုင်ငံတွင် မြေနှင့်ဆက်စပ်ပြီး စီမံခန့်ခွဲ လုပ်ကိုင်ဆောင်ရွက်နေသည့် အစိုးရဌာန၊ အဖွဲ့အစည်းများရှိပြီး အဆိုပါဌာနအဖွဲ့အစည်းများက ပြဋ္ဌာန်းကျင့်သုံးနေသည့် မြေနှင့်ဆက်စပ်သည့် ဥပဒေများ သဟဇာတဖြစ်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျင့်သုံးနေသည့် မြေအရင်းအမြစ်ဥပဒေများနှင့် စီမံခန့်ခွဲပုံအချို့မှာ သက်တမ်းနှစ်ပေါင်းရာချီရှိခဲ့ပြီဖြစ်၍ ယနေ့ခေတ်၏ အခြေအနေများနှင့် ကိုက်ညီဆီလျော်မှု၊ လူထုအကျိုးစီးပွားသယ်ပိုးနိုင်မှု၊ တရားမျှတမှု၊ ရှုထောင့်များမှနေအလေးထား ဆန်းစစ်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပြီး ပြည်သူ့အကျိုးပြုနိုင်မည့် လက်တွေ့ကျသော မူဝါဒ၊ တရားမျှတသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုပုံစံများ ဖြစ်လာအောင် ပြောင်းလဲပြုပြင်သွားရမည် ဖြစ်ပါကြောင်း၊ မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသည့် လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး အဆိုပါဥပဒေများကို လွှမ်းခြုံသည့် သဟဇာတဖြစ်မည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပေးရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေအသုံးချမှုဆိုင်ရာ စီမံကိန်းများ၊ မြို့ပြကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် တိကျသည့် မူဝါဒ၊ စီမံကိန်း၊ စီမံချက်နှင့် လုပ်ငန်းစဉ်များ ချမှတ်ပြီး မြေယာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ဆောင်ရွက်မှသာ မြေယာအငြင်းပွားမှုများ လျော့နည်းလာပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများလည်းတိုးတက် များပြားလာမည် ဖြစ်ပါကြောင်း။

### စွမ်းရည်မြှင့်တင်ခြင်း

မြေယာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုကောင်းမွန်ရေးအတွက် အချက် ၃ ချက် လိုအပ်ပါကြောင်း၊ ပထမအချက်မှာ လူထုအတွင်း မြေစီမံခန့်ခွဲမှုဆိုင်ရာ အသိအမြင် မြင့်မားလာရေးအတွက် လုပ်ပိုင်ခွင့်များ စနစ်တကျ အပ်နှင်းခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်း ဖြစ်ပါကြောင်း၊ ဒုတိယအချက်မှာ တာဝန်ယူခြင်းနှင့် တာဝန်ခံမှုများဖြစ်ပေါ်ခြင်း ဖြစ်ပါကြောင်း၊ တတိယအချက်မှာ ဓမ္မဓိဋ္ဌာန်ကျသည့် ဥပဒေရေးရာ မူဘောင် ဖြစ်ပါကြောင်း။

ထို့အပြင် ထိရောက်သော မြေယာစီမံခန့်ခွဲမှုတစ်ရပ် ပေါ်ထွန်းလာရေးအတွက် အမျိုးသားမြေအသုံးချမှုကောင်စီ အနေဖြင့် ရေတိုရေရှည်လုပ်ငန်းစဉ်များ ပါဝင်မည့် မြေအသုံးချမှုဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကိုလည်း တတ်ကျွမ်းသည့်ပညာရှင်များ၏ အကူအညီနှင့် ပွင့်လင်းမြင်သာပြီး အကျိုးသက်ဆိုင်သူများ၏ လိုလားချက်များ၊ ယင်းတို့၏ ပါဝင်မှုများနှင့် ရေးဆွဲရန်လိုအပ်ပါကြောင်း၊ သို့မှသာ တစ်ဖက်ကလည်း တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်နေသည့် မြေယာအမှုအခင်းများကို ချက်ချင်းဖြေရှင်းဆောင်ရွက်နေချိန်၌ တစ်ဖက်ကလည်း မြေယာစီမံခန့်ခွဲမှု အားကောင်းလာစေမည့် ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ချဉ်းကပ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် F-7 တိုက်လေယာဉ်မှူး ဗိုလ်မှူးအာကာဝင်း၏ဇနီးထံသို့ အားပေးစကားပေးပို့ခဲ့

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က F-7 တိုက်လေယာဉ်မှူး ဗိုလ်မှူးအာကာဝင်း၏ဇနီး ဒေါ်မြတ်မြတ်သစ်ထံသို့ အားပေးစကားပေးပို့ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ စာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**

စာအမှတ်၊ (၁)/၁/အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ရက်စွဲ၊ ၂၀၁၈ ခုနှစ် ဧပြီလ ၄ ရက်

**သို့**

**ဒေါ်မြတ်မြတ်သစ်**
**ဗိုလ်မှူးအာကာဝင်း၏ဇနီး**

အကြောင်းအရာ။ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း အားပေးစကားပေးပို့ခြင်း

၁။ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်း၌ တောင်ငူလေတပ်စခန်းဌာနချုပ်မှ တိုက်လေယာဉ်မှူး ဗိုလ်မှူး အာကာဝင်းသည် F-7 လေယာဉ်ဖြင့် လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်းခဲ့သော်လည်း မိမိ၏အသက်ရှင်သန်လွတ်မြောက်ရေးကို ပဓာနမထားဘဲ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပြီး ကျဆုံးသွားခဲ့ရကြောင်း ကြားသိရပါသည်။

၂။ ဤကဲ့သို့ စွမ်းဆောင်ရင်း ကျဆုံးခဲ့ရသည့်အတွက် ကျန်ရစ်သူ သမီးမမြတ်မြတ်သစ်တို့မိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါကြောင်း မေတ္တာဖြင့် အားပေးစကားပြောကြားလိုက်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးလွင်ဦး | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး<br>အမျိုးသားလွှတ်တော် |
| (ခ) | ဦးခင်လတ်ကြီး | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးမှ သံအမတ်၊ ဒုတိယအမြဲတမ်းကိုယ်စားလှယ်(ဒုတိယညွှန်ကြားရေးမှူးချုပ်)ဦးဟောက်ခန့်ဆုမ်းကို အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

*စာမျက်နှာ ၄ မှ*

လက်ရှိအစိုးရကာလ၌ လယ်ယာမြေဥပဒေ ပြင်ဆင်သည့်ဥပဒေ၊ မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲသည့်ဥပဒေ ပြင်ဆင်သည့်ဥပဒေ၊ မြေသိမ်းဥပဒေအသစ်၊ သစ်တောဥပဒေ အသစ်တို့ကို ပြင်ဆင်ရေးဆွဲသည့်နေရာတွင် အချင်းချင်းသဟဇာတဖြစ်မှု အားကောင်းရန် လိုနေသည်ကို တွေ့ရပါကြောင်း၊ ဥပဒေများကို ပိုပြီးသဟဇာတ ဖြစ်လာရန် မြေအသုံးချမှုကောင်စီ၏ လမ်းညွှန်မှုနှင့် အမျိုးသားမြေအသုံးချမှုမူဝါဒက လမ်းညွှန်ထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**စိစစ်အကဲဖြတ်**

မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် မြေယာအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ်ဖြစ်ပေါ်လာနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းနှင့် ပူးပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ မြေယာကဏ္ဍ လိုအပ်ချက်များအပေါ် စိစစ်အကဲဖြတ်မှုများ ပြုလုပ်လျက်ရှိပါကြောင်း။

အဆိုပါ စိစစ်အကဲဖြတ်ခြင်းများမှာ မြေယာမူဝါဒနှင့် စီမံခန့်ခွဲမှုဆိုင်ရာ မူဘောင်များ၊ သစ်တောမြေစီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ခြင်း၊ မြေယာစီမံခန့်ခွဲခြင်း၊ ပထဝီသတင်းအချက်အလက်ဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများနှင့် မြေ၊ အဆောက်အအုံ တန်ဖိုးသတ်မှတ်ခြင်းနှင့် အခွန်စည်းကြပ်ကောက်ခံခြင်းဆိုသည့် ကဏ္ဍများကို အခြေခံပြီး ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

**ဖော်ထုတ်ဆောင်ရွက်**

ယခုအစည်းအဝေးတွင် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် မိမိတို့လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြေအသုံးချမှု မူဝါဒဆိုင်ရာ လုပ်ငန်းများ၊ စီမံကိန်းများနှင့် ဒေသအလိုက် ကြုံတွေ့နေရသည့် အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးရန်နှင့် အဆိုပါ ဆွေးနွေးမှုများကို အခြေခံပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ၊ အမျိုးသားမြေ အသုံးချမှုဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အမျိုးသားမြေအသုံးချမှုကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အမျိုးသားမြေအသုံးချမှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ယင်းနောက်အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တတိယအကြိမ်မြောက် မဲခေါင်မြစ်ကော်မရှင်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဧပြီ ၆**

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမ်မြို့၌ ဧပြီ ၄ ရက်မှ ၅ ရက်အထိ ကျင်းပသည့် တတိယအကြိမ်မြောက် မဲခေါင်မြစ်ကော်မရှင် ထိပ်သီးအစည်းအဝေးနှင့် ဝန်ကြီးအဆင့် အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့ တက်ရောက်သည်။

တတိယအကြိမ်မြောက် မဲခေါင်မြစ်ကော်မရှင် ထိပ်သီးအစည်းအဝေးကို ဧပြီ ၅ ရက်က Sokha Siem Reap Resort and Convention center ၌ "Enhancing Joint Efforts and Partnerships towards Achievement of the Sustainable Development Goals in the Mekong River Basin-One Mekong, One Sprit" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်က အဖွင့်မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ မဲခေါင်မြစ်ကော်မရှင် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ် ချန်အိုချာ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင် စွမ်းဖုတို့က မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးဖက်နိုင်ငံများ ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရေသယံဇာတဝန်ကြီး H.E. E Jingpin က လည်းကောင်း၊ မြန်မာနိုင်ငံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများမှ အဆင့်မြင့် ကိုယ်စားလှယ်များက လည်းကောင်း မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မဲခေါင်မြစ်ကော်မရှင်သည် မဲခေါင်မြစ်ဝှမ်းဒေသ ရေရှည်စီမံခန့်ခွဲမှုအတွက် အရေးပါသော မြစ်ဝှမ်းဒေသတစ်ခုလုံး လွှမ်းခြုံသည့် ချဉ်းကပ်မှုနည်းလမ်းဖြင့် မြစ်ဝှမ်းဒေသအထက်ပိုင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း အလားတူ မြစ်ဝှမ်းဒေသ စီမံခန့်ခွဲမှုဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းကို အမျိုးသားအဆင့်ရေမူဝါဒနှင့်အညီ ဆောင်ရွက်နေခြင်းအား အသိပေးလိုပါကြောင်း၊ ဤထိပ်သီးအစည်းအဝေး၏ ရလဒ်သည် မဲခေါင်ပြည်သူအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းကြိုးပမ်းမှုများကို အထောက်အကူပြုမည်ဖြစ်ကြောင်း။

အနာဂတ်တွင် မြန်မာနိုင်ငံနှင့် မဲခေါင်မြစ်ကော်မရှင်အကြား ပူးပေါင်းဆောင်ရွက်မှုများကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ တစ်ဆင့် မြှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသနှင့် ဧရာဝတီ မြစ်ဝှမ်းဒေသအကြား တူညီမှုများနေပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများရှိနေပါကြောင်း၊ မဲခေါင်မြစ်ဒေသတွင် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုသည် မဲခေါင်မြစ်ဝှမ်းဒေသရှိ ရေနှင့် အခြားအရင်းအမြစ်များအပေါ် စိန်ခေါ်မှုများ ကြုံတွေ့နေရသကဲ့သို့ မြန်မာနိုင်ငံရှိ အဓိကအရေးပါသည့် ဧရာဝတီမြစ်ဝှမ်းဒေသတွင် အလားတူ စိန်ခေါ်မှုများ ဖြစ်ပေါ်နေပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ တိုးတက်လာသည့် လူဦးရေ၊ မြို့ပြပိုမိုဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရေလိုအပ်မှုများနှင့် မြစ်ဝှမ်းဒေသတွင်း ရေကြီးမှု ထိန်းချုပ်ရေးတို့သည် တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များအပေါ် များစွာသက်ရောက် ခံစားရလျက်ရှိပါကြောင်း။

မဲခေါင်မြစ်ဒေသသည် အမျိုးမျိုးသော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့်နေရာဖြစ်ပါကြောင်း၊ မဲခေါင်မြစ်ကော်မရှင်အပြင် လန်းချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းများအကြား အခြားပူးပေါင်းဆောင်ရွက်မှုများကို မဲခေါင်မြစ်နိုင်ငံများနှင့် အမေရိကန်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနှင့် အခြားနိုင်ငံများအကြားတွင်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံသည် တက်ကြွသော မိတ်ဖက်နိုင်ငံအဖြစ် မဲခေါင်မြစ်ကော်မရှင်အဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်မြစ်ကော်မရှင်အတွင်းရေးမှူးချုပ်ရုံးတို့နှင့် ပူးပေါင်းဆောင်ရွက်ကာ မဲခေါင်မြစ်ကော်မရှင်၏ Whole Basin နည်းလမ်းကို ထောက်ခံ၍ ရေခွဲဝေသုံးစွဲသည့် အထက်ပိုင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တတိယအကြိမ် မဲခေါင်ကော်မရှင် ထိပ်သီး အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။** သတင်းစဉ်

မဲခေါင်မြစ်ကော်မရှင် ထိပ်သီးအစည်းအဝေးတွင် ကော်မရှင်၏ အနာဂတ်လုပ်ငန်းစဉ်များ၊ ၁၉၉၅ ခုနှစ် မဲခေါင်သဘောတူညီချက်အပေါ် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ရရှိရေးအတွက် အထောက်အကူပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ မဲခေါင်မြစ်ဝှမ်းဆိုင်ရာ ရေအရင်းအမြစ်၊ ရေအရင်းအမြစ်နှင့် ဆက်စပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ ခိုင်မာစေရန် မဲခေါင်ဒေသ နိုင်ငံများ အချင်းချင်း ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်း ရေကြီးခြင်း၊ မိုးခေါင်ခြင်းအပါအဝင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများအကြား ပူးပေါင်းမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စများ ဆွေးနွေးကြပြီး မဲခေါင်မြစ်နိုင်ငံ အဖွဲ့ဝင်နိုင်ငံများအတွက် "Siem Reap Declaration" ကို ထုတ်ပြန်ကြေညာခဲ့သည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများသည် ဧပြီ ၄ ရက်တွင် ကျင်းပသည့် ဝန်ကြီးအဆင့်အစည်းအဝေးသို့ ဆွေးနွေးဖက်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများအဖြစ် တက်ရောက်ခဲ့ပြီး ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုပ်မြင်သံကြားအစီအစဉ်များ နိုင်ငံတစ်ဝန်းမှ ကြည့်ရှုနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ရှင်မင်း

**ပြည်တွင်းမီဒီယာဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကမီဒီယာလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လိုသူများအတွက် ရုပ်သံလိုင်းငါးလိုင်းကို Digital Free to Air စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး စီစဉ်ပေးနိုင်ခဲ့မှုမှာ လက်ရှိအစိုးရသက်တမ်း ဒုတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ၏ ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက "MRTV Multi Channel Playout System တွင် DVB-T2 စနစ်ဖြင့် ရုပ်သံလိုင်းငါးလိုင်း ထည့်သွင်းထုတ်လွှင့်သည့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း" သဘောတူစာချုပ် (မူကြမ်း) ကို ရေးဆွဲကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ရာ ၃၀-၁-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၈) မှတစ်ဆင့် သဘောတူခွင့်ပြုချက် ရရှိခဲ့သည့်အတွက် MRTV နှင့် Content Provider ငါးဦးတို့သည် ၁၇-၂-၂၀၁၈ ရက်နေ့တွင် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေကြစဉ်။

**ရသစုံရုပ်သံလိုင်းများ**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ Digital စနစ်ဖြင့် ထုတ်လွှင့်သော မူလရုပ်သံလိုင်းများ အပြင် ရုပ်သံလိုင်းသစ်ငါးလိုင်းအား တိုးချဲ့ထုတ်လွှင့်ပေးနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် သတင်း၊ ရသ၊ ဗဟုသုတများ ပါဝင်သည့် ရသစုံ ရုပ်သံလိုင်းများထဲမှ မိမိနှစ်သက်သလို ရွေးချယ်ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

မီဒီယာကဏ္ဍ ဖွံ့ဖြိုးစေရေးအတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ကဏ္ဍပေါင်းစုံမှ ပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့များနှင့် ပူးပေါင်းကာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး ပထမအကြိမ် ဆွေးနွေးပွဲကို ၂၇-၅-၂၀၁၆ ရက်နေ့နှင့် ၂၈-၅-၂၀၁၆ ရက်နေ့တွင် လည်းကောင်း၊ ဒုတိယအကြိမ်ဆွေးနွေးပွဲကို ၁၆-၁၂-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ တတိယအကြိမ် ဆွေးနွေးပွဲကို ၇-၃-၂၀၁၇ ရက်နေ့တွင် လည်းကောင်း ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

၂၈-၈-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ (Broadcasting Law) ကို ဥပဒေအရ ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်စေရေး ပြန်လည်ပြင်ဆင်ရန်လိုအပ်ခြင်း၊ နည်းဥပဒေရေးဆွဲရေး ဆောင်ရွက်နေဆဲကာလ ဖြစ်ခြင်းတို့ကြောင့် "ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ" ကို ပြင်ဆင်ပြဋ္ဌာန်းရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဆောင်ရွက်ခဲ့ပါသည်။

ပြည်သူ့လွှတ်တော်တွင် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးနိုင်ရန် တင်ပြထားပြီး အဆိုပါဥပဒေပြင်ဆင်ချက်(မူကြမ်း)အား ပြည်သူများ လေ့လာနိုင်ရန် ၁၄-၁၁-၂၀၁၇ ရက်နေ့၌ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပါသည်။ အဆိုပါဥပဒေပြင်ဆင်ချက်အား အတည်ပြုပြီးပါက ဥပဒေနှင့်အညီ ဆက်လက်တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**နေ့စဉ် ၁၇ နာရီ ထုတ်လွှင့်ပေးလျက်ရှိ**

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုနှင့်အတူ ပြည်သူများအတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဆောင်ပုဒ်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိရာတွင် ပြန်ကြားပေးရေးဆိုင်ရာကဏ္ဍကို ၄၅ ရာခိုင်နှုန်း၊ ပညာပေးရေးဆိုင်ရာ ၂၀ ရာခိုင်နှုန်းနှင့် ဖျော်ဖြေပေးရေးဆိုင်ရာ ၃၅ ရာခိုင်နှုန်း စသည်ဖြင့် ရာခိုင်နှုန်းများ သတ်မှတ်ကာ သတင်းနှင့် ရုပ်မြင်သံကြားမှတ်တမ်းတင်အစီအစဉ်များ၊ ပညာပေးအစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များကို ပြည်သူများအတွက် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ နေ့စဉ် ၁၇ နာရီ ထုတ်လွှင့်ပေးလျက်ရှိပါသည်။

သတင်းထုတ်လွှင့်မှုတွင် ပြည်တွင်းသတင်း၊

## ❖ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် အဓိက လိုအပ်လျက်ရှိသော ငြိမ်းချမ်းရေးဖော်ဆောင်မှု အစီအစဉ်များကို တိုင်းရင်းသား ပြည်သူလူထုအတွင်း အလွယ်တကူ နားလည်သဘောပေါက်နိုင်သည့် ဖျော်ဖြေရေးအစီအစဉ်ကောင်းများ ရိုက်ကူးထုတ်လွှင့်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အလွှာအသီးသီးမှ လူငယ်များနှင့် ပြည်သူများ၏ ငြိမ်းချမ်းရေးစကားဝိုင်းများကို တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိပါသည်

နိုင်ငံတကာသတင်း၊ လွှတ်တော်သတင်းနှင့် မိုးလေဝသသတင်းများ အစရှိသည့် သတင်းများကို နံနက် ၇ နာရီမှ ည ၈ နာရီအထိ သတင်းချိန် ရှစ်ကြိမ် တိုက်ရိုက်ထုတ်လွှင့်လျက်ရှိပါသည်။

သတင်းများကို မြန်မာ့သတင်းစဉ် အပါအဝင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ပြည်နယ်များမှ သတင်းဗျူရိုများမှ ရယူဆောင်ရွက်လျက်ရှိပြီး လွှတ်တော်ကဏ္ဍအတွက်လည်း လွှတ်တော်သတင်းအဖွဲ့ထားရှိကာ သတင်းရယူ ဆောင်ရွက်လျက်ရှိပါသည်။

"ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်းနဲ့ လွှတ်တော်သတင်းစသဖြင့် သတင်းတွေကို ထုတ်လွှင့်လျက်ရှိတဲ့အပြင် ရန်ကုန် Stock Exchange မှ ရှယ်ယာဈေးနှုန်းတွေ၊ ဗဟိုဘဏ်က ငွေကြေးလဲလှယ်နှုန်းတွေ၊ နေ့စဉ်လယ်ယာထွက်ကုန်သီးနှံဈေးနှုန်းတွေ စတဲ့သတင်းတွေကိုလည်း ဖော်ပြပေးနေပါတယ်။

သတင်းနဲ့ ဆက်စပ်အစီအစဉ်တွေအဖြစ် လူမှုစီးပွားအစီအစဉ်၊ မျက်မှောက်ရေးရာအဖြာဖြာအစီအစဉ်၊ Weekly Sport အစီအစဉ်တွေ ထုတ်လွှင့်လျက်ရှိပါတယ်၊ ဒါ့အပြင် Mizzima Media က မြန်မာ့အသိုက်အဝန်းထဲမှ မြန်မာအမျိုးသမီးများအစီအစဉ်၊ ရသများဖြင့် ခရီးသွားခြင်း အစီအစဉ်၊ Myanmar Cable Network မှ လူငယ်အစီအစဉ်၊ မြစ်မခမီဒီယာမှ ပတ်ဝန်းကျင်မှ သင်ယူခြင်း၊ စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ ကျန်းမာဖို့အစီအစဉ်တွေကို ထုတ်လုပ်မှုစရိတ် ပေးချေဝယ်ယူအသုံးပြုလျက်ရှိပါတယ်"ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြောပြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းဌာနကလည်း တိုင်းရင်းသားလူမျိုးများ၏ ဒေသသတင်းများ ရိုက်ကူးထုတ်လွှင့်ခြင်းများ၊ တိုင်းရင်းသားဘာသာ ၁၁ ဘာသာဖြင့် ခရီးသွားအစီအစဉ်များ၊ ရိုးရာအစားအစာအစီအစဉ်များ၊ ရိုးရာဝတ်စားဆင်ယင်မှုအစီအစဉ်များနှင့် ပျောက်ကွယ်လုနီးပါး တိုင်းရင်းသား ဝေါဟာရအစီအစဉ် ရိုက်ကူးထုတ်လွှင့်ပြသခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်**

တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ မကွယ်ပျောက်စေရန်နှင့် ပြည်သူများရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရန်အတွက် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် စဉ်ဆက်မပြတ် ရိုက်ကူးထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအားလုံးအတွက် အဓိက လိုအပ်လျက်ရှိသော ငြိမ်းချမ်းရေးဖော်ဆောင်မှု အစီအစဉ်များကို တိုင်းရင်းသား ပြည်သူလူထုအတွင်း အလွယ်တကူ နားလည်သဘောပေါက်နိုင်သည့် ဖျော်ဖြေရေး အစီအစဉ်ကောင်းများ ရိုက်ကူးထုတ်လွှင့်ပေးလျက်ရှိသည့်အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အလွှာအသီးသီးမှ လူငယ်များနှင့် ပြည်သူများ၏ ငြိမ်းချမ်းရေးစကားဝိုင်းများကို တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိပါသည်။

ငြိမ်းချမ်းရေးစကားဝိုင်းအပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံကြိုဆိုသောအားဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ မကွေး၊ နေပြည်တော်၊ မန္တလေး၊ ဘားအံ၊ ကလေးမြို့ စသည့်မြို့ကြီး ၁၁ မြို့တွင် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးဆောင်ကျင်းပကာ ကျင်းပခဲ့သည့် ပွဲစဉ် ၂၁ ပွဲကို တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။

**စိတ်ဝင်စားဖွယ်ရိုက်ကူးထား**

မြန်မာနိုင်ငံ၏ ပြောင်းလဲနေသော အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ ပျံ့နှံ့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် MITV Channel ကိုလည်း အင်္ဂလိပ်ဘာသာရပ်ဖြင့် ထုတ်လွှင့်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ထူးခြားလှပသော နေရာဒေသများနှင့် နိုင်ငံခြားသားဧည့်သည်များအတွက် ဆွဲဆောင်နိုင်သော အလှအပရှုခင်းများကို ခရီးသွားအစီအစဉ်များ၊ မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ရိုးရာယဉ်ကျေးမှုအစီအစဉ်များ၊ တိုင်းရင်းသား လူမျိုးနွယ်စုများ၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အစရှိသည့် အစီအစဉ်များ၊ မြန်မာနိုင်ငံရှိ ထင်ရှားကျော်ကြားသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ဘဝနှင့် ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများကို စိတ်ဝင်စားဖွယ်ရိုက်ကူးထားသည့် အစီအစဉ်များနှင့် အခြားစိတ်ဝင်စားဖွယ်အစီအစဉ်များကို Documentary အစီအစဉ်များ၊ ယနေ့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာ၊ အဖြစ်အပျက်များကို Today Myanmar အစီအစဉ်အဖြစ် လည်းကောင်း ရိုက်ကူးထုတ်လွှင့်လျက်ရှိပါသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း (Farmer Channel) မှလည်း တောင်သူလယ်သမားများအတွက် အစီအစဉ်များကို ရိုက်ကူးထုတ်လွှင့်ပေးလျက်ရှိရာ စိုက်ပျိုးရေးဆိုင်ရာ သတင်းရစ်ပုဒ်ကို လေးနာရီခြား တစ်ကြိမ် (တစ်နေ့လျှင် လေးကြိမ်) ထုတ်လွှင့်ပေးလျက်ရှိသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် မွေးမြူရေးအစီအစဉ်(အဟောင်း) ၃၆ ခု၊ (အသစ်) ၃၆ ခု၊ သစ်တောအစီအစဉ် (အဟောင်း) ၇၈ ခု၊ (အသစ်) ၁၄ ခု၊ MRTV Farmer Channel မှရိုက်ကူးထုတ်လုပ်သည့် စိုက်ပျိုးရေးအစီအစဉ် (အသစ်) ၂၀၅ ခု၊ မွေးမြူရေးအစီအစဉ် ၁၀ ခု၊ အစီအစဉ်စုစုပေါင်း ၁၆၁၄ ခုဖြင့် ထုတ်လွှင့်ပေးလျက်ရှိပြီး နှစ်နှစ်တာ ကာလအတွင်း Main Content Provider ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ အစီအစဉ်သစ် စုစုပေါင်း ၄၅၃ ခုနှင့် Farmer Channel မှ ရိုက်ကူးထုတ်လွှင့်ခဲ့သည့် အစီအစဉ်သစ် စုစုပေါင်း ၁၅၇ ခု ထုတ်လွှင့်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ထို့ပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Australian Broadcasting Corporation (ABC) တို့ပူးပေါင်း၍ စားနပ်ရိက္ခာဖူလုံရေးအစီအစဉ်များကို ရုပ်မြင်သံကြားအစီအစဉ် ခြောက်ခု၊ ရေဒီယို အစီအစဉ် ၁၀ ခု နှင့် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ အများပြည်သူဝန်ဆောင်မှု အသိပေးကြေညာချက် ၂၀ တို့ကို ဆောင်ရွက်ခဲ့ပါသည်။ အလားတူ BBC Media Action နှင့် ပူးပေါင်း၍ ရွှေ့ပြောင်းလုပ်သားများအတွက် "ရေကြည်ရာ" အစီအစဉ်ကို ၁၇-၉-၂၀၁၇ ရက်နေ့မှစ၍ အပတ်စဉ် ထုတ်လွှင့်လျက်ရှိပါသည်။

**ရုပ်သံလိုင်း ၁၈ လိုင်းသို့ တိုးချဲ့ထုတ်လွှင့်**

ထို့အတူ Internews နှင့် ပူးပေါင်း၍ "မျှဝေခံစား လူမှုစီးပွား" အစီအစဉ်ကို ၁၇-၃-၂၀၁၈ ရက်နေ့မှစ၍ အပတ်စဉ် ထုတ်လွှင့်လျက်ရှိပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ၂၄-၃-၂၀၁၈ ရက်နေ့မှစ၍ ဒီဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်နေသော ရုပ်သံလိုင်း ၁၄ လိုင်းကို ရုပ်သံလိုင်း ၁၈ လိုင်းသို့ တိုးချဲ့ထုတ်လွှင့်နိုင်ခဲ့ပြီး TV လွှင့်စက်နှင့် Radio လွှင့်စက်များအတွက် အပိုပစ္စည်းများ ဖြည့်တင်းဝယ်ယူထားရှိကာ ချွတ်ယွင်းမှုဖြစ်ပေါ်သော လွှင့်စက်များကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်နိုင်ခဲ့သဖြင့် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များကို ပြတ်တောက်မှုမရှိဘဲ ထုတ်လွှင့်ပေးလျက်ရှိပါသည်။

"MRTV အနေနဲ့ Analogue ကနေပြောင်းလဲထုတ်လွှင့်နေပါတယ်၊ ဒီနှစ်ထဲမှာ DVB-T2 လွှင့်စက်တွေနဲ့ ပြောင်းလဲထုတ်လွှင့်ခဲ့တာရှိပါတယ်၊ DVB-T2 လွှင့်စက်တွေကို ရခိုင်ပြည်နယ် မအီစက်ရုံမှာ ၂၀-၁-၂၀၁၈ ရက်နေ့မှာ၊ ကချင်ပြည်နယ် ဆဒုံးစက်ရုံမှာ ၂၈-၁-၂၀၁၈ ရက်နေ့မှာ၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးစက်ရုံမှာ ၅-၂-၂၀၁၈ ရက်နေ့မှာ၊ ရှမ်းပြည်နယ် မိုင်းယန်းစက်ရုံမှာ ၁၅-၂-၂၀၁၈ ရက်နေ့မှာ အသီးသီး တပ်ဆင်ပြီးစီးပြီဖြစ်တဲ့အတွက် ဒီနေရာတွေမှာ ဒစ်ဂျစ်တယ်စနစ်နဲ့ MRTV ရုပ်သံလိုင်းအပါအဝင် လိုင်း ၁၄ လိုင်းကို ထုတ်လွှင့်ပေးလျက်ရှိပါတယ်"ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ စက်မှုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ရွှေသီချင်း ကြေးမုံအစီအစဉ်**

မြန်မာ့အသံ (ရေဒီယို)မှလည်း ပြည်သူများအတွက် အစီအစဉ်များစွာ ထုတ်လွှင့်ပေးလျက်ရှိပြီး မြန်မာ့အသံ (ရေဒီယို)၏ မူရင်းတေးသီချင်းများကိုစုစည်း၍ "ရေဒီယိုမူရင်း ရွှေသီချင်းကြေးမုံ"အစီအစဉ်ကို ၂၀၁၈ ခုနှစ် ဧပြီလအတွင်း စတင်ထုတ်လွှင့်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

မေယု FM ကို (ရခိုင်၊ ဘင်္ဂါလီ၊ မြန်မာ) ဘာသာတို့ဖြင့် ၁-၂-၂၀၁၇ ရက်နေ့မှစ၍ နံနက်ပိုင်းတွင် ၆ နာရီမှ ၁၀ နာရီအထိ၊ ညနေပိုင်းတွင်

*စာမျက်နှာ ၇ သို့*

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၁၂၁) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၆

**တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းဆင်းပွဲ(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၁) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့ တပ်မတော် (ကြည်း)ဗိုလ်သင်တန်းကျောင်း (ဗထူး)စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံချို စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။**




**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပုံချို စိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းဆင်းပွဲ (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၁) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။** သတင်းစဉ်

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူကာ ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးပြီးနောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၁) သီဟတပ်ခွဲမှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၉ ဗိုလ်လောင်း အာကာသန်းအား ငွေဓားဆုချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ရိပ်သာညွှေ့ခန်းမ၌ ထူးချွန်ဆုရ ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲကို ကျင်းပရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

***စာမျက်နှာ ၆ မှ***

၄ နာရီမှ ၈ နာရီအထိ ထုတ်လွှင့်ခဲ့ပြီး ထုတ်လွှင့်နေသည့် သတင်းများတွင် UEHRD ၏ ဆောင်ရွက်ချက်သတင်းများ၊ ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် စီမံဆောင်ရွက်နေမှုသတင်းများ၊ ကျန်းမာရေးဆိုင်ရာ သတင်းများ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ သတင်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ၊ နိုင်ငံတကာသတင်းများ၊ အားကစားသတင်းများနှင့် နေ့စဉ် မိုးလေဝသအခြေအနေသတင်းများအပြင် ပညာရေး၊ ကျန်းမာရေးနှင့် သဘာဝဘေးဆိုင်ရာ အသိပေးနှိုးဆော်ချက်များ ပါဝင်ကြောင်း သိရသည်။

မေယု FM အစီအစဉ်များကို ၉-၁၀-၂၀၁၇ ရက်နေ့မှစ၍ တစ်ဘာသာလျှင် မိနစ် ၄၀ နှုန်းသို့ တိုးမြှင့်လျက် နေ့စဉ် နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ တစ်နေ့လျှင် ၁၂ နာရီ ထုတ်လွှင့်လျက်ရှိပါသည်။

**တိုင်းရင်းသားအစီအစဉ်များကို ထုတ်လွှင့်**

ရေဒီယို ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးစက်ရုံတွင် ၂၅-၂-၂၀၁၈ ရက်နေ့က FM Transmitter များ တပ်ဆင်ပြီးဖြစ်၍ မြန်မာပိုင်းအစီအစဉ်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားအစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိသဖြင့် ပြည်သူများမှ အသံအရည်အသွေးကောင်းမွန်စွာဖြင့် ဖမ်းယူနားဆင်နိုင်ပြီ ဖြစ်ပါသည်။

နိုင်ငံတော်အခမ်းအနားများ၊ နေ့ကြီးရက်ကြီးများ၊ ဂုဏ်ပြုညှော့ခံပွဲများ၊ နိုင်ငံခြားမှ ဂီတပညာရှင်များ လာရောက်ဖျော်ဖြေသည့် ပွဲများတွင် ပူးပေါင်းဖျော်ဖြေတင်ဆက်ခြင်းနှင့် အခြားဝန်ကြီးဌာနများ၏ ကူညီဖျော်ဖြေပေးရန် တောင်းခံမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တေးဂီတဌာနခွဲသည် ဆောင်ရွက်ပေးလျက်ရှိရာ Mingalar Dragon Co.,Ltd တို့ ပူးပေါင်းကာ အလင်္ကာကျော်စွာရွှေပြည်အေး၏ တသသ ဂန္တဝင်တေးများ ရိုက်ကူးတင်ဆက် ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

**ညှော့ခံဖျော်ဖြေ**

မြန်မာ-စင်ကာပူ သံတမန်ဆက်ဆံရေး နှစ်(၅၀) ပြည့် အထိမ်းအမှတ်အဖြစ် စင်ကာပူနိုင်ငံ National University of Singapore မှ Yong Siew Thoh Conservatory of Music နှင့် မြန်မာ့ဂီတအနုပညာရှင်များ ပူးပေါင်းပြုလုပ်သည့် ဖျော်ဖြေပွဲများနှင့် ရန်ကုန်မြို့၌ ပထမအကြိမ် ကျင်းပပြုလုပ်သည့် အရှေ့တောင်အာရှ တေးဂီတညွှန်ကြားရေးမှူးများအဖွဲ့ (SEADOM)ညီလာခံတွင် တေးဂီတဌာနခွဲမှ မြန်မာ့ဆိုင်းဝိုင်းကြီးအဖွဲ့က ညှော့ခံဖျော်ဖြေပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ Mr. Yunosuke Yamamoto (Conductor & Composer) ဦးဆောင်သော ဂီတအနုပညာရှင်တို့နှင့်ပူးပေါင်းကာ ရန်ကုန်နှင့် နေပြည်တော်တို့တွင် ဖျော်ဖြေတင်ဆက်ခဲ့ပြီး နှစ်စဉ်နှစ်တိုင်းလည်း ပူးပေါင်းဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ နိုင်ငံတော်သံစုံတီးဝိုင်းအား နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များ လာရောက်ကာ ပူးပေါင်းဖျော်ဖြေပွဲများကို နှစ်စဉ်ပြုလုပ်နိုင်ခြင်းတို့ကြောင့် ဂျပန်နိုင်ငံအစိုးရသည် ဂျပန်သံရုံးမှ တစ်ဆင့် နိုင်ငံတော်သံစုံတီးဝိုင်း တူရိယာပစ္စည်းများဝယ်ယူရန် ဒေါ်လာ ၈၄၇၇၇ ကို တစ်နှစ်စီမံကိန်းဖြင့် လှူဒါန်းခဲ့ပါသည်။

**တိုက်ရိုက်ထုတ်လွှင့်နိုင်ရေး**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ယခုအချိန်တွင် နေပြည်တော်နှင့် ရန်ကုန်ရှိ သတင်းစတူဒီယိုအချင်းချင်းချိတ်ဆက်ထုတ်လွှင့်နိုင်ခြင်း၊ ပြင်ပနေရာများနှင့် Studio ချိတ်ဆက်ထုတ်လွှင့်နိုင်ခြင်း၊ ဗျူရိုများမှပေးပို့လာသည့် သတင်းများကို ခေတ်မီတည်းဖြတ်စက်များဖြင့် Computer Software အသုံးပြုတည်းဖြတ်ထုတ်လွှင့်နိုင်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပြီး အဆင့်မြင့်နည်းပညာသုံး ကင်မရာများ၊ Editing Software များ၊ တည်းဖြတ်စက်များ၊ သတင်းပေးပို့စနစ်များဖြင့် ရိုက်ကူးထုတ်လုပ်၍ တိုက်ရိုက်ထုတ်လွှင့်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**တိုးချဲ့ဆောင်ရွက်သွားရန် ရည်မှန်း**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် Direct to Home Network (DTH) တစ်ခုကို တစ်နိုင်ငံလုံးအနေဖြင့် တည်ဆောက်၍ ရုပ်မြင်သံကြားအစီအစဉ်များကို ဖမ်းယူမရရှိသေးသော ကျေးရွာအုပ်စုများမှ ဖမ်းယူကြည့်ရှုနိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်သွားရန် ရည်မှန်းကာ ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ ***ကျောဖုံးမှ***

ကိုလည်း တွဲဆိုင်းတချို့ကို ရပ်ဆိုင်းသွားမှာ မဟုတ်ဘဲ ပြေးဆွဲပေးသွားမှာပါ၊ သင်္ကြန်ကာလမှာ ခရီးသွားပြည်သူသွားလာမှုနည်းတဲ့ ခရီးစဉ်တွေကိုသာ ယာယီရပ်ဆိုင်းသွားမှာပါ ”ဟု မြန်မာ့မီးရထား တိုင်းအမှတ် ၇ သွားလာပို့ဆောင်ရေးဌာနခွဲမှ တိုင်းမန်နေဂျာ ဦးဇော်လွင်က ပြောသည်။

သင်္ကြန်အထူးရထားလိုက်ပါ စီးနင်းလိုသည့် ခရီးသည်များအနေဖြင့် လက်မှတ်များကို ရိုးရိုးတန်းတစ်ရက်ကြို၊ အထူးတန်းသုံးရက် ကြိုတင်ဝယ်ယူရမည်ဖြစ်သည်။ အမှတ် ၅ အဆန်အမြန်ရထား ရိုးရိုးတန်းလက်မှတ်ကိုလည်းသုံးရက် ကြိုတင်ရောင်းချပေးသွားမည်ဖြစ်ပြီး ရန်ကုန်- မန္တလေးခရီးစဉ်တွင် ရိုးရိုးတန်း လက်မှတ်များကို ငွေကျပ် ၄၆၅၀၊ အထူးတန်းကို ငွေကျပ် ၉၃၀၀ နှင့် အထူးတန်း အိပ်စင်ငွေကျပ် ၁၂၇၅၀ သတ်မှတ်ရောင်းချပေးမည်ဖြစ်ကာ အပိုကြေးပေးရန် မလိုကြောင်းလည်း သိရသည်။

သင်္ကြန်အထူးရထားများကို ရန်ကုန်- မန္တလေးနှင့် မန္တလေး- ရန်ကုန် လမ်းကြောင်းတွင် နေ့စဉ် အစုန်၊ အဆန် ပြေးဆွဲပေးမည်ဖြစ်ပြီး ရပ်နားပေးမည့် ကြားဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်နှင့် သာစည်တို့ဖြစ်သည်။ ခရီးသည်များအနေဖြင့် ကြားဘူတာမြို့များသို့ သွားလိုလျှင် ပုံမှန်ပြေးဆွဲပေးလျက်ရှိသောရထားများ၌ ခရီးစဉ်အလိုက် လိုက်ပါစီးနင်းနိုင်သည်။ ဝန်ထမ်းအထူးရထားကိုလည်း ဧပြီ ၁၂ ရက်နှင့် ၁၇ ရက်တို့တွင် ပြေးဆွဲပေးမည်ဖြစ်သည်။ ဝန်ထမ်းအထူးရထားကို ဧပြီ ၁၂ ရက် ည ၈ နာရီတွင် နေပြည်တော်-ရန်ကုန်ခရီးစဉ်နှင့် ဧပြီ ၁၇ ရက် ည ၈ နာရီခွဲတွင် ရန်ကုန်-နေပြည်တော်-မန္တလေးခရီးစဉ် ပြေးဆွဲပေးမည်ဖြစ်သည်။ သင်္ကြန်အပြီး ဧပြီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် စက်ခေါင်းနှင့် တွဲဆိုင်းများ အဆင်သင့်ထားရှိပြီး ခရီးသွားပြည်သူများ လိုအပ်မှုရှိလာလျှင် အထူးရထားများ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်း ကြိုတင်စာရင်းသွင်းနိုင်

**နေပြည်တော် မေ ၆**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး (ရန်ကုန်)တွင် “ခ” ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့် လျှောက်ထားသူများအား ယခင်က ယာဉ်မောင်းသင်တန်းဆင်းလက်မှတ် တင်ပြနိုင်မှသာ လက်ခံခွင့်ပြုလျက်ရှိရာမှ ပြည်သူများ ပိုမိုအဆင်ပြေ လွယ်ကူချောမွေ့စေရေးအတွက် သင်တန်းဆင်းလက်မှတ် မလိုအပ်ဘဲ ဖြေဆိုခွင့်ပြုခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ သင်တန်းဆင်းလက်မှတ် မလိုအပ်ဘဲ ဖြေဆိုနိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းကို တိုင်းဒေသကြီးဦးစီးမှူးရုံး (ရန်ကုန်)၌ ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ရုံးဖွင့်ရက် တစ်ရက်လျှင် သင်တန်းသား ၄၀၀ အထိ နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ တစ်ကြိမ်၊ မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ တစ်ကြိမ် နှစ်ကြိမ် လက်ခံဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းတက်ရောက်ခွင့်အတွက် www.rtad.gov.mm Website တွင် အနည်းဆုံး သုံးရက်မှ အများဆုံး ၃၀ ရက်အထိ Online Booking ကြိုတင်ရယူရမည်ဖြစ်သည်။ သင်တန်းစတင်ဖွင့်လှစ်ချိန်တွင် Online Booking System ကို သတိမပြုမိကြခြင်း၊ မည်သို့ဆောင်ရွက်ရမည်ကို မသိရှိခြင်းတို့ကို ထည့်သွင်းစဉ်းစားလျက် Booking မလုပ်ဘဲ သင်တန်းတက်ရောက်ရန် ရုံးသို့ရောက်ရှိလာသည့် သင်တန်းသားများအား လက်ခံသင်ကြားပေးလျက်ရှိသည်။ သို့သော် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ စတင်၍ သင်တန်းတက်ရောက်ရန် Online Booking System ဖြင့် ကြိုတင်စာရင်းသွင်းမှု မရှိသည့် သင်တန်းသားများအား လက်ခံတက်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးထားကြောင်း သိရသည်။

Online Booking System အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.motc.gov.mm၊ www.myanmarrtad.com၊ www.rtad.gov.mm Website များနှင့် Ministry of Transport and Communications, Myanmar Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက ရုံးချုပ် (နေပြည်တော်)- ၀၆၇-၃၄၀၅၁၀၀၊ ၀၆၇- ၃၄၀၅၃၅၉၊ ၀၆၇-၃၄၀၅၀၉၉ နှင့် ရန်ကုန်တိုင်းဒေသကြီး(ရန်ကုန်) -၀၁-၅၇၀၉၆၇ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**



# ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ စုပေါင်းရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

**နေပြည်တော် ဧပြီ ၆**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ တတိယအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက်တွင် ဧပြီ ၅ ရက်မှ ၆ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများရှိ ဝန်ထမ်းများနှင့် သား၊ သမီး ၅၀၀ အား ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် မြတ်ဗုဒ္ဓ၏ သာသနာတော်အတွင်းသို့ သွတ်သွင်းချီးမြှောက်ခဲ့သည်။

အဆိုပါ အလှူတော်မင်္ဂလာအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဇနီး ဒေါ်ဝင်းဝင်းမော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်ဖွဲ့ ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်း တည်ထောင်ရေးနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး၊ အခြေခံစီးပွားရေး အဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လွှတ် ဖြန့်ဖြူးရေး၊ ကားလမ်း၊ ရထားလမ်းနှင့် သယ်ယူပို့ဆောင်မှုလုပ်ငန်းများ၊ လယ်ယာကဏ္ဍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်စီးပွားရေးဇုန်၊ စီးပွားရေးဇုန်များ ထူထောင်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ်လုပ်ငန်းများကို ပူးပေါင်းအကောင်အထည်ဖော်မည့် အစီအစဉ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မွန်ပြည်သစ်လူထုတွေ့ဆုံပွဲ ညီစားစခန်း၌ ဧပြီ ၉ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန် ဧပြီ ၆**

မွန်ပြည်သစ်ပါတီ၏ လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမစတင်မီ လူထုတွေ့ဆုံပွဲကို မွန်ပြည်နယ် ရေးချောင်းဖျားဒေသရှိ မွန်အမျိုးသားပညာရေး ဗဟိုဌာန အခြေစိုက်ရာ ညီစားစခန်း၌ ဧပြီ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ သိရှိရသည်။

**ရဲခေါင်ညွန့်**

# ရုပ်ရှင်တစ်သက်တာဆုရ စည်သူဗိုလ်ကလေးတင့်အောင်အား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဧပြီ ၆**

မြန်မာနိုင်ငံ စိတ်ပညာအသင်းနှင့် ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်) တို့မှ ကြီးမှူး၍ ရုပ်ရှင်တစ်သက်တာဆုရ စည်သူဗိုလ်ကလေးတင့်အောင်အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပခဲ့သည်။




အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံစိတ်ပညာအသင်းနှင့် ဘိုကလေးမြို့နယ်အသင်းတို့မှ အသင်းနာယကကြီးများနှင့် အသင်းဥက္ကဋ္ဌများက ချီးကျူးစကားများ အသီးသီးပြောကြားကြပြီး စည်သူဗိုလ်ကလေးတင့်အောင်အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ အခမ်းအနားသို့ ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် စာပေနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များလည်း တက်ရောက်ကြသည်။

"ဒီတစ်သက်တာ ရုပ်ရှင်ဆုဆိုတာက တစ်ခါမှပေးတာ မရှိခဲ့ဘူး၊ ဒါပထမဆုံးပဲ၊ ဒီဆုကို ဘဘ ဗိုလ်ကလေးတင့်အောင်ရတယ်ဆိုတော့ ဂုဏ်လည်းယူတယ်၊ ဝမ်းလည်းသာတယ်၊ ပြီးတော့ ဒီဆုကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ပေးတာဖြစ်လို့ ပိုပြီးဂုဏ်ယူမဆုံးဖြစ်ရပါတယ်" ဟု မြန်မာနိုင်ငံ စိတ်ပညာအသင်းဥက္ကဋ္ဌ ဦးစောဝေက ပြောသည်။

အသက် (၉၆ နှစ်) အရွယ်ရှိပြီဖြစ်သော စည်သူဗိုလ်ကလေးတင့်အောင်သည် အသက် ၁၃ နှစ်သား အရွယ်ကတည်းက အနုပညာလောကသို့ ဝင်ရောက်ခဲ့ကြောင်း၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ပြဇာတ် နယ်ပယ်အသီးသီးတွင် ထူးချွန်ပြောင်မြောက်စွာ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က ရေးတာ၊ ဆိုတာ၊ တီးတာ အလွန်ဝါသနာပါတယ်ဗျ၊ ဒီ့နောက် ပြဇာတ်၊ ရုပ်ရှင်နယ်ပယ်တွေမှာလည်း ပါဝင်ဆောင်ရွက်ခဲ့ပါတယ်၊ ဒါကြောင့်လည်း ရုပ်ရှင်က တစ်သက်တာ ဆုပေးအပ်ပါတယ်လို့ ထင်ပါတယ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ချီးမြှင့်ပေးတဲ့အတွက်လည်း အထူးပဲဂုဏ်ယူပါတယ်" ဟု စည်သူဗိုလ်ကလေး တင့်အောင်က ပြောသည်။ **သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်**

# မြစ်ကြီးနားမြို့တွင် သင်္ကြန်ကာလအတွင်း ရထားသုံးစင်းသာ ပြေးဆွဲမည်

**မြစ်ကြီးနား ဧပြီ ၆**

မြစ်ကြီးနားမြို့တွင် ယခင်က ရထားခရီးစဉ် ခုနစ်စင်းမှာ ပုံမှန်နေ့စဉ်ပြေးဆွဲခဲ့သော်လည်း သင်္ကြန်ကာလအတွင်း စုစုပေါင်း ရထားခရီးစဉ်သုံးစင်းသာ ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြစ်ကြီးနားဘူတာမှသိရသည်။

သင်္ကြန်ကာလ ဧပြီ ၁၄ မှ ၁၆ ရက်အတွင်း ပြေးဆွဲမည့်ရထားခရီးစဉ် သုံးစင်းမှာ မြစ်ကြီးနားမှ မန္တလေးသို့ အမှတ် ၅၆ အစုန်အထူးအမြန်ရထား၊ အမှတ် ၄၂ အစုန်ဒုတိယအမြန်ရထား၊ အမှတ် ၅၀ အစုန် မြစ်ကြီးနား-နဘားခေါက်ပြန် လော်ကယ်ရထားများကိုသာ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်ကသင်္ကြန်တွင်းမှာလိုပဲ ဒီကထွက်မယ့် အထူးရယ်၊ ဒုတိယအမြန်ရယ်၊ မြစ်ကြီးနား-နဘား ခေါက်ပြန်လော်ကယ်ရထားတွေရဲ့ အဝင်၊ အထွက်ပဲရှိမယ်၊ ကျန်တာက ရပ်နားထားမှာပေါ့၊ သင်္ကြန်အကျ၊ အကြတ်၊ အတက်သုံးရက်ပဲနားမှာပါ၊ သင်္ကြန်အကြိုနဲ့ နှစ်ဆန်းတစ်ရက်ကိုတော့ ပုံမှန်ပဲပြေးဆွဲပေးသွားမယ်" ဟု မြစ်ကြီးနားဘူတာ ဒုရုံပိုင်ချုပ် ဦးကျော်ဇေယျာမြင့်က ပြောသည်။

အမှတ် ၅၆ အစုန်အထူးအမြန်ရထားကို နံနက် ၈ နာရီခွဲ၊ အမှတ် ၄၂ အစုန် ဒုတိယအမြန်ရထားကို နံနက် ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ အမှတ် ၅၀ အစုန် မြစ်ကြီးနား-နဘား ခေါက်ပြန်လော်ကယ်ရထားကို နံနက် ၄ နာရီ ၄၅ မိနစ်တွင်လည်းကောင်း မြစ်ကြီးနားဘူတာမှ စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း ခရီးစဉ်ရပ်နားမည့် ရထားလေးစင်းမှာ အမှတ် ၃၈ အစုန်မြစ်ဆုံမန္တလာရထား၊ အမှတ် ၅၈ အစုန် ရိုးရိုးမန္တလာရထား၊ မြစ်ကြီးနား-မိုးကောင်း ကားရထားနှင့် မြစ်ကြီးနား-မိုးညှင်း ကားရထားများကို သင်္ကြန်ကာလ ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ ရပ်နားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

# ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်း ဩစတြေးလျသံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၆**

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-5) ဧည့်ခန်းမဆောင် ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဩစတြေးလျ နှစ်နိုင်ငံလွှတ်တော်များ၏ ပိုမိုကောင်းမွန်လာသော ဆက်ဆံရေး၊ ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော အာဆီယံ-ဩစတြေးလျ ထိပ်သီးဆွေးနွေးပွဲ၏ အတွေ့အကြုံများ၊ ဩစတြေးလျနိုင်ငံက မြန်မာနိုင်ငံကို ကူညီပံ့ပိုးပေးသည့် ပညာရေးအစီအစဉ်များ၊ နိုင်ငံခြားရေး ပေါ်လစီနှင့် ပတ်သက်သော ဩစတြေးလျနိုင်ငံ၏ စက္ကူဖြူကြေညာချက်၊ နှစ်နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များ အပြန်အလှန်လေ့လာရေးခရီးစဉ်နှင့် မြန်မာနိုင်ငံ ရွေးကောက်ပွဲများနှင့် ပတ်သက်သော ဩစတြေးလျနိုင်ငံ၏ အကူအညီ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# သင်္ကြန်အကြို မူခင်းကျဆင်းရေး အထူးပိတ်ဆို့ရှာဖွေ

**ရန်ကုန် ဧပြီ ၆**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်လမ်းညွှန်မှုဖြင့် ဧပြီ ၅ ရက် ညပိုင်းက အရှေ့ပိုင်းခရိုင်အတွင်း ၂၀၁၈ ခုနှစ် သင်္ကြန်ကာလအကြို မှုခင်းလျော့နည်းကျဆင်းရေးအတွက် မူးယစ်ဆေးဝါးများ၊ တုတ်၊ ဓား လက်နက်များ ကိုင်ဆောင်မှုမရှိစေရေး မြို့နယ်အလိုက် အချက်အချာကျသည့်နေရာများတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီး တပ်ဖွဲ့ဝင်များမှ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ယာဉ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုးလွင်က လိုက်လံကြပ်မတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **မြန်မာ့အလင်း**



# ၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့

**ဒေါက်တာအောင်ထွဏ်း (ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အဖွဲ့စတင်တည်ထောင်ခဲ့သည့် ၁၉၄၈ ခုနှစ် ဧပြီလ ၇ ရက်နေ့အား ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။ နှစ်စဉ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်တစ်ခုစီ သတ်မှတ်၍ ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို နိုင်ငံအသီးသီးတွင် ကျင်းပခဲ့ပါသည်။ ယခုနှစ်တွင်လည်း ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် ‘ဒီပြည်သူအားလုံး ကျန်းမာဖို့၊ စဉ်ဆက်မပြတ် ကြိုးပမ်းစို့’ (Universal Health Coverage-Everyone, Everywhere) ဟု သတ်မှတ်ထားပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ‘လူတိုင်းလက်လှမ်းမီ၊ ကျန်းမာရေးလွှမ်းခြုံမှု’ (Universal Health Coverage-UHC) စနစ်အကောင်အထည်ဖော်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ကြရန် နှိုးဆော်ထားပါသည်။

**‘လူတိုင်းလက်လှမ်းမီ ကျန်းမာရေးလွှမ်းခြုံမှု’ (Universal Health Coverage-UHC) ဆိုသည်မှာ**

လူသားအားလုံးလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို အရည်အသွေးပြည့်ဝစွာနှင့် ငွေကြေးအခက်အခဲ မရှိ ရယူနိုင်စွမ်းရှိသည့် အခြေအနေကို ‘လူတိုင်းလက်လှမ်းမီ ကျန်းမာရေးလွှမ်းခြုံမှု’ (Universal Health Coverage-UHC) ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

သို့သော် လူတိုင်းလက်လှမ်းမီ ကျန်းမာရေးလွှမ်းခြုံမှုသည် ကျန်းမာရေးဝန်ဆောင်မှုအားလုံးအား အခမဲ့ပေးခြင်းဟု မဆိုလိုပါ။ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ ကျန်းမာရေးဝန်ဆောင်မှုအားလုံးအား စဉ်ဆက်မပြတ် အခမဲ့ပေးသည်ဟူ၍ မရှိပါ။ ပြည်သူတိုင်း အဖြစ်များသည့် ရောဂါများနှင့် သေဆုံးမှုများကို ကာကွယ်ကုသပေးနိုင်သည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုမျိုးကို လက်လှမ်းမီစေမည့်စနစ်ကို ဆိုလိုခြင်းဖြစ်ပါသည်။

‘လူတိုင်းလက်လှမ်းမီ ကျန်းမာရေးလွှမ်းခြုံမှု’ သည် ဆေးကုသပေးရုံသာ မဟုတ်ဘဲ၊ ခြင်နှိမ်နင်းရေး ကဲ့သို့သော ပြည်သူ့ကျန်းမာရေးလှုပ်ရှားမှုများ၊ ကျန်းမာရေးစနစ်နှင့် နည်းပညာများ၊ ကျန်းမာရေးသတင်းအချက်အလက်များ၊ ကျန်းမာရေးဆိုင်ရာ ဥပဒေပြုရေးများ၊ ကျန်းမာရေးဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များနှင့် စွမ်းအားစုများစသည့် ကဏ္ဍမျိုးစုံတို့ အကျုံးဝင်ပါသည်။

**လက်ရှိကမ္ဘာ့နိုင်ငံများ၏ ‘လူတိုင်းလက်လှမ်းမီ ကျန်းမာရေးလွှမ်းခြုံမှု’ အခြေအနေ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နောက်ဆုံးရရှိသော သတင်းအချက်အလက်များအရ ကမ္ဘာပေါ်တွင် ‘လူတိုင်းလက်လှမ်းမီ ကျန်းမာရေးလွှမ်းခြုံမှု’ အခြေအနေနှင့်ပတ်သက်၍ တိုးတက်မှုအချို့ရှိသော်လည်း၊ လူများစုမှာ အရည်အသွေးပြည့်ဝသော၊ ငွေကြေးအခက်အခဲမရှိ ရယူနိုင်စွမ်းရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမမီကြကြောင်း အောက်ပါအချက်အလက်များက သက်သေပြလျက်ရှိပါသည်။

- ကမ္ဘာ့လူဦးရေ၏ထက်ဝက်ခန့်သည် အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို လက်လှမ်းမမီကြပါ။
- လူသန်းတစ်ရာခန့်သည် ကျန်းမာရေးအတွက် ကိုယ်ပိုင်ငွေများ ကျခံသုံးစွဲရသဖြင့် အလွန်ဆင်းရဲလျက်ရှိကြခြင်း၊
- ကမ္ဘာ့လူဦးရေ၏ ၁၂ ရာခိုင်နှုန်းဖြစ်သော လူသန်း ၈၀၀ ကျော်သည် သူတို့အိမ်သုံးစားရိတ်ငွေ၏ ၁၀ ရာခိုင်နှုန်းခန့်ကို မိသားစုကျန်းမာရေးအတွက် အကုန်အကျခံနေရခြင်း။

**လက်ရှိမြန်မာနိုင်ငံ၏ ကျန်းမာရေးအခြေအနေ**

မြန်မာ့ကျန်းမာရေးစနစ်သည် လတ်တလော စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ နိုင်ငံတော်၏ ကျန်းမာရေးစနစ်သည် ကာလကြာရှည်စွာထိရောက်သည့် အလေးဂရုပြုမှု နိမ့်ပါးသည့်အခြေအနေမျိုးနှင့် ကြုံတွေ့ခဲ့ရသည့်အတွက် အခြေခံအဆောက်အအုံများ နည်းပါးခြင်း၊ အရည်အသွေးပြည့်မီသော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တို့ ပြည့်ဝလုံလောက်စွာ မရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကို ရယူနိုင်ရေးအတွက် ငွေကုန်ကြေးကျများပြားခြင်းနှင့် အားနည်းသည့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတို့ကို ဖြစ်ပေါ်စေခဲ့ရပေသည်။ ကာလအတန်ကြာအောင် မြို့ပြဒေသများရှိ ဆေးရုံအခြေပြု အထူးကုဆေးကုသမှုများအတွက် ဦးစားပေး၍ ရင်းနှီးမြှုပ်နှံခဲ့မှုကြောင့် နိုင်ငံသူ နိုင်ငံသားအများစု မှီတင်းနေထိုင်ရာကျေးလက်ဒေသများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အားပျော့ပါးလျခဲ့ရသည်။ အကျိုးအားဖြင့် ဒေသတွင်းရှိ အခြားနိုင်ငံများနှင့် မယှဉ်သာအောင် အားနည်းသည့် ကျန်းမာရေးရလဒ်နှင့် ကျန်းမာရေးအညွှန်းကိန်းများ ပေါ်ထွန်းလာခဲ့ပါသည်။ အဆိုပါ အားနည်းသော ကျန်းမာရေးရလဒ်များသည်ပင်လျှင် ဒေသအခြေအနေနှင့် လူမှုစီးပွားဆိုင်ရာမညီမျှမှု များစွာရှိနေသည်ကိုလည်း တွေ့ရှိရပေသည်။

မြန်မာ့လူ့ဘောင် အဖွဲ့အစည်း၏ ကျန်းမာရေးအခြေအနေသည် နိမ့်ကျဆဲ၊ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်သာနိုင်စွမ်းနည်းပါးဆဲဖြစ်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ ခန့်မှန်းလူ့သက်တမ်းသည် ၆၄ ဒသမ ၇ နှစ်ဖြစ်ပြီး အာဆီယံဒေသတွင်း အနိမ့်ပါးဆုံးဖြစ်နေ၏။ အဆိုပါပျမ်းမျှနှုန်းများ၏ နောက်ကွယ်တွင် ဒေသန္တရ၊ လူမျိုးစုနှင့် လူမှုစီးပွားဆိုင်ရာကွာဟမှု၊ မညီမျှမှုများစွာက ပုန်းကွယ်နစ်မြုပ်၍ နေပါသေးသည်။

**မြန်မာနိုင်ငံ၏ ‘လူတိုင်းလက်လှမ်းမီ ကျန်းမာရေးလွှမ်းခြုံမှု’ အကောင်အထည်ဖော်မှု အခြေအနေ**

ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ပြည်သူလူထု၏ ကျန်းမာရေးအခြေအနေကို တိုးတက်လာနိုင်စေရုံမျှမက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း လှုံ့ဆော်နိုင်စွမ်းရှိပါသည်။ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို လူတိုင်းလက်လှမ်းမီရရှိရေးသည် နိုင်ငံတော်၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျလှသည့်



ကိစ္စဖြစ်ပေသည်။

ကျန်းမာရေးကဏ္ဍသည် ဆယ်စုနှစ်ပေါင်းများစွာ မျက်ကွယ်ပြုခံရပြီးနောက် ပြည်သူလူထု၏ ကျန်းမာရေးအခြေအနေတိုးတက်ရန်အလို့ငှာ ကြိုးပမ်းမှုများကို လတ်တလောအချိန်ကာလတွင် အားစိုက်ဆောင်ရွက်နေပါသည်။ အဆိုပါကြိုးပမ်းမှုများကြောင့် ကျန်းမာရေးအတွက် အစိုးရအသုံးစရိတ်သည် ၂၀၀၉ ခုနှစ်တွင် ဂျီဒီပီ၏ ၀ ဒသမ ၂ ရာခိုင်နှုန်း (ကမ္ဘာ့အနည်းဆုံး) ဖြစ်ခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ဂျီဒီပီ၏ ၁ ရာခိုင်နှုန်းကျော်ဖြစ်လာခဲ့သည်။ ငှက်ဖျား၊ တီဘီ၊ ခုခံအားကျဆင်းမှုရောဂါ အစရှိသည့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်တွင်လည်း ထင်သာမြင်သာသော တိုးတက်အောင်မြင်မှုများ ရရှိခဲ့သည်။ သို့သော်လည်း ဂရုစိုက်ဖြေရှင်းရမည့် စိန်ခေါ်မှုများက ကျန်းမာရေးကဏ္ဍတွင် ရှိနေဆဲ ဖြစ်သည်။

ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals: SDGs) ဆိုသည့် ဘုံရည်မှန်းချက် အလံတော်အောက်ဝယ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးသည် လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုကို ခရစ်နှစ် ၂၀၃၀ တွင် မိမိတို့ နိုင်ငံများ၌ ရရှိရေးအတွက် ကြိုးပမ်းရန် အသီးသီးက သဘောတူညီခဲ့ကြသည်။ ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံ၏ လူတိုင်းလက်လှမ်းမီ ကျန်းမာရေးလွှမ်းခြုံမှုဆိုင်ရာလှုပ်ရှားမှု အရှိန်အဟုန်သည် မြင့်တက်လာခဲ့သည်။ လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှုသည် ကမ္ဘာ့ဦးစားပေးဖွံ့ဖြိုးမှုလမ်းကြောင်းတစ်ခုဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါ ပန်းတိုင်ကိုလှမ်းကိုင်နိုင်ရေးအတွက် အရှိန်မြှင့်ကြိုးပမ်းမှုများကို နိုင်ငံရေးအရ ကတိကဝတ်ပြုခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်အနေနှင့် လူတိုင်းလက်လှမ်းမီနိုင်သည့် သာတူညီမျှ ကျန်းမာရေးလွှမ်းခြုံမှုလမ်းစဉ်ကိုထိရောက်စွာ ဦးတည်ရာ




တွင် လိုအပ်သောကောင်းမွန်မှန်ကန်သည့် ကျန်းမာရေးစနစ်လမ်းကြောင်းသစ်ကို လျှောက်လှမ်းနိုင်ရန် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အား ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။ အမျိုးသားကျန်းမာရေးစီမံကိန်းသည် မိမိတို့နိုင်ငံ၏ ကျန်းမာရေးစနစ်ကို ကြံ့ခိုင်တောင့်တင်းစေပြီး လူတိုင်းလက်လှမ်းမီ ကျန်းမာရေးလွှမ်းခြုံမှုလမ်းကို လျှောက်လှမ်းရာတွင် နွမ်းပါးသူဦးစားပေးသည့်လမ်းကို ရွေးချယ်ခဲ့ပါသည်။

ထို့ကြောင့်လည်း အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ၏ အဓိကပန်းတိုင်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအတွက် အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (Basic Essential Package of Health Services: BEPHS) ကိုငွေကြေးကုန်ကျမှု နည်းပါးစွာဖြင့် နေရာမရွေး၊ ဒေသမရွေး ပေးစွမ်းနိုင်ရေး ဖြစ်ပေသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုများသည် နိုင်ငံသူနိုင်ငံသားအများစုနေထိုင်ရာ မြို့နယ်များနှင့် ကျေးလက်ဒေသဖြစ်သည့် တိုက်နယ်၊ ကျေးရွာစုနှင့် ကျေးရွာများတွင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများဖြစ်ပြီး ပဏာမကျန်းမာရေးစောင့်ရှောက်မှု ပြန်လည်အားကောင်းဖွံ့ဖြိုးရေးအတွက် အဓိကအခန်းကဏ္ဍမှ ဦးတည်ပါသည်။ တစ်ချိန်တည်းမှာပင် ထိုကျန်းမာရေးစောင့်ရှောက်မှုများကို ထိရောက်စွာပေးနိုင်ရေးအတွက် အားကောင်းဖွံ့ဖြိုးသည့် ကျန်းမာရေးစနစ်ကို ရှေးရှုလျက် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားစုများ၊ အခြေခံအဆောက်အအုံများ၊ ဝန်ဆောင်မှုပေးရမည့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကျန်းမာရေးဆိုင်ရာ ငွေကြေးကဏ္ဍတည်းဟူသောစနစ်၏ ပင်မဒေါက်တိုင်ကြီးများခိုင်မာစေရေးကိုဝါယမစိုက်ထုတ်၍ ဆောင်ရွက်လျက်ရှိသည်။

**ပြည်သူအားလုံးကျန်းမာဖို့၊ စဉ်ဆက်မပြတ် ကြိုးပမ်းစို့**

လူတိုင်းလက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှု ပေးစွမ်းနိုင်ရန် အဆင်သင့်ဖြစ်ရေးသည် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ၏ အဓိကကိစ္စရပ်ဖြစ်သော်လည်း ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးလှပါသည်။ အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပေါ် တောင်းဆိုမှုများကို ကူညီဖော်ထုတ်ရန် အလေးထားပြီးအဓိကအားဖြင့် အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် အလေးဂရုထားမည်ဖြစ်သည်။ ပြည်သူ့အသံများနှင့် လူထုတာဝန်ယူမှုများကို ထည့်သွင်းခြင်းအားဖြင့် ကျန်းမာရေးစနစ်၏ တုံ့ပြန်မှုများ ပိုမိုအားကောင်းလာစေပါမည်။

သို့ပါ၍ ၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ လှုပ်ရှားမှုအဖြစ် ပြည်သူနှင့်အတူ ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဌာန၊ အဖွဲ့အစည်းများ၊ မီဒီယာများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ပြည်သူတစ်ရပ်လုံးအား လူတိုင်းကျန်းမာရေး စောင့်ရှောက်မှုများ လက်လှမ်းမီရရှိရေးလှုပ်ရှားမှုများတွင် တစ်တပ်တစ်အားကြိုးပမ်းပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

> **“အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် တောင်းဆိုမှုများကို ကူညီဖော်ထုတ်ရန် အလေးထားပြီး အဓိကအားဖြင့် အခြေခံကျသည့် မရှိမဖြစ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအပေါ် အလေးဂရုထားမည်ဖြစ်”**

**ကိုးကား** - **WHD 2018-Advocacy Tool Kit, WHO**
- **NHP(2017-2021), 2016 MOHS**
- **Strategic Directions for UHC, Myanmar, 2014 MOHS**

## ကျိုင်းလပ်၌ မိုးသက်လေပြင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေအိမ် သုံးအိမ်အား ထောက်ပံ့ငွေများ ပေးအပ်

**တာချီလိတ် ဧပြီ ၆** - ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးကျေးရွာအုပ်စု နမ့်ဆီး(လားဟူ) ကျေးရွာ၌ ဧပြီ ၂ ရက် ညပိုင်းက မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် နေအိမ်များ အမိုးလန်ပျက်စီးခဲ့သည့် နေအိမ်သုံးလုံးအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ဧပြီ ၄ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် ကျိုင်းတုံခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာရွှေနှင့် ဒုတိယဦးစီးဌာနမှူး ဒေါ်နန်းမွေးမွေးခင်တို့က အမိုးလန်သည့်နေအိမ် သုံးအိမ်မှ အိမ်ထောင်ဦးစီးများဖြစ်သော ဦးအိုက်ကျောက်၊ ဦးပေ့ါယားနှင့် ဦးယားဒွဲတို့ကို နေအိမ်တစ်လုံးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် နေအိမ်သုံးလုံးအတွက် ငွေကျပ်သုံးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း (မြန်/ဆက်)**

# မန်းသင်္ကြန်ကို သင်္ကြန်၏ပုံရိပ်နှင့် မန္တလေး၏အမှတ်တံဆိပ်ပေါ်လွင်စေရန် အစီအစဉ်သစ်များဖြင့် ကျင်းပမည်

**မန္တလေး ဧပြီ ၆**

သင်္ကြန်၏ ပုံရိပ်၊ မန္တလေးမြို့၏ အနှစ်သာရနှင့် ပျော်ရွှင်ညီညွတ်မှုကိုရရှိစေရန် ရည်ရွယ်ချက်များဖြင့် မန္တလေးသင်္ကြန်ကို တစ်နှစ်ထက်တစ်နှစ် ပိုမိုထူးခြားကောင်းမွန်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူက ပြောသည်။

မတ် ၅ ရက်ကပြုလုပ်သည့် ၂၀၁၈ ခုနှစ် မန္တလေး မဟာသင်္ကြန် ကျင်းပမည့်အစီအစဉ်များ မီဒီယာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခုနှစ် မန္တလေးသင်္ကြန်ကို ရှေးခေတ်မန္တလေးပုံရိပ်နှင့် အရသာကို ပြန်လည်ခံစားရရှိစေလိုသည့် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ဒေသထွက်ကုန် ရိုးရာအစားအစာများ ပေါ်များသည့် မန္တလေးမြို့၏ အမှတ်တံဆိပ်ကို သင်္ကြန်ပွဲတော်တွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် တွဲဖက်ပြီး လုပ်ဆောင်နိုင်ရန်လည်းကောင်း လမ်းလျှောက်သင်္ကြန်နှင့် တော သင်္ကြန် အစီအစဉ်များကို ဆန်းသစ်သောဖန်တီးမှုများဖြင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ်ကျင်းပမယ့် လမ်းလျှောက်သင်္ကြန်မှာ မနှစ်ကထက် ပိုမိုထူးခြားတဲ့ အစီအစဉ်တွေ တီထွင်ဆန်းသစ် ထည့်သွင်းထားတယ်၊ ဒါ့အပြင် တောသင်္ကြန်မှာလည်း ရိုးရာအစားအစာတွေနဲ့ ရိုးရာယဉ်ကျေးမှုကို တွဲဖက်ပြီး ဖော်ထုတ်နိုင်အောင် ဆံရစ်ဝိုင်း မိန်းကလေးတွေပါ ပူးပေါင်းပါဝင်လုပ်ဆောင်ကြမယ်၊ ဆံရစ်ဝိုင်းမိန်းကလေးတွေနဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေ တွဲပြီး အမှတ်တရဓာတ်ပုံရိုက်နိုင်တဲ့ နေရာတွေလည်း စီစဉ်ထားတယ်၊ ဖျော်ဖြေရေးအနေနဲ့ ပိတ်ကားထောင် ရုပ်ရှင်ပြသတာတွေ၊ ကျောက်ဆည်ဆင်အကတွေ၊ ရုပ်ကြိုးစင်နဲ့ ခြင်းလုံးအလှခတ်ပွဲတွေလည်း နေ့စဉ်ဖျော်ဖြေဖို့ စီစဉ်ထားတယ်”ဟု ၎င်းက ပြောသည်။

တောသင်္ကြန် ညဈေးရောင်းပွဲတော်တွင်လည်း ရိုးရာအစားအစာများရောင်းချမည့် ဆိုင်ခန်း ၁၈၀ ကို ဖွင့်လှစ်မည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများ ရောင်းချနိုင်ရန် ဧပြီ ၈ ရက်တွင် အစားအသောက်ကျွမ်းကျင် ဆရာဝန်များက သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်းလည်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်ထံမှ သိရသည်။

ယခုနှစ် မန္တလေး မဟာသင်္ကြန်ပွဲတော်တွင် ထူးခြားမှုအနေဖြင့် မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းက ဦးစီးကျင်းပမည့် ရေစိုခံကာတွန်းပြပွဲဖြစ်ပြီး ယင်းပြပွဲတွင် လက်ရွေးစင်ကာတွန်းပုံပေါင်း ၃၀၀ ကျော်ကို ကျုံးတောင်ဘက် ၇၃ လမ်းနှင့် ၇၈ လမ်းကြား လမ်းလယ်ကျွန်းပေါ်၌ သင်္ကြန်ကာလအတွင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်သင်္ကြန်မဏ္ဍပ်များ စတင်ဆောက်လုပ်လျက်ရှိ

**ရန်ကုန် ဧပြီ ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအနေဖြင့် မြန်မာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက တာဝန်ယူဆောင်ရွက်သော မြို့နယ်သင်္ကြန်မဏ္ဍပ်များကို စတင်ဆောက်လုပ်နေကြပြီ ဖြစ်ကြောင်း သိရသည်။

အင်းစိန်လမ်းမကြီးပေါ်ရှိ လှိုင်မြို့နယ် ရေကစားမဏ္ဍပ်မှာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အလျား ပေ ၈၀၊ အနံ ၃၄ ပေရှိ မဏ္ဍပ် တည်ဆောက်ရေးလုပ်ငန်းကို မတ်လနောက်ဆုံးပတ်အတွင်းက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

မြို့နယ်မဏ္ဍပ်တွင် ပါဝင်မည့် ဖျော်ဖြေရေးအစီအစဉ်များနှင့် ပတ်သက်၍ လှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်က “ကျွန်တော်တို့ မြို့နယ်မှာတော့ မဟာသင်္ကြန်ပွဲတော်အတွင်းမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းတဲ့အနေနဲ့ ယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့ ပျော်ပွဲရွှင်ပွဲလည်း ဖြစ်ရမယ်၊ ပြည်သူအားလုံးလည်း ပျော်ရွှင်နိုင်ဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်သွားမှာပါ၊

ကျွန်တော်တို့မဏ္ဍပ်မှာတော့ ဖျော်ဖြေရေးအပိုင်းနဲ့ ရေကစားတဲ့အပိုင်းဆိုပြီး နှစ်ပိုင်းရှိမှာပါ၊ ဖျော်ဖြေရေးကတော့ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းတဲ့အနေနဲ့ သင်္ကြန်သံချပ်တွေပါမယ်၊ မြို့နယ်အတွင်းမှာရှိတဲ့ ယိမ်းအဖွဲ့တွေပါမယ်၊ မြန်မာသံစဉ်သီချင်းသီဆိုတာတွေပါမယ်၊ နောက် ခေတ်ပေါ်တီးဝိုင်းတွေလည်း ပါပါမယ်၊ ရေကစားဖို့က လူနှစ်ရာစာအတွက် ရေပိုက်နှစ်ရာပြင်ဆင်ထားပါတယ်”ဟု ပြောကြားသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးအတွက် လှိုင်မြို့နယ်အတွင်း မဏ္ဍပ်အကြီးလေးခု၊ မဏ္ဍပ် အလတ်ငါးခု၊ ဌာနဆိုင်ရာ မဏ္ဍပ်တစ်ခုနှင့် မဏ္ဍပ်အသေးတစ်ခုတို့ ခွင့်ပြုချက်ရရှိထားကြောင်းနှင့် ၎င်းတို့အထဲတွင် ပြည်လမ်းမပေါ်ရှိ ဖျော်ဖြေရေးမဏ္ဍပ်ကြီးသုံးခု ပါဝင်ကြောင်း သိရသည်။ ပိတောက်ရိပ်၊ Savage နှင့် သင်္ကြန်ငွေဦး(Gotham) တို့မှာ ပြည်လမ်းမပေါ်ရှိ မဏ္ဍပ်ကြီးများဖြစ်သည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# သထုံမြို့နယ်၌ ပေါ်ထွန်းလာသည့် မြေနုကျွန်းများအား ခြံခတ်၍ အကွက်ရိုက် ရောင်းချမှုများရှိနေ

**သထုံ ဧပြီ ၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပင်လယ်နားနီးသော အောက်ကွင်းကျေးရွာအုပ်စုများတွင် ပြီးခဲ့သည့် မတ်လအတွင်းက သောင်နုလယ်ယာမြေများ ပေါ်ထွန်းလာပြီးနောက် အဆိုပါလယ်ယာမြေများအား ခြံခတ်၍ ရောင်းချမှုများ ရှိနေကြောင်း သိရသည်။

ကျေးရွာအုပ်စုများဖြစ်သော ကတိုက်ကြီးကျေးရွာနှင့် မရမ်းကုန်းကျေးရွာ အပိုင်ဖြစ်သော သောင်နုလယ်ယာမြေများအနီး ဆက်စပ်ပေါ်ထွန်းလာသည့် ကွက်လပ်လယ်မြေများအပေါ်တွင် မတ်လလယ်မှ စတင်၍ အမည်အမျိုးမျိုးဖြင့် အဖွဲ့အစည်းများ၊ ကုမ္ပဏီများက စက်ယန္တရားများဖြင့် ခြံခတ်ခြင်း၊ အလံတိုင်စိုက်ခြင်းများ ပြုလုပ်နေကြကာ ဒေသခံ လယ်ယာမြေမဲ့ ပြည်သူ ၂၀၀ ခန့်ကလည်း မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါ နေရာသို့ရောက်ရှိပြီး ကုမ္ပဏီနှင့် အဖွဲ့အစည်းများက ခြံခတ်လျှင် တောင်သူများကလည်း ခြံခတ်ကြရန် ပြောဆိုစီစဉ်ကြသဖြင့် ယခင် မရမ်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဒေါ်သန်းသန်းမူက တားမြစ်ခဲ့ရကြောင်း သိရသည်။

ဒေသခံတောင်သူများ၏ ပြောကြားချက်များအရ အဆိုပါ ပေါ်ထွန်းလာသော သောင်နုမြေများတွင် လယ်ယာမြေလုပ်ကိုင်နိုင်သည့် ဧက ၂၅၀၀ မှ ၃၀၀၀ ကျော်အထိ ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ အဖွဲ့အစည်းအမည်ခံများ၊ ကုမ္ပဏီအမည်ခံများက မြေဧက မည်မျှကို ခြံဝိုင်းနေသည်ကို အတိအကျ မသိရကြောင်း၊ ဒေသခံ မြေယာမဲ့တောင်သူ ၁၈၄ ဦးအား တစ်ဦးလျှင် တစ်ဧကခွဲနှုန်းဖြင့် ခွဲဝေပေးမည်ဟု သတင်းများကြားသိနေရသည့်အပြင် ထိုမြေများကို အရောင်းအဝယ်လုပ်ခြင်းများလည်း ရှိနေကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

# စစ်ကိုင်းတိုင်းဒေသကြီးရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နေပြည်တော် ဧပြီ ၆**

မြန်မာနိုင်ငံ၏ ရာသီဥတုအရ ဧပြီလနှင့် မေလသည် မိုးတိမ်တောင်များ ဖြစ်ထွန်းပြီး မိုးသက်လေပြင်း ကျရောက်ခြင်းနှင့် မိုးသီးကြွေခြင်းတို့ ဖြစ်ပွားလေ့ရှိသည်။ ၂၀၁၇ ခုနှစ်အတွင်း လေပြင်းဘေးကြောင့် မြန်မာနိုင်ငံအဝန်းမှ လူနေအိမ်ပေါင်း အလုံး ၁၆၉၄၀ ထိခိုက်ပျက်စီးမှု ရှိခဲ့သည်။

ယခုနှစ်တွင်လည်း မတ်လမှ စတင်၍ လေပြင်းတိုက်ခတ်မှုများ စတင်ဖြစ်ပေါ်လျက်ရှိရာ ဧပြီ ၃ ရက်တွင် တိုက်ခတ်ခဲ့သော လေပြင်းဘေးကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကနီမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့် ဘုတလင်မြို့နယ်တို့မှ လူနေအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။

အဆိုပါ လေပြင်းဘေး ကျရောက်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကနီမြို့နယ်အတွင်းရှိ နတ်လာပို့တောင်ကျေးရွာအုပ်စုမှ လေဘေးသင့် အမိုးလန်နေအိမ် ၁၁၆ လုံး၊ ယင်းမာပင်မြို့နယ်အတွင်းရှိ ကျောက်မှော်ကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ စုန်းချောင်းကျေးရွာအုပ်စု၊ တောင်ပုကျေးရွာအုပ်စု၊ ညရိပ်ကျေးရွာအုပ်စု၊ ပြန်လှည့်ကျေးရွာအုပ်စုနှင့် မြို့ကြီးကျေးရွာအုပ်စုတို့မှ လေဘေးသင့်အမိုးလန်နေအိမ် စုစုပေါင်း ၆၀၈ လုံးနှင့် ပြိုကျပျက်စီးနေအိမ် စုစုပေါင်း ၃၇ လုံးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၃၅၅၀၀၀၀၊ လေဘေးကြောင့် ဒဏ်ရာရသူ တစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် အိမ်ထောင်စုအလိုက် အသုံးအဆောင်ပစ္စည်းများကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် တာဝန်ရှိသူများက ဧပြီ ၅ ရက်တွင် သွားရောက်ထောက်ပံ့ခဲ့သည်။ ဧပြီ ၆ ရက်တွင်လည်း ဘုတလင်မြို့နယ်အတွင်း လေဘေးသင့် အမိုးလန် နေအိမ် ၉၈ လုံးအတွက် ထောက်ပံ့ငွေကျပ် ၃၀၂၀၀၀၀ နှင့် အိမ်ထောင်စုအလိုက် လူသုံးကုန်ပစ္စည်းများအား ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိ

**နေပြည်တော် ဧပြီ ၆**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ချင်းတွင်းမြစ်ဝှမ်းဒေသအား လေ့လာ

**ခန္တီး ဧပြီ ၆**

ချင်းတွင်းမြစ်ကြီး ပြန်လည်ကောင်းမွန်လာစေရန် ချင်းတွင်းမြစ်ရေ၏ အရည်အသွေးကို တိုင်းတာပြီး ချင်းတွင်းမြစ်ဘေးရှိ ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေအဖြစ် အသုံးပြုသင့်မသင့်လေ့လာရန် ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဧပြီ ၅ ရက်က ခန္တီးမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အထက်ချင်းတွင်းမြစ်ကြောင်း လေ့လာရန်အတွက် ခန္တီးမြို့သို့ အခြေချပြီး ချင်းတွင်းမြစ် အောက်ပိုင်းဖြစ်သည့် စိန်နန်းကျေးရွာ၊ မိုင်းနောင်ကျေးရွာ၊ ဖားမောင်ကျေးရွာ၊ ချင်းတွင်းမြစ်အထက်ပိုင်းကျေးရွာများဖြစ်သည့် ဖောင်ဆိုင်ကျေးရွာ၊ နန်ဖာကျေးရွာများနှင့် ခန္တီးမြို့ ချင်းတွင်းမြစ်လယ် ကျေးရွာများဖြစ်သည့် အောင်သာကျေးရွာ၊ သာစည်ကျေးရွာ၊ ဆင်သေစံပြကျေးရွာ စုစုပေါင်း ကျေးရွာ ရှစ်ရွာကို အတည်ပြုပြီး ချင်းတွင်းမြစ်ကြောင်းကို လေ့လာသွားမည်ဟု ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒါရိုက်တာ ဒေါ်ခင်ဥမ္မာထွေး(ရန်ကုန်)က ပြောကြားကြောင်း သိရသည်။

“အထူးသဖြင့် ချင်းတွင်းမြစ်ဘေးရှိ ဒေသခံပြည်သူတွေက သဘာဝအရင်းအနှီးဖြစ်တဲ့ ချင်းတွင်းမြစ်ကြီးကိုပဲ အားကိုးပြီး လုပ်ကိုင်စားသောက်နေတာလား၊ ရွာမှာရှိတဲ့ တောတောင်ကိုပဲ အမှီပြုပြီး လုပ်ကိုင်စားသောက်နေတာလား၊ ပထမဆုံးအနေနဲ့ ဒေသခံများ၏ လိုအပ်ချက်ကို လေ့လာပြီး အသက်မွေးဝမ်းကျောင်းအတွက် ဘာတွေလုပ်ပေးသင့်တယ်၊ ဒေသခံတွေအတွက် ဘာတွေလုပ်ပေးသင့်တယ် စတဲ့လိုအပ်ချက်တွေကို သုတေသနပြုလုပ်သွားမယ်” ဟု ဒေါ်ခင်ဥမ္မာထွေးက ဆက်လက်ပြောကြားသည်။

အဆိုပါ ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့သည် ဧပြီ ၁ ရက်က ခန္တီးမြို့သို့ရောက်ရှိပြီး ဧပြီ ၇ ရက်အထိ ချင်းတွင်းမြစ်ကြောင်းနှင့် ဒေသခံပြည်သူများ၊ ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများကို လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။ **ခေါင်ရည်ချို(နာဂမြေ)**

# မိုးယွန်းကြီးအင်း၌ ဆောင်းခိုငှက်မျိုးစိတ်သစ်ဖြစ်သည့် ဒေါင်းလန်းခြေထောက်ငှက်တစ်ကောင် တွေ့ရှိ

**ပဲခူး ဧပြီ ၆**


ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာအတွင်းသို့ ယခုနှစ် လာရောက်ကျက်စားသည့် ငှက်မျိုးစိတ်များကို စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ် မျိုးစိတ်သစ်ဖြစ်သော ဒေါင်းလန်းခြေထောက် (White-Headed Stilt)ကျရောက်ကျက်စားမှု ငှက်မျိုးစိတ်သည် နှစ်နှစ်တာကာလအတွင်း စတုတ္ထအကြိမ်မြောက်အဖြစ် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း WCS မှ ဦးသက်ဇော်နိုင်က ပြောသည်။

“ ဒီငှက်က မြန်မာနိုင်ငံမှာ ဆောင်းခိုငှက်မျိုးစိတ်သစ်ပါ၊ ဒီငှက်မျိုးစိတ်ကို မနှစ်က အင်းလေးကန်မှာ ပထမဆုံးအကြိမ်အနေနဲ့ တွေ့ရှိခဲ့တာ၊ ဒုတိယအကြိမ်အနေနဲ့ မနှစ်ကပဲ တောင်သမန်အင်းမှာ တွေ့ရှိမှတ်တမ်းတင်ခဲ့တယ်၊ ဒီနှစ် ပြီးခဲ့တဲ့လမှာ တောင်သမန်အင်းမှာ တတိယအကြိမ် ထပ်တွေ့ပြန်တယ်၊ အခု မိုးယွန်းကြီးအင်းမှာ တွေ့တာနဲ့ဆို နှစ်နှစ်တာကာလအတွင်း စတုတ္ထအကြိမ်မြောက် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့တာ ဖြစ်တယ် ” ဟု ဦးသက်ဇော်နိုင်က ပြောကြားသည်။

“သိပ္ပံအမည် (Himantopus Leucocephalus)လို့ခေါ်တဲ့ ဒေါင်းလန်းခြေထောက် ငှက်မျိုးစိတ်သစ်ဟာ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးရဲ့ယခင်မှတ်တမ်းတွေမှာ မတွေ့ရသေးတဲ့ ဆောင်းခိုငှက် မျိုးစိတ်သစ်ဖြစ်တယ်၊ ဒီနှစ် ပြီးခဲ့တဲ့ မတ်လပထမပတ်က အင်းထဲက ချောင်းမကြီးဘေးရေစပ်မှာ စတွေ့တာ၊ စုစုပေါင်း နှစ်ကောင်တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့တယ်၊ ပြီးတော့ ဒီနှစ် ဒီအင်းမှာ ငှက်တွေက ပိုပြီးလာကြတာကို တွေ့ရတယ်၊ ကျွန်တော်တို့က ငှက်ကို အဓိက ထိန်းသိမ်းထားတာဆိုတော့ ဒါနဲ့ပတ်သက်ပြီး ပြည်သူတွေကိုလည်း အသိပညာပေးမှုတွေ လုပ်နေပါတယ် ”ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တောအုပ် ဦးစိုင်းဝဏ္ဏကြည်က ရှင်းပြသည်။

ယင်းငှက်မျိုးစိတ်သစ်အပြင် ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်သစ်တစ်မျိုးဖြစ်သည့် ကြိုးကြာခေါင်းနီငှက်မျိုးစိတ် (SARUS CRANE) စုစုပေါင်း သုံးကောင်ကို ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလများ၌ တွေ့ရှိမှတ်တမ်းတင်ထားနိုင်ခဲ့ရာမှ ယခုနှစ် ပြီးခဲ့သည့် ဖေဖော်ဝါရီလ၊ မတ်လကာလများ၌ အကောင်ပေါက်တစ်ကောင်အား ထပ်မံတွေ့ရှိခဲ့သဖြင့် စုစုပေါင်း လေးကောင်အထိ တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း ၎င်းက ဆိုသည်။

မိုးယွန်းကြီးအင်းအတွင်းသို့ နှစ်စဉ်နိုဝင်ဘာလဆန်းပိုင်းမှစတင်ကာ ဆောင်းခိုငှက်များ ဝင်ရောက်လျက်ရှိရာ ယခုနှစ် ပြီးခဲ့သည့် မတ်လကုန်အထိ ဆောင်းခိုငှက်



မိုးယွန်းကြီးအင်း၌ ဒေါင်းလန်းခြေထောက်ငှက် ကျရောက်ကျက်စားမှုကို တွေ့မြင်ရစဉ်။

၄၁ မျိုး၊ ဌာနေငှက် ၆၆ မျိုး စုစုပေါင်း ငှက်မျိုးစိတ် ၁၀၇ မျိုးမှ ငှက်ကောင်ရေ ၃၄၅၆၀ ကျရောက်ကျက်စားလျက်ရှိကြောင်း သိရသည်။ **ပိန်းဇလုပ်-သိန်းညွန့်**

# မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ မေ ၆**

ရခိုင်ပြည်နယ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းနိုင်ရေး လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းနိုင်ရေး Operational Guideline အားလည်းကောင်း၊ မန္တလေးနည်းပညာတက္ကသိုလ်မှ ပါမောက္ခဌာနမှူး ဒေါက်တာစုစုက မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် Management Plan ရေးဆွဲရေးလုပ်ငန်းများနှင့် ရေရှည်စီမံခန့်ခွဲရေးကိစ္စတို့အား လည်းကောင်း Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများက မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ရေး၊ မြောက်ဦးဒေသ သန့်ရှင်းသာယာလှပရေးတို့ကို အကြံပြုဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရခိုင်သမိုင်းပညာရှင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးစီမံကိန်းအတွက် ဖျာပုံခရိုင်မှ အလှူငွေကျပ် သိန်း ၄၀၀ ကျော် ထည့်ဝင်လှူဒါန်း

**ဖျာပုံ မေ ၆**

ဖျာပုံခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု ထောက်ပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းအတွက် အလှူငွေကျပ် သိန်းလေးရာကျော် ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါ အလှူငွေပေးအပ်ခြင်း အစီအစဉ်ကို မေ ၆ ရက် နံနက် ၁၁ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ပေးရေးနှင့် ပြန်လည်နေရာချထားမှု အကူအညီထောက်ပံ့ရေး ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက တက်ရောက်ကျေးဇူးတင်စကား ပြောကြားပြီး အလှူငွေများ လက်ခံခဲ့သည်။

ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်မြို့နယ်များမှ စုစုပေါင်း အလှူငွေကျပ် ၄၃၉၈၀၀၀၀ တိတိ ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ရရှိခဲ့သော အလှူငွေများဖြင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအတွက် လူနေအိမ်များ ဆောက်လုပ်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## အမ်းမြို့နယ်၌ ရခိုင်ယဉ်ကျေးမှုဆိုင်ရာ စာပေဟောပြော

**အမ်း မေ ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်တွင် ရခိုင်ယဉ်ကျေးမှုဆိုင်ရာ စာပေဟောပြောပွဲကို ဈေးတောင်ရပ်ကွက် အမက (မူလွန်)ကျောင်းအနီး အားကစားကွင်း၌ မေ ၄ ရက် ည ၇ နာရီက ဟောပြောခဲ့ကြောင်း သိရသည်။

စာပေဟောပြောရခြင်း ရည်ရွယ်ချက်အနေဖြင့် ရခိုင်စာပေသမိုင်းယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများ၊ ပညာရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ နည်းပညာဆိုင်ရာတိုးတက်ရေး၊ လူငယ်နှင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရခိုင်ပြည်နယ်သူ ပြည်နယ်သားများ အေးချမ်းသာယာရေး၊ အတွေးအခေါ် မြင့်မားရေးတို့ကို ရည်ရွယ်၍ စာရေးဆရာဒေါက်တာ အေးချမ်း(သမိုင်းပညာရှင်)က ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများ ဘဝနှင့်အတွေ့အကြုံဖြင့် လည်းကောင်း၊ ဇဂျီကျော်(စစ်တွေ)ဟာသသရုပ်ဆောင်က စိတ်အာဟာရခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရမ္မဝတီ(ရှင်ပညာစာရ)နှင့် မောင်လှိုင်(လမု)တို့က ရခိုင်စာပေသမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ရိုးရာဓလေ့များအကြောင်းကိုဟောပြောခဲ့ကြကြောင်း သိရသည်။ အဆိုပါ စာပေဟောပြောပွဲသို့ ဒေသခံပြည်သူများ စုစုပေါင်း ၂၅၀ ခန့် စိတ်ပါဝင်စားစွာဖြင့် လာရောက်နားထောင်အားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက် )**

## မြောက်ဦးမြို့၌ သင်္ကြန်ကာလမူးယစ်အန္တရာယ် အသိပညာပေး ဓာတ်ပုံပြပွဲပြုလုပ်

**မြောက်ဦး မေ ၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်တွင်သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမအတွင်း၌ မေ ၆ ရက် မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါးနှင့် ပတ်သက်သော အသိပညာပေးဓာတ်ပုံပြပွဲကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အန္တရာယ် ကာကွယ်တိုက်ဖျက်ရေး အကြောင်းအရာများနှင့် သင်္ကြန်ကာလအတွင်း မူခင်းကျဆင်းရေး၊ ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်သော မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအန္တရာယ်၏ ဆိုးကျိုးများကို ကျောင်းသား ကျောင်းသူများအနေဖြင့် လေ့လာကြည့်ရှုမှတ်သားပြီး ထိုမှတစ်ဆင့် အသိပညာ၊ ဗဟုသုတရရှိစေရေးတို့အတွက် ရည်ရွယ်ကာ ယခုလို သင်္ကြန်ကာလ မူးယစ်အန္တရာယ် အသိပညာပေး ဓာတ်ပုံပြပွဲအား ပြုလုပ်ပြသပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလတွင်လည်း မူးယစ်ဆေးဝါး ကြိုတင်တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေး မှတ်တမ်းဓာတ်ပုံများ ပြသခြင်း၊ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးသည့် မှတ်တမ်းဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှုနိုင်ရန်နှင့် မူးယစ်အန္တရာယ် အသိပညာပေးဓာတ်ပုံပြပွဲကို အများပြည်သူများ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ရန်အတွက် မေ ၆ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဖားကန့် အတက်၊ အဆင်းယာဉ်များ စတင်လမ်းပွင့်

**မြစ်ကြီးနား မေ ၆**

ဖားကန့်-ကာမိုင်းလမ်း၏ ကပ်မော်ဇွပ်ကျေးရွာအုပ်စု တံတားညီနောင်ကျေးရွာတွင် တိုက်ပွဲဖြစ်ပွားနေသဖြင့် ပြည်သူများ နေအိမ်စွန့်ခွာ ထွက်ပြေးနေပြီး ဖားကန့် အတက်၊ အဆင်းယာဉ်များ ခေတ္တပိတ်မိခဲ့ကြောင်း ယာဉ်မောင်းတစ်ဦးထံမှ သိရသည်။

ဖားကန့်-ကာမိုင်းလမ်း၏ တံတားညီနောင်ကျေးရွာတွင် လမ်းလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့အား ယနေ့ နံနက် ၅ နာရီခွဲက ကေအိုင်အေ လက်နက်ကိုင်အဖွဲ့က လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ယာဉ်မောင်းများထံမှ သိရသည်။



အဆိုပါတိုက်ပွဲကြောင့် ယနေ့နံနက် ၁၁ နာရီခန့်က အထက်တံတားညီနောင်ကျေးရွာနေ ပြည်သူများ နေအိမ်စွန့်ခွာထွက်ပြေးနေပြီး ဖားကန့် အတက်၊ အဆင်းယာဉ်များ နန့်ယားနှင့် အူပင်ကျေးရွာများတွင် ရပ်တန့်ပိတ်မိခဲ့ရာ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် စတင်လမ်းပွင့်သွားပြီဖြစ်ကြောင်း ယာဉ်မောင်းများထံမှ သိရသည်။

အဆိုပါ ဖားကန့်-ကာမိုင်းလမ်း၏ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး နန့်ယားလုံခြုံရေးတပ်ဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဌာနေပြည်သူ့စစ်အဖွဲ့များက တစ်ကြိမ်လျှင် ကား ၁၀ စီးနှုန်း ကြပ်မတ်စေလွှတ်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုဦး၏ ကြပ်မတ်မှုဖြင့် မအီနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းနိုင်သည် မတ်လနောက်ဆုံးပတ်က တောင်ကုတ်မြို့နယ် ကင်းခြေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျေးရွာသားများအား သက်ငယ်မုဒိမ်းမှုကျဆင်းရေး အသိပညာပေးဟောပြောစဉ်။ မြို့နယ်(ပြန်/ဆက်)

## တိမ်အနည်းငယ်ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## လာဘ်စားခဲ့သည့် တရားရေးဝန်ထမ်း နှစ်ဦးအား ရခိုင်ပြည်နယ်တရားလွှတ်တော်သို့ တရားစွဲဆိုတင်ပို့

**နေပြည်တော် မေ ၆**

ရခိုင်ပြည်နယ် သံတွဲမြို့နေ နစ်နာသူက သံတွဲမြို့နယ် တရားရုံး၌ ရာဇဝတ်ကြီးမှုအမှတ် ၁၃၅/၂၀၁၆ အမှုတွင် ကျိုက်ထိုမြို့နယ်တရားသူကြီး (ယခင်သံတွဲမြို့နယ်တရားသူကြီး) ဦးဦးသိန်းထွန်းသည် နစ်နာသူထံမှ လာဘ်ငွေကျပ် ၆၂၁၇၀၀၀ ကို အလီလီရယူခဲ့ခြင်း၊ တရားခံဘက်မှ ငွေကျပ်သိန်း ၁၀၀ ရယူပြီး အမှုအနိုင်ပေးခြင်း၊ သက်သေထွက်ဆိုချက်များအား ပြင်ဆင်ဖြည့်စွက်ခြင်းတို့ ပြုလုပ်ခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားသည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေး အဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မြို့နယ်တရားသူကြီး ဦးဦးသိန်းထွန်းအား မြို့နယ်တရားသူကြီး တစ်ဦးအနေဖြင့် လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကိုအလွဲသုံးစားပြု၍ ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ လည်းကောင်း၊ အထက်တန်းရှေ့နေ ဒေါ်ခင်ချိုဝင်းအား ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/၆၃ အရလည်းကောင်း၊ သံတွဲမြို့ မြို့မရဲစခန်းတွင် မေ ၁ ရက်က အမှုဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

မြို့နယ်တရားသူကြီး ဦးဦးသိန်းထွန်းသည် ထွက်ပြေး တိမ်းရှောင်လျက်ရှိသဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ လည်းကောင်း၊ အထက်တန်းရှေ့နေ ဒေါ်ခင်ချိုဝင်းအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/၆၃ အရ လည်းကောင်း၊ ရခိုင်ပြည်နယ်တရားလွှတ်တော်တွင် ယနေ့ရက်စွဲဖြင့် တရားစွဲဆို တင်ပို့ခဲ့ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့တွင် ရွှေထည်နှင့် ငွေသား ၅၃ သိန်းကျော်ခန့် ဖောက်ထွင်းခံရ

**မြစ်ကြီးနား မေ ၆**

မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက် နယ်မြေ(၁) အမှတ်(၆၁၅)တွင် အိမ်ငှား နေထိုင်သူ ဦးဝေလင်းဖြိုး၏ အိမ်တွင် မေ ၅ ရက် ညနေ ၅ နာရီခန့်က ရွှေထည်နှင့် ငွေသား စုစုပေါင်း ၅၃ သိန်းကျော်ခန့် ဖောက်ထွင်းခံရမှု ဖြစ်ပွားခဲ့ကြောင်း အေးစေတီရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

တရားလို ဦးဝေလင်းဖြိုးသည် နေအိမ်သော့ပိတ်၍ ၎င်း၏ဇနီးနှင့်အတူ ဝိုင်းမော်မြို့နယ် ဆဒုံးမြို့ရှိ လန်နုခ ရေတံခွန်သို့ မွန်းလွဲ ၁ နာရီကျော်က သွားရောက်လည်ပတ်ရာမှ ပြန်ရောက် သည့်အချိန်တွင် နေအိမ် အိပ်ခန်းအတွင်း ခုတင်ပေါ်၌ ပစ္စည်းများ ပြန့်ကျဲနေပြီး ခုတင်ခေါင်းရင်း အံဝှက်အတွင်း ထားရှိသော ရွှေထည်ပစ္စည်း ငါးမျိုးနှင့် ငွေသား ၂၉ သိန်းကျော် ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

"ကျွန်တော့်ကို ညနေ ၅ နာရီကျော်မှာ အကြောင်းကြားလို့ သွားကြည့်တော့ နေအိမ်ဘုရားခန်းရဲ့အောက်ခြေညာဘက် ဘေးက အထပ်သားကွာကျနေတာကို တွေ့ရပြီး စုစုပေါင်း ရွှေထည်ပစ္စည်းနဲ့ ငွေကျပ် ၅၃ သိန်းကျော် ခိုးယူသွားတာပါ" ဟု အေးစေတီရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ပြောသည်။

ထိုအမှုကို မြစ်ကြီးနားမြို့ နယ်မြေရဲစခန်းက အမှုရေးဖွင့်ထားကြောင်း သိရသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလကလည်း အေးစေတီရပ်ကွက် နယ်မြေ(၄) တောင်သူကြီးလမ်း အမှတ်(၄၁၄)၏ နေအိမ်အပေါ်ထပ်တွင် ပစ္စည်းများ မွှေနှောက်ရှာဖွေထားပြီး သားအမိနှစ်ဦးကို ဓားဖြင့် အချက်ပေါင်းများစွာ ထိုးသတ်ထားသည့်အမှုမှာလည်း ယခုအထိ တရားခံကို ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း မရှိသေးကြောင်း သိရသည်။ **မင်းမင်းဦး**

## ခိုးမှုပြစ်ချက်ဟောင်းရှိသူကို ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှု ၁၀ မှု ဖော်ထုတ်ရရှိ

**ရန်ကုန် မေ ၆**

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် မတ် ၃၀ ရက် နံနက် ၂ နာရီက ခိုးမှုပြစ်ချက်ဟောင်းရှိသူအား အောင်မင်္ဂလာအဝေးပြေးဝင်း၌ တွေ့ရှိ၍ ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှု ၁၀ မှု ဖော်ထုတ်ရရှိခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့က ဖမ်းဆီးရမိသူ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာနေ ဘိုဘိုထွန်း(၂၂ နှစ်)အား စစ်ဆေးရာ ၎င်းသည် ကင်းကောင်(ခ)အရှည်ကြီး၊ ဘိုညဏ်တို့နှင့်အတူ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း အင်းစိန်မြို့နယ်မှ Taryan 125 CZI ဆိုင်ကယ်တစ်စီး၊ မင်္ဂလာဒုံမြို့နယ်မှ JLM 110 ဆိုင်ကယ်နှစ်စီး၊ KENBO 110 ဆိုင်ကယ်တစ်စီး၊ Taryan 125 CZI ဆိုင်ကယ်တစ်စီး၊ ရွှေပြည်သာမြို့နယ်မှ 125 CZI ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း၊ အလားတူ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ၎င်းတို့သုံးဦးသည် မင်္ဂလာဒုံမြို့နယ်မှ Toyotur 110 ဆိုင်ကယ်တစ်စီး၊ Kamax 125 CZI ဆိုင်ကယ်တစ်စီး၊ ရွှေပြည်သာမြို့နယ်မှ KENBO 110 ဆိုင်ကယ်တစ်စီး တို့ကိုလည်းကောင်း စုစုပေါင်းဆိုင်ကယ် ၁၀ စီးတို့အား ခိုးယူရောင်းချခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်သူ ဘိုဘိုထွန်းအား သက်ဆိုင်ရာရဲစခန်းများတွင် အမှုများရေးဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ ထွက်ပြေးတိမ်းရှောင်နေသူ ကင်းကောင်(ခ) အရှည်ကြီးနှင့် ဘိုညဏ်တို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာရဲစခန်းများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **ကိုရဲ**

## ဖျာပုံမြို့နယ်၌ လူသတ်ပြီး ရွှေထည်ပစ္စည်းနှင့်ငွေများ ယူဆောင်သွားသူအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ (၁၇)ရပ်ကွက်နေ အမျိုးသမီးတစ်ဦးကို သတ်၍ လက်ဝတ်ရတနာပစ္စည်းများ ယူဆောင်သွားသူအား မေ ၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖျာပုံမြို့(၁၇)ရပ်ကွက်နေ မသန္တာဝင်း (၃၁ နှစ်)မှာ ပျောက်ဆုံးနေသဖြင့် ၎င်း၏အစ်မဖြစ်သူ ဒေါ်ခင်ခင်ထွန်း(၃၉ နှစ်)က မေ ၁ ရက် နံနက် ၇ နာရီက ဖျာပုံမြို့မရဲစခန်းသို့ အကြောင်းကြားထားရှိခဲ့သည်။ မေ ၄ ရက် ညနေ ၅ နာရီခွဲက ဖျာပုံမြို့နယ် ဇန်ဒါပင်ကျေးရွာ ပင်လယ်သောင်ကမ်းစပ်ရှိ ခရာတော၌ အမျိုးသမီး တစ်ဦးအလောင်း တွေ့ရှိကြောင်း သတင်းအရ ဒေါ်ညိမ်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးပြီး ဒေါ်ခင်ခင်ထွန်းအား ခေါ်ယူပြသခဲ့ရာ ၎င်း၏ ညီမဖြစ်သူ မသန္တာဝင်း၏ အလောင်းဖြစ်ကြောင်း အတည်ပြုသဖြင့် ဒေါ်ညိမ်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးခဲ့သည်။

တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းခဲ့စဉ် မေ ၅ ရက်က မသင်္ကာဖွယ်တွေ့ရှိသူ ဉာဏ်လင်း(၂၂ နှစ်)အား စစ်ဆေးရာ မေ ၁ ရက် နံနက် ၇ နာရီခွဲက ဇန်ဒါပင်ကျေးရွာနေ ဆိုင်ကယ် ကယ်ရီမောင်း ဉာဏ်လင်း(၂၂ နှစ်)မှ မသန္တာဝင်းအား ငါးခြောက်ရောင်းရန်ရှိကြောင်းပြောဆို၍ ခေါ်ဆောင်သွားကြောင်း၊ ထို့နောက် ဇန်ဒါပင်ကျေးရွာ သောင်ကမ်းစပ် ခရာတောအရောက်၌ ဆိုင်ကယ်ရပ်ကာ ဉာဏ်လင်းမှ မသန္တာဝင်းအားဆွဲ၍ ခရာတောအတွင်းဆွဲခေါ်စဉ် ရုန်းကန်သောကြောင့် လည်ပင်းညစ်သတ်ခဲ့ပြီး မသန္တာဝင်းထံမှ ဆွဲကြိုး တစ်ကုံး၊ ကျောက်ဆွဲသီးတစ်ခု၊ နားကွင်းတစ်ရန်၊ လက်စွပ်တစ်ကွင်းနှင့် ငွေကျပ် ၆၀၉၀၀၀ တို့အား ယူဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ ဉာဏ်လင်းအား ဒေါ်ညိမ်းနယ်မြေရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## လုပ်သေနတ်အား ဆော့ကစားစဉ် ကျည်ပေါက်ထွက်၍ လူတစ်ဦးသေဆုံး

**နေပြည်တော် မေ ၆**

မံစီမြို့ မောရဝတီရပ်ကွက် လယ်တောရှိ တဲပေါ်၌ လယ်တဲစောင့်လုပ်ကိုင်သူ မောရဝတီရပ်ကွက်နေ မောင်လှကြိုင်(၂၀ နှစ်)သည် ၎င်းကိုင်ဆောင်သည့် လုပ်သေနတ်အား ဆော့ကစားစဉ် ကျည်ပေါက်ထွက်ရာ မောင်လှကြိုင်တွင် ဒဏ်ရာ(စိုးရိမ်ရ)ရရှိ၍ မံစီဆေးရုံမှတစ်ဆင့် ဇန်းမော်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးသွားသောကြောင့် မောင်လှကြိုင်အား မံစီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## စလင်းမြို့နယ်တွင် ဝါးများတင်ဆောင်လာသောယာဉ် တိမ်းမှောက်၍ နှစ်ဦးသေဆုံး

**စလင်း မေ ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စလင်း-စေတုတ္တရာသွားကားလမ်း ဂွင်ကျင်းကျေးရွာ အရှေ့ဘက်မိုင်တိုင်အမှတ် ၈/၅ နှင့် ၈/၆ အနီးတွင် မေ ၆ ရက် နံနက် ၄ နာရီခွဲခန့်က ဝါးကား တိမ်းမှောက်ရာ လူနှစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သစ်ခေါက်တောင်ကျေးရွာအုပ်စု ကိုင်းကြီးကျေးရွာနေ ဦးတင်ဦးပိုင် လယ်ယာသုံးကုန်တင်ယာဉ်တွင် မျောတိုင်နှင့်ဝါးများတင်ဆောင်၍ ကန်ပြားရွာနေ ဟန်ဝင်းကျော်(၃၅ နှစ်)က မောင်းနှင်လာရာ ဂွင်ကျင်းရွာအရှေ့ဘက် မိုင်တိုင် ၈/၅ အရောက်တွင် ကားရှေ့ဘီးပေါက်ပြီး ကားလမ်းဘေးသို့ ထိုးကျကာ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်း ဟန်ဝင်းကျော်နှင့် ယာဉ်ရှေ့ခန်းတွင် လိုက်ပါစီးနင်းလာသူ ဦးတင်ဦး (၆၀ နှစ်) သည် ဝါးကားပိ၍ အခင်းဖြစ်ပွားသည့်နေရာမှာပင် သေဆုံးသွားခဲ့သည်။



အဆိုပါ အခင်းဖြစ်ပွားရာနေရာသို့ ကန်ပြားရဲကင်းမှူး ရဲအုပ်ခိုင်လင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ စလင်းမီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးဌေးမော် ခေါင်းဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ ဝါးနှင့်မျောတိုင်များ ပိနေသူ နှစ်ဦးကို ကယ်ထုတ်ခဲ့သော်လည်း ယာဉ်ပေါ် လိုက်ပါလာသူ နှစ်ဦးလုံး ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လင်းဇင်းရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ရေပူစစ်ဆေးရေးအဖွဲ့ မန္တလေးသွားမည့် ခရီးသည်တင်ယာဉ်ကို စစ်ဆေးရာ EVD စက်နှင့် ဆိုင်ကယ်ဘက်ထရီများ ဖမ်းမိ

**နေပြည်တော် မေ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၄၂ စီး ၊ သွင်းကုန် ၉၅၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၃ စီး၊ သွင်းကုန် အစီး ၂၂၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၅၉ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၈၈၇ သန်းခန့်၊ စုစုပေါင်းတားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၄၇၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၅ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် EVD ၂၄၄ ခု၊ Cycle Battery ၁၅ ဖာ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၅၉ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ မေ ၅ ရက် ရုံးချိန်း၌ စစ်ဆေးနိုင်ခြင်းမရှိ

**ရန်ကုန် မေ ၆**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့အား မေ ၅ ရက် နံနက် ၁၀နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ ရုံးထုတ်ရောက်ရှိခဲ့ပြီး ၎င်းတို့နှင့် သက်ဆိုင်သော အမှုတွဲများသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ပေးပို့ထားသည့်အတွက် မေ ၅ရက်ရုံးချိန်း၌ စစ်ဆေးနိုင်ခြင်းမရှိ၍ ရုံးချိန်းထပ်မံ ပေးထားကြောင်းသိရသည်။

ဆက်လက်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "မြောက်ပိုင်းခရိုင် အထူးတရားခွင်ရုံး ရာဇဝတ်ကြီး အမှုအမှတ် ၄၅/ ၂၀၁၇ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂/၃၄/၁၂၀ လူသတ်မှုနှင့် ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)အမှုတွဲအားလုံး ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ကို ပို့ထားပါတယ်၊ တရားစီရင်ရေးလုပ်ငန်းများ မလုပ်နိုင်သေးပါကြောင်း၊ အမှုတွဲများ ပြန်လည်ရောက်မလာသေးခင်မှာ အချုပ်တရားခံများဖြစ်တဲ့အတွက် ဥပဒေနဲ့အညီ နှစ်ပတ်တစ်ကြိမ် ရုံးချိန်းပေးထားရမှာ ဖြစ်ပါတယ်၊ ဒါကြောင့် မေ ၁၉ ရက်ကို ထပ်မံချိန်းဆိုထားပါတယ်"ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မြိုင်မြို့နယ်၌ သစ်ခုနစ်တန်ခန့် သိမ်းဆည်းရမိ

**မြိုင် မေ ၆** - မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် တောင်ဘို့ကျေးရွာအနီး၌ ပိတောက်သစ် ခုနစ်တန်ခန့်ကို မေ ၆ ရက် နံနက် ၂ နာရီက သိမ်းဆည်းရမိကြောင်း သိရသည်။

မြိုင်မြို့နယ် လင်းကတောနယ်မြေစခန်းမှ ရဲအုပ်ကျော်သူရနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သောင်းညွှန့်ပါ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးမှူး ဦးဝင်းနိုင်ဦးပါ သစ်တောဝန်ထမ်းများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် တောင်ဘို့ကျေးရွာအနီး စောင့်ဆိုင်းနေစဉ် ယာဉ်မောင်း ဖိုးကျော်(၃၅ နှစ်)မောင်းနှင်ပြီး ယာဉ်နောက်လိုက် ထွန်းထွန်း (၃၈ နှစ်) နဝဒေးရပ်ကွက် ပြည်မြို့နေသူ လိုက်ပါလာသည့် AYY3B/---- ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ပိတောက်သစ်တုံး အတုံး ၅၀(ခုနစ်တန်ခန့်)ကို သိမ်းဆည်းရမိသည်။

အဆိုပါသိမ်းဆည်းရမိသည့် သစ်များနှင့် ယာဉ်ကို မြို့နယ်သစ်တောရုံးသို့ မောင်းနှင်ပို့ဆောင်ပြီး လင်းကတောနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **အောင်ကျော်မြင့်**

## တောင်ကိုရီးယား သမ္မတဟောင်း ပတ်ဂွန်ဟေးကို အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ် ၂၄နှစ်ချမှတ်

**ဆိုးလ် ဧပြီ ၆**




တောင်ကိုရီးယား သမ္မတဟောင်း ပတ်ဂွန်ဟေးကို အကျင့်ပျက်ခြစားမှု ကျူးလွန်ကြောင်း တွေ့ရှိခဲ့ပြီး ထောင်ဒဏ် ၂၄ နှစ် နှင့် ငွေဒဏ် ဝမ် ၁၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၇ သန်း) ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဧပြီ ၆ ရက်က ဖော်ပြခဲ့သည်။

တရားရုံးက တောင်ကိုရီးယား သမ္မတဟောင်း ပတ်ဂွန်ဟေးကို ၎င်း၏ ကာလရှည်ကြာ သူငယ်ချင်းလည်းဖြစ် တရားမဝင် အကြံပေးလည်းဖြစ်သူ ချိုင်ဆွန်ဆယ်နှင့် ပူးပေါင်းကြံစည်ပြီး တောင်ကိုရီးယားနိုင်ငံ၏ အကြီးမားဆုံး စီးပွားရေးအင်အားစုဖြစ်သည့် ဆမ်ဆောင်းအုပ်စုမှ ဒေါ်လာငွေပေါင်း သန်းချီလာဘ်စားသည်ဟု ဆိုကာ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

တောင်ကိုရီးယား သမ္မတဟောင်း ပတ်ဂွန်ဟေးသည် ၎င်း၏သူငယ်ချင်းဖြစ်သူ ချိုင်နှင့်ဆက်စပ်သော ဖောင်ဒေး ရှင်း နှစ်ခုသို့ ပုဂ္ဂလိကကုမ္ပဏီများအား အတင်းအကျပ် ငွေများပေးကမ်းခိုင်းသည်ဟု တရားရုံးက ဆိုသည်။ တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွန်ဟေး၏ သူငယ်ချင်းဖြစ်သူ ချိုင်ကိုလည်း တရားရုံး က ထောင်ဒဏ်နှစ် ၂၀ ချမှတ်ထားကြောင်း သိရသည်။

အဆိုပါ အကျင့်ပျက်ခြစားမှုဆိုင်ရာ ပြစ်မှုများသည် တောင်ကိုရီးယားနိုင်ငံတွင် ၂၀၁၆ ခုနှစ်နှောင်းပိုင်းမှ အစပြုခဲ့ခြင်း ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံရေး အသိုင်းအဝိုင်းတွင် အဆိုပါကိစ္စကြောင့် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ကာ ဆန္ဒပြမှုများ နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွန်ဟေး၏ရှေ့နေများသည် ပတ်ဂွန်ဟေးအား တရားရုံးက ထောင်ဒဏ် ၂၄ နှစ်ချမှတ်ခဲ့ခြင်းအပေါ် အယူခံဝင်မည်ဟု မျှော်လင့်ရသည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံတောင်ပိုင်း တူးမြောင်းအတွင်း လယ်ထွန်စက်ပြုတ်ကျရာ လူ ကိုးဦးသေဆုံး

**နယူးဒေလီ ဧပြီ ၆**

အိန္ဒိယနိုင်ငံတောင်ပိုင်း တယ်လန်ဂါနာပြည်နယ်တွင် ဧပြီ ၆ ရက်က လယ်ယာအလုပ်သမားများတင်ဆောင်လာသော ထွန်စက်တစ်စီး တူးမြောင်းတစ်ခုအတွင်း ပြုတ်ကျခဲ့ရာ အနည်းဆုံး အမျိုးသမီးကိုးဦး သေဆုံးခဲ့ကြောင်း၊ ထို့အပြင် ဒဏ်ရာရရှိသူများလည်းရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ လယ်ယာအလုပ်သမားများ တင်ဆောင်လာသော ထွန်စက်သည် တယ်လန်ဂါနာပြည်နယ်မြို့တော် ဟိုင်ဒရာဘတ်၏အရှေ့တောင်ဘက် ၁၂၈ ကီလိုမီတာ အကွာရှိ နယ်လ်ဂွန်ဒါခရိုင် ဝတ်ဒီပတ်လာကျေးရွာအနီးရှိ စီမံကိန်းတူးမြောင်းတစ်ခု အတွင်း သို့ ပြုတ်ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ဒီမနက်ဖြစ်ခဲ့တာ ကြောက်မက်ဖွယ်ကောင်းတဲ့ မတော်တဆမှုဖြစ်ပါတယ်၊ တူးမြောင်းထဲမှ အမျိုးသမီးအလောင်း ကိုးလောင်းဆယ်ယူရရှိခဲ့ပါတယ်”ဟု ရဲအရာရှိ ရမ်မာရတ်ဒီက ပြောကြားခဲ့သည်။

ကျန်ရစ်သူများကို ယခုအခါတွင် ဆယ်တင်နိုင်ခဲ့ပြီး ၎င်းတို့ကို နီးစပ်ရာဆေးရုံသို့ပို့ထားကြောင်းသိရသည်။ လယ်ယာလုပ်သားများသည် နေ့စဉ်အလုပ်လုပ်ရန် ပူလီချာလာကျေးရွာသို့ သွားရောက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောစကားအရ သိရသည်။

ထွန်စက်မောင်းသူမှာ အရှိန်မထိန်းနိုင်ဖြစ်ကာ တူးမြောင်းအတွင်းသို့ ပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း ကနဦးသတင်းများအရသိရသည်။

**ဆင်ဟွာ**

## ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး အမေရိကန်၏ဖိအားများ လျှော့ချသင့်ကြောင်း တရုတ်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများ ပြောကြား

**မော်စကို ဧပြီ ၆**




ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရန် မြောက်ကိုရီးယားနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ စစ်ရေးဆိုင်ရာဖိအားများ လျှော့ချသင့်သည့်အပေါ် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများက တညီတညွတ်တည်း သဘောတူခဲ့ကြသည်။

ဧပြီ ၅ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့၌ တွေ့ဆုံပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်တို့ ပူးတွဲသတင်းစာရှင်းပွဲတစ်ခုပြုလုပ်ခဲ့သည်။

ကိုရီးယား နှစ်ပြည်ထောင်အစည်းအဝေးကို ဧပြီ ၂၇ ရက်တွင် ကျင်းပရန်စီစဉ်ထားခြင်းနှင့် အမေရိကန်-မြောက်ကိုရီးယားအစည်းအဝေးကို မေလနှောင်းပိုင်းတွင် ကျင်းပရန်စီစဉ်ထားသည်ကို ရည်ညွှန်းလျက် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ထိုသို့ ပြောခဲ့ခြင်းဖြစ်သည်။

နျူကလီးယားကို အကြောင်းပြုကာ ဖြစ်ပေါ်လာမည့် စစ်ပွဲများ၊ တင်းမာမှုများကို ရှောင်ရှားဖို့ သက်ဆိုင်ရာပါတီအဖွဲ့အစည်းများအနေဖြင့် ကျင်းပရန်လျာထားသော အစည်းအဝေးများ၌ ကောင်းစွာ ဆွေးနွေးမှုပြုရန် လိုအပ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားအရေးမှာ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အချိန်ကြာမြင့်စွာ ရင်ဆိုင်နေရသော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုနှင့် ဆက်စပ်နေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောခဲ့သည်။

မြောက်ကိုရီးယားနျူကလီးယားအရေးကို သက်ဆိုင်ရာ ပါတီများအနေဖြင့် တစ်ဆင့်ချင်း အားသွန်ခွန်စိုက်ကာ ဖြေရှင်းသင့်ကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် သက်ဆိုင်ရာနိုင်ငံများ၏ အမျိုးမျိုးသော ကိစ္စရပ်များအပေါ် တိုက်ရိုက်ဆွေးနွေးမှုပြုလုပ်နိုင်ရန် ထောက်ပံ့ပေးနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တူရကီအနောက်ပိုင်းတက္ကသိုလ်တစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ လေးဦးသေဆုံး

**အန်ကာရာ ဧပြီ ၆**




တူရကီနိုင်ငံ အနောက်ပိုင်း အက်စ်ကီဆီဟာမြို့ရှိ တက္ကသိုလ်တစ်ခု၌ ဧပြီ ၅ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**လေးဦးသေဆုံး**

သေနတ်ပစ်ခတ်မှုသည် တက္ကသိုလ်၏ အားကစားဘာသာရပ်ဌာနတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သေနတ်ပစ်ခတ်မှုကြောင့် အားကစားဌာန ဒုတိယဌာနမှူး၊ အတွင်းရေးမှူးနှင့် လက်ထောက် သုတေသီ စသည့် ဆရာနှင့် ဝန်ထမ်း လေးဦးသေဆုံးခဲ့ကြောင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် အော့စ်မန်ဂါဇီတက္ကသိုလ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

**ဖမ်းဆီးနိုင်ခဲ့**

သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သူမှာ အသက် ၃၇ နှစ်ရှိ ယင်းဌာနမှ အမျိုးသားလက်ထောက် သုတေသီတစ်ဦးဖြစ်ကြောင်း ဒေသတွင်းမီဒီယာများကဖော်ပြခဲ့သည်။ သေနတ်ပစ်ခတ်မှုသည် ဧပြီ ၅ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေနတ်ပစ်ခတ်မှုကျူးလွန်သူကို ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ပြီး မည်သည့်အတွက်ကြောင့် ပြစ်မှုကျူးလွန်ခဲ့ကြောင်းကိုမူ မသိရသေးချေ။

သေနတ်ပစ်ခတ်မှုကြောင့် တက္ကသိုလ်အတွင်း ရှန်းရင်းဆန်ခတ်ခေတ္တဖြစ်ပွားခဲ့ပြီး တက္ကသိုလ်အနေဖြင့်လည်း အဆိုပါနေ့က ကျင်းပရန် လျာထားသော စာမေးပွဲကို သေနတ်ပစ်ခတ်မှုကြောင့် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

## လွှတ်တော်ကိုဖျက်သိမ်းပြီး ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်မှုများလုပ်ထားရန် မလေးရှားဝန်ကြီးချုပ် ပြောကြား

**ကွာလာလမ်ပူ ဧပြီ ၆**

မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ်ရာဇတ်က မိမိအနေဖြင့် မလေးရှားနိုင်ငံအမြင့်ဆုံးခေါင်းဆောင် Sultan Muhammad Ke V ၏ခွင့်ပြုချက်ကို ရရှိခဲ့ပြီး ဧပြီ ၇ ရက်မှစ၍ လွှတ်တော်ကိုဖျက်သိမ်းကာ အထွေထွေရွေးကောက်ပွဲသစ်အား ကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုများလုပ်ထားရန် သတင်းထုတ်ပြန်ကြေညာခဲ့သည်။

မလေးရှားနိုင်ငံ၏ ဥပဒေသတ်မှတ်ချက်အရ ဝန်ကြီးချုပ်သည် လွှတ်တော်ကို သက်တမ်းမကုန်ဆုံးမီ ကြိုတင်ဖျက်သိမ်းခွင့်အာဏာရှိပြီး အထွေထွေရွေးကောက်ပွဲကို ရက်ပေါင်း ၆၀ အတွင်း ကျင်းပပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။ မလေးရှားနိုင်ငံ၏ လွှတ်တော်သက်တမ်းမှာ ယခုနှစ်ဇွန်လ ၂၄ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

ဧပြီ ၆ ရက်က ဝန်ကြီးချုပ်အိမ်တော်အစည်းအဝေးကျင်းပပြီးနောက် ပြောကြားခဲ့သော မိန့်ခွန်းတွင် ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအသီးသီးအနေဖြင့် လွှတ်တော်များကို ဖျက်သိမ်းရန်အကြံပြုလိုကြောင်း၊ ထိုမှသာ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနှင့် ကွန်ဂရက် ရွေးကောက်ပွဲကို တစ်ချိန်တည်းကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## အော့စ်ပရေးလေယာဉ်များ တိုကျိုရှိ အမေရိကန် လေတပ်စခန်းသို့ ရောက်ရှိ

**ဝါရှင်တန် ဧပြီ ၆**

အမေရိကန် အော့စ်ပရေးသယ်ယူပို့ဆောင်ရေးလေယာဉ်များ တိုကျိုရှိ အမေရိကန်စစ်အခြေစိုက်စခန်းသို့ ရောက်ရှိလာကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဧပြီ ၅ ရက်က ဖော်ပြသည်။ အဆိုပါ အော့စ်ပရေးသယ်ယူပို့ဆောင်ရေးလေယာဉ်အမျိုးအစားသည် ဂျပန်နိုင်ငံ အိုကီနာဝါစီရင်စုအပြင်ဘက်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းသို့ ရောက်ရှိလာသည့် ပထမဆုံး လေယာဉ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

စီဗွီ-၂၂အော့စ်ပရေးသယ်ယူပို့ဆောင်ရေးလေယာဉ် ငါးစင်းသည် တိုကျိုအနောက်ပိုင်း အမေရိကန် ယိုကိုတာလေတပ်အခြေစိုက်စခန်းသို့ ဧပြီ ၅ ရက် နံနက် ၁၁ နာရီခွဲခန့်က ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သယ်ယူပို့ဆောင်ရေးလေယာဉ်များသည် ယင်းလေတပ်အခြေစိုက်စခန်းသို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် လေယာဉ်များကို စစ်ဆေးမှုများထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အော့စ်ပရေးလေယာဉ်ငါးစင်းမှာ ယင်းလေတပ်အခြေစိုက်စခန်း၏ လေ့ကျင့်မှုများတွင် ပါဝင်သွားနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

လာမည့်နှစ် အနည်းငယ်အတွင်း အမေရိကန်နိုင်ငံအနေဖြင့် အော့စ်ပရေးလေယာဉ် ၁၀ စင်းနှင့် အမှုထမ်း ၄၅၀ ခန့်ကို ယိုကိုတာအခြေစိုက်စခန်းသို့ ချထားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံမှ ဆီးရီးယား အကျပ်အတည်းအတွက် အမေရိကန် ဒေါ်လာတစ်သန်း ပေးလှူ

**ပေကျင်း ဧပြီ ၆**

တရုတ်နိုင်ငံသည် ဆီးရီးယားအကျပ်အတည်းတွင် အရေးပေါ်အကူအညီလိုအပ်နေသည့် မိသားစုများအတွက် စားနပ်ရိက္ခာ ဝယ်ယူထောက်ပံ့ရန် အမေရိကန်ဒေါ်လာ တစ်သန်းပေးလှူခဲ့ကြောင်း သိရသည်။


အဆိုပါ ထောက်ပံ့ငွေပေးလှူခြင်းသဘောတူညီချက်ကို ဆီးရီးယားနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)ဆီးရီးယားရုံးတို့ ဧပြီ ၄ ရက်က လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ဆီးရီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချီချန်ကျင့်နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) ဆီးရီးယားရုံးကိုယ်စားလှယ် မစ္စတာ ဂျေကိုခရမ်တို့ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ ၂၀၁၁ ခုနှစ် ဆီးရီးယားအကျပ်အတည်း ဖြစ်ပွားကတည်းက တရုတ်အစိုးရက နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံဖြင့် ဆီးရီးယားကို လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မက္ကဆီကိုနဲ့ အမေရိကန်နယ်စပ်မှာလုံခြုံရေးအတွက် တပ်ဖွဲ့ဝင်တွေချထားဖို့ ထရန့်ပြင်ဆင်

**ဖြိုးစန္ဒီမွေး**



အမေရိကန်နဲ့ မက္ကဆီကိုနိုင်ငံတို့ကြားနယ်စပ်လုံခြုံရေးအတွက် နှစ်နိုင်ငံနယ်စပ်မှာ တံတိုင်းကြီးဆောက်လုပ်မယ်ဆိုပြီး အမေရိကန်သမ္မတထရန့်ကြုံရွယ်ခဲ့တာ သူသမ္မတမဖြစ်ခင်ကတည်းကပါပဲ။ ဘဏ္ဍာရေးဆိုင်ရာအခက်အခဲတွေကြောင့် အခုထိလည်း အကောင်အထည်မဖော်နိုင်သေးပါဘူး။ နယ်စပ်တံတိုင်း ဆောက်လုပ်ရာမှာ ကုန်ကျစရိတ် များလွန်းတာကြောင့် မက္ကဆီကိုနဲ့ အမေရိကန်တို့ဟာ သူပေးရမယ်၊ ငါပေးရမယ်ဆိုပြီး အငြင်းပွားနေကြတာလည်း ကာလအတန်ကြာရှိပါပြီ။ အမေရိကန်သမ္မတအနေနဲ့လည်း ဒီမိုကရက်တွေရဲ့မျက်နှာကိုကြည့်နေရတာကြောင့် တံတိုင်းဆောက်ဖို့အတွက် ပိုက်ဆံကို လိုသလောက်တောင်းလို့မရဘဲ အခက်ကြုံနေရပါတယ်။

### တရားမဝင်ခိုးဝင်မှုတွေများလာ

အဲဒီလိုတွေဖြစ်နေတဲ့ အချိန်မှာပဲ အမေရိကန်နိုင်ငံအတွင်းကို မက္ကဆီကိုနယ်စပ်ကနေတစ်ဆင့် တရားမဝင်ခိုးဝင်နေထိုင်မှုတွေ၊ မူးယစ်မှောင်ခိုကူးမှုတွေနဲ့ ရာဇဝတ်မှုဖြစ်ပွားမှုတွေဟာလည်း များပြားလာတာကြောင့် တောင်ပိုင်းနယ်စပ်မှာ အမျိုးသားလုံခြုံရေးတပ်ဖွဲ့ကိုချထားဖို့ စီစဉ်နေတယ်လို့ အင်္ဂါနေ့ညမှာပဲ အိမ်ဖြူတော်က ကြေညာခဲ့ပါတယ်။

အမေရိကန်မှာ လတ်တလောဖြစ်နေတဲ့ပြဿနာကတော့ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့အတူ ပါလာတဲ့ သူတို့ရဲ့သားသမီးတွေကို အမေရိကန်နိုင်ငံအတွင်းမှာ နေထိုင်ဖို့လက်မခံတော့တာပါပဲ။ အဲဒီအတွက် ဆန္ဒပြပွဲတွေ အများကြီးနဲ့လည်း ကြုံတွေ့နေရပါတယ်။ ဒီတော့ အမေရိကန်နိုင်ငံမှာ လူဝင်မှုပြဿနာနဲ့ ပတ်သက်ပြီး ရှုပ်ထွေးနေတာတော့ အမှန်ပါပဲ။ တနင်္လာနေ့မှာတော့ သမ္မတထရန့်ရဲ့ အကြံပေးက သူဟာ ခိုလှုံသူတွေနဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို တားမြစ်ဖို့ ဥပဒေတွေပြင်ဆင်ဖို့ရာ အဆင်သင့်ဖြစ်နေပြီလို့ ဆိုပါတယ်။ အဲဒီဥပဒေသစ်မှာ ရွှေ့ပြောင်းနေထိုင်သူတွေနဲ့အတူ ပါလာမယ့် သူတို့ရဲ့ ကလေးတွေပါ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်နေထိုင်ခြင်းကို ကန့်သတ်တော့မှာပဲဖြစ်ပါတယ်။

### လုံခြုံရေးချထားဖို့ဆုံးဖြတ်

သတင်းစာရှင်းလင်းပွဲမှာတော့ အမေရိကန်သမ္မတဟာ လက်ရှိလူဝင်မှုကြီးကြပ်ရေးဥပဒေတွေဟာ အသုံးဝင်မှုနည်းပါးတဲ့အတွက် ဗဟိုအမေရိကကနေ အမေရိကန်နိုင်ငံအတွင်းကို အုံနဲ့ကျင်းနဲ့ဝင်ရောက်လာမယ့် ရွှေ့ပြောင်းနေထိုင်သူတွေကို တားမြစ်နိုင်ဖို့ရာ မက္ကဆီကိုနယ်စပ်မှာ လုံခြုံရေးတွေချထားဖို့ဆုံးဖြတ်လိုက်တာပဲဖြစ်တယ်လို့ သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။ အမေရိကန်မှာ လုံခြုံစိတ်ချရမှုနည်းတဲ့ ဥပဒေတွေရှိနေတဲ့အတွက် မက္ကဆီကိုနဲ့ အမေရိကန်နယ်စပ်လုံခြုံရေးအတွက် အခုလိုလုံခြုံရေးတပ်ဖွဲ့ကို ချထားဖို့ လုပ်ဆောင်ရတာဖြစ်တယ်လို့ ထရန့်က ဆိုပါတယ်။ အခုလိုကြေညာမှု မပြုလုပ်မီ အစောပိုင်းနေ့ရက်တွေကတည်းက သမ္မတထရန့်ဟာ အမေရိကန် ကာကွယ်ရေးဝန်ကြီး၊ အမျိုးသားလုံခြုံရေးအဖွဲ့ဝင်တွေနဲ့အတူ သူ့ရဲ့ အုပ်ချုပ်ရေးဆိုင်ရာတွေကို ဆွေးနွေးတိုင်ပင်ခဲ့ပါတယ်။ တရားမဝင် ဝင်ရောက်နေထိုင်သူတွေကို ဘယ်လို တားဆီးကြမလဲ၊ ဗဟိုအမေရိကက လိုမ့်ဝင်လာတဲ့ မူးယစ်ဆေးတွေနဲ့ လူဆိုးဂိုဏ်းတွေကို ဘယ်လိုရင်ဆိုင်ကြမလဲ အစရှိတာတွေကို ဆွေးနွေးခဲ့ကြပါတယ်။

### ဟွန်ဒူးရပ်စ်မှာ နိုင်ငံရေးမတည်ငြိမ်

ဟွန်ဒူးရပ်စ် နိုင်ငံဟာဆိုရင်လည်း ဗဟိုအမေရိကမှာ နိုင်ငံရေးပဋိပက္ခတွေနဲ့ အကြမ်းဖက်မှုတွေဖြစ်ပွားနေတဲ့ နိုင်ငံလည်း ဖြစ်တယ်။ ဟွန်ဒူးရပ်စ်နိုင်ငံအတွင်း နိုင်ငံရေးပဋိပက္ခတွေနဲ့ အခြေအနေမတည်ငြိမ်မှုတွေကြောင့် ရွှေ့ပြောင်းနေထိုင်သူ ၁၂၀၀ ခန့်ဟာ အမေရိကန်နိုင်ငံထဲကို ဝင်ရောက်ဖို့ ကြိုးစားနေပါတယ်။ ဒီလိုဖြစ်ရပ်တွေကြောင့်ပဲ အမေရိကန်ဟာ ဟွန်ဒူးရပ်စ်နိုင်ငံမှာ နိုင်ငံရေးမတည်မငြိမ်ဖြစ်မှာကို စိုးရိမ်တာပါ။

သမ္မတထရန့်ကတော့ သူစတင်သမ္မတဖြစ်ကတည်းကပဲ လူဝင်မှုပြဿနာကို ကောင်းကောင်းကိုင်တွယ်မယ်လို့ ကြွေးကြော်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒီတော့ ဒီကိစ္စတွေဟာ သူ့အတွက်တော့ မျက်စိဆံပင်မွေးစူးစရာတွေပါပဲ။ လူဝင်မှုကြီးကြပ်ရေးအတွက် ရှေ့နေတွေကတော့ ထရန့်ရဲ့လက်ရှိလုပ်ရပ်ဟာ တကယ်တမ်းကျတော့ နိုင်ငံရေးလှည့်ကွက်သာဖြစ်တယ်လို့ ရှုတ်ချကြပါတယ်။

ထရန့်ဟာ သူကတိပေးခဲ့သလို မက္ကဆီကိုနယ်စပ်မှာ တံတိုင်းဆောက်မယ်ဆိုတဲ့ ကတိကိုလည်း မတည်နိုင်ဘူး။ အဲဒီအတွက် ကုန်ကျမယ့်စရိတ်ကို မပေးနိုင်တဲ့အခါ နောက်ထပ်လှည့်ကွက်တစ်ခုအနေနဲ့ အမျိုးသားလုံခြုံရေးတပ်ဖွဲ့ကို နယ်စပ်မှာ တပ်ဖြန့်ချထားမယ်ဆိုတဲ့ ကြေညာချက် ထွက်ပေါ်လာတာပဲ ဖြစ်တယ်လို့ နယူးယောက်မြို့မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ မူဝါဒမှ ညွှန်ကြားရေးမှူး ကီဗင်အက်ပလီဘိုင်က ပြောပါတယ်။

ဟွန်ဒူးရပ်စ်က လူတွေကတော့ သူတို့ဟာ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်နေထိုင်ခွင့်ရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ မက္ကဆီကိုနိုင်ငံကို ဝင်ရောက်လာခဲ့ကြတာပဲ ဖြစ်တယ်။ ဟွန်ဒူးရပ်စ်နိုင်ငံအတွင်းက လိုမ့်ဝင်လာမယ့် ရွှေ့ပြောင်းနေထိုင်သူတွေကို စိုးရိမ်တာကြောင့် အမျိုးသားလုံခြုံရေးတပ်ဖွဲ့ကို နယ်စပ်မှာ ချထားဖို့ ဆုံးဖြတ်လိုက်တာလားလို့လည်း တွေးတောလို့ရပါတယ်။

### အရေးကြီးတဲ့ခြေလှမ်း

နှစ်နိုင်ငံနယ်စပ်မှာ တံတိုင်းမဆောက်ရခင် အချိန်အထိ နယ်စပ်လုံခြုံရေးကို အမေရိကန်တပ်ဖွဲ့ကပဲ စောင့်ရှောက်ရမယ်။ ဒါဟာ အရေးကြီးတဲ့ ခြေလှမ်းလည်း ဖြစ်တယ်။ ကျွန်တော်တို့ဟာ အရင်ကလည်း ဘာမှအကောင်အထည် မဖော်ခဲ့ကြပါဘူးလို့ ထရန့်က ပြောခဲ့ပါတယ်။ ထရန့်ကတော့ အမေရိကန်ရဲ့ လူဝင်မှုကြီးကြပ်ရေး ဥပဒေဟာ အားရစရာမရှိဘူးလို့ ပြောင်ပြောင် တင်းတင်းပဲ ဝေဖန်ခဲ့တာပဲဖြစ်ပါတယ်။ ဒီလို အားနည်းတဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေကြောင့်လည်း ဗဟိုအမေရိကက လူတွေဟာ အမေရိကန်နိုင်ငံအတွင်းကို လိမ့်ဝင်လာတာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

### ကုန်သွယ်ရေးသဘောတူစာချုပ်ကို ထိခိုက်မှာလား

သမ္မတထရန့်ဟာ မက္ကဆီကိုနိုင်ငံဘက်ကိုလည်း ဖိအားပေးမှုတွေ ပြုလုပ်ထားပါသေးတယ်။ မက္ကဆီကိုကနေတစ်ဆင့် ခိုးဝင်လာသူတွေကို မတားဆီးနိုင်ဘူးဆိုရင် မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုကို ထိခိုက်နိုင်လိမ့်မယ်လို့ ခြိမ်းခြောက်မှု ပြုလုပ်ခဲ့တာပဲ ဖြစ်တယ်။ ဒီလိုမျိုး သတင်းတွေ ထွက်ပေါ်လာခဲ့ပေမယ့် အိမ်ဖြူတော်ကတော့ ထရန့်ဟာ မက္ကဆီကိုသမ္မတနဲ့ စကားပြောဆိုခဲ့ခြင်းမရှိဘူးလို့ ငြင်းဆိုထားပါတယ်။

အခုလို မက္ကဆီကိုနယ်စပ်မှာ လုံခြုံရေးတပ်ဖွဲ့တွေ တာဝန်ချထားတာဟာ သမ္မတထရန့်လက်ထက်ကျမှ လုပ်ဖြစ်တာ မဟုတ်ပါဘူး။ သူ့အရင် သမ္မတတွေလက်ထက်တုန်းကလည်း ဒီလိုပါပဲ။ ၂၀၁၀ ပြည့်နှစ် သမ္မတအိုဘားမားလက်ထက်မှာလည်း တပ်ဖွဲ့ဝင် ၁၂၀၀ ကို နယ်စပ်မှာ တာဝန်ချထားဖူးပါတယ်။

ဒီလိုပါပဲ သမ္မတဂျော့ဒဗလျူဘုရှ်လက်ထက် ၂၀၀၆ ခုနှစ်မှာလည်း တပ်ဖွဲ့ဝင် ၆၀၀၀ ကို နယ်စပ်မှာ တာဝန်ချထားဖူးပါတယ်။ တောင်ဘက်ပိုင်းကနေ တရားမဝင် ဝင်ရောက်နေထိုင်သူတွေ လိမ့်ဝင်လာတဲ့အခါမှာလည်း နယ်စပ်က ပြည်နယ်အုပ်ချုပ်ရေးမှူးတွေဟာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို နယ်စပ်မှာ တာဝန်ချထားလေ့ရှိပါတယ်။

### အကောင်းဆုံးလုပ်ဆောင်မှု တစ်ရပ်

သမ္မတထရန့်ကတော့ ဖေဖော်ဝါရီလကတည်းက တရားမဝင်နေထိုင်သူတွေနဲ့ပတ်သက်ပြီး နှိမ်နင်းမှုတွေစတင်ခဲ့တာပဲ ဖြစ်တယ်။ ဗဟိုအမေရိက ကနေ အမေရိကန်ထဲကို ခိုလှုံခွင့်တောင်းကာ ဝင်ရောက်နေထိုင်ကြမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ မက္ကဆီကို နယ်စပ်ကနေတစ်ဆင့် အမေရိကန်နိုင်ငံထဲကို ဝင်ရောက်ဖို့ ကြိုးစားနေကြတဲ့ ခရီးသည်အုပ်စုတွေကို တားမြစ်ဖို့လည်း မက္ကဆီကိုဘက်က ကြိုးစားပေးသင့်တယ်လို့ ဆိုပါတယ်။

မက္ကဆီကို၊ ကနေဒါနိုင်ငံတို့နဲ့အတူ မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီမှုအတွက် အသစ်ပြန်လည်ဆွေးနွေးမှုတွေ ပြုလုပ်နေပေမယ့် နယ်စပ်လုံခြုံရေးပြဿနာနဲ့ ပတ်သက်ပြီးတော့ ဒီသဘောတူစာချုပ်မှာ ထည့်သွင်းဆွေးနွေးမှုတွေ ပြုလုပ်သွားမှာ မဟုတ်ဘူးလို့ ထရန့်က ပြောပါတယ်။ အမေရိကန်မှာလူဝင်မှုပြဿနာတွေကိုတင်းကျပ်နေတဲ့အချိန်မှာ အချိန်ကိုက်ဆိုသလို ဟွန်ဒူးရပ်စ်မှာလည်း နိုင်ငံရေးပဋိပက္ခတွေ ဖြစ်ပွားလို့နေပါတယ်။ ဒီတော့ ဟွန်ဒူးရပ်စ်ကထွက်ပြေးလာတဲ့လူတွေ အမေရိကန်နိုင်ငံအတွင်းကို ခိုလှုံခွင့်တောင်းမှာစိုးရိမ်စရာဖြစ်လာခဲ့ပါတယ်။

အမေရိကန်ကတော့ ဒီပြဿနာတွေအဆင်မပြေရင် ဟွန်ဒူးရပ်စ်ကို အကူအညီပေးမှုတွေ ဖြတ်တောက်မယ်လို့ ခြိမ်းခြောက်ထားပါတယ်။ ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲတွေကြောင့် မက္ကဆီကိုနယ်စပ်မှာ တံတိုင်းဆောက်ဖို့ဆိုတာ မဖြစ်နိုင်သေးတဲ့ကာလမှာ အမျိုးသားလုံခြုံရေးတပ်ဖွဲ့တွေကို နယ်စပ်မှာ တာဝန်ချထားတာဟာ ထရန့်အတွက် အကောင်းဆုံးလုပ်ဆောင်မှုတစ်ရပ်ပါပဲ။ ရွေးကောက်ပွဲအတွက် မဲဆွယ်စဉ်ကာလက ကတိပေးခဲ့တဲ့အတိုင်း မတည်နိုင်ခဲ့သေးပေမယ့် သူ့အနေနဲ့ အကောင်းဆုံး ဆောင်ရွက်နေတယ်ဆိုတာ ပြသနေသလိုပါပဲ။ ရွှေ့ပြောင်းနေထိုင်သူတွေရဲ့ ရှေ့နေတွေ၊ အကျိုးဆောင်တွေကထရန့်ကို ဘယ်လိုမျိုးပဲ ဝေဖန်နေကြပါစေ ထရန့်ကတော့ ဂရုစိုက်နေမယ့် လူမဟုတ်ပါဘူး။ သူ့ရဲ့ရည်ရွယ်ချက်အတိုင်း လူဝင်မှုကြီးကြပ်ရေးတွေကို လုပ်ဆောင်သွားမှာပါ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

(င) ညွှန်ကြားရေးမှူးချုပ်သည် ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်ထံ ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို ပေးပို့ပြီးချိန်တွင် ယင်းအကြောင်းကြားစာ မိတ္တူကို အခွန်ထမ်းထံ တတ်နိုင်သမျှ ဆောလျင်စွာ ပေးပို့အတည်ပြု ရမည်။

(စ) ဤပုဒ်မအရ ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်က ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးဆောင်ရမည့် ပမာဏသည် ကြွေးမြီရှိသူတတိယပုဂ္ဂိုလ်၏ ကိုယ်တိုင် ပေးရန်တာဝန်ဖြစ်ပြီး ယင်းကို အခွန်ကောက်ခံသည့် နည်းလမ်းအတိုင်း ကောက်ခံနိုင်သည်။

(ဆ) အခွန်ထမ်းအား ပေးဆပ်ရန်ရှိသည့် ငွေကြေးတွင် အောက်ပါတို့ပါဝင်သည်-

(၁) အခွန်ထမ်းအား လက်ရှိပေးဆပ်ရန် သို့မဟုတ် ဆက်လက်ပေးဆပ်ရန် ရှိလာနိုင်မည့်ပမာဏ၊

(၂) အခွန်ထမ်းအတွက် သို့မဟုတ် အခွန်ထမ်းကိုယ်စား ထိန်းသိမ်းထားသော သို့မဟုတ် ဆက်လက်ထိန်းသိမ်းထားရန် ရှိလာနိုင်သော ပမာဏ၊

(၃) အခွန်ထမ်းသို့ ငွေကြေးပေးအပ်ရန်အတွက် တတိယပုဂ္ဂိုလ် ကိုယ်စား ထိန်းသိမ်းထားသော သို့မဟုတ် ဆက်လက်ထိန်းသိမ်းထားရန် ရှိလာနိုင်သောပမာဏ၊

(၄) အခွန်ထမ်းသို့ ငွေကြေးပေးအပ်ရန် တတိယပုဂ္ဂိုလ်ထံမှ အခွင့်အာဏာရရှိထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးမှ ထိန်းသိမ်းထားသည့် ပမာဏနှင့်

(၅) ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်သည် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုဖြစ်ပါက အခွန်ထမ်းမှ ယင်းငွေရေးကြေးရေးအဖွဲ့အစည်း တွင်အပ်နှံထားသည့် ငွေပမာဏ။

(ဇ) အခွန်ပေးဆောင်ရန် ပျက်ကွက်သည့် အခွန်ထမ်း၏ အလုပ်ရှင်ထံ အကြောင်းကြားစာပေးပို့၍ ယင်းအလုပ်ရှင်က အခွန်ထမ်းသို့ ပေးချေရမည့် လုပ်ခ သို့မဟုတ် လစာ၏ တစ်စိတ်တစ်ပိုင်းကို သတ်မှတ်ထားသည့် ကာလတစ်ခုအတွက် ဖြတ်တောက်နုတ်ယူ၍ ဦးစီးဌာနသို့ပေးသွင်းရန် တောင်းဆိုနိုင်သည်။

(ဈ) ပုဒ်မခွဲ (ဇ)တွင် ဖော်ပြထားသည့် အကြောင်းကြားစာအရ နုတ်ယူရာတွင် တစ်လစာလုပ်ခ၊ လစာနှင့် ပင်စင်များ၏ ပထမ ကျပ် ၁၅၀၀၀၀ ကို နုတ်ယူခြင်း မပြုရပေ။

(ည) ဤပုဒ်မအရ ညွှန်ကြားရေးမှူးချုပ်သို့ အခွန်ပေးဆောင်သော တတိယ ပုဂ္ဂိုလ်သည် ယင်းသို့ပေးဆောင်ခဲ့သည့် ငွေပမာဏအထိ တတိယပုဂ္ဂိုလ် က ပေးရန်ကြွေးမြီတာဝန်ကို ကင်းရှင်းပြေလည်အောင်ပေးပြီး ဖြစ်သည် ဟု မှတ်ယူရမည်။

ရှင်းလင်းချက်။ ဤပုဒ်မတွင် -

(၁) **“ငွေကြေး”**ဟု ဆိုရာ၌ ငွေကြေးတန်ဖိုးအားဖြင့် ဖော်ပြသည့် သို့မဟုတ် ငွေကြေးအားဖြင့် ပေးဆပ်ရမည့် ကြွေးမြီတာဝန်လည်း ပါဝင်သည်။

(၂) **“အခွန်ထမ်းနှင့် စပ်လျဉ်းသည့် ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်”** ဆိုသည်မှာ အခွန်ထမ်းသို့ ငွေကြေးပေးဆပ်ရန်ရှိသည့် ပုဂ္ဂိုလ်ကို ဆိုသည်။

**အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ခြင်း**

၆၁။(က) ပုဒ်မ ၆၀ အရ ညွှန်ကြားရေးမှူးချုပ်အား အခွန်ပေးဆောင်သည့် တတိယ ပုဂ္ဂိုလ်သည်-

(၁) အခွန်ထမ်းနှင့် အခြားသက်ဆိုင်သူအားလုံး၏ အခွင့်အာဏာဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်၊

(၂) ပေးဆောင်မှုနှင့် စပ်လျဉ်း၍ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ် ကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းအားလုံးနှင့် တရားစီရင်ရေး လုပ်ငန်းစဉ် သို့မဟုတ် တရားစီရင်ရေး ပြင်ပလုပ်ငန်းစဉ်များ အားလုံးအတွက် ကင်းလွတ်ခွင့်ရှိစေရမည်။

(ခ) ပုဒ်မခွဲ (က)သည် ပြဋ္ဌာန်းဥပဒေ၊ စာချုပ် သို့မဟုတ် သဘောတူညီ ချက်ပါ အချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်စေကာမူ သက်ရောက်မှုရှိစေ ရမည်။

(ဂ) ပုဒ်မ ၆၀အရ ထုတ်ပြန်သည့် အကြောင်းကြားစာသည် ယင်းတွင်ဖော်ပြပါ အခွန် သို့မဟုတ် တာဝန်များကိုထမ်းဆောင်ပြီးလျှင်ဖြစ်စေ၊ ညွှန်ကြား ရေးမှူးချုပ်က ယင်းအကြောင်းကြားစာကို ရုပ်သိမ်းသင့်ကြောင်း လုံလောက်သောအကြောင်းရှိသည်ဟု ဆုံးဖြတ်လျှင်ဖြစ်စေ ဆက်လက် သက်ရောက်မှု မရှိစေရ။

(ဃ) ပုဒ်မ ၆၀ အရ ထုတ်ပြန်သည့်အကြောင်းကြားစာကို လက်ခံရရှိသည့် တတိယပုဂ္ဂိုလ်သည် အခွန်ထမ်းကို ပေးဆပ်ရမည့် သို့မဟုတ် အခွန်ထမ်း အတွက် ထိန်းသိမ်းထားသည့် ငွေကြေးမရှိဟူသည့် အကြောင်းကြောင့် ယင်းအကြောင်းကြားစာကို လိုက်နာဆောင်ရွက်နိုင်ခြင်း မရှိပါက ယင်းပုဂ္ဂိုလ်သည် ညွှန်ကြားရေးမှူးချုပ်ထံသို့စာဖြင့်အကြောင်း ပြန်ကြား ရမည်။

(င) တတိယပုဂ္ဂိုလ်၏ အကြောင်းပြန်ကြားစာတွင် -

(၁) မစွမ်းဆောင်နိုင်သည့် အကြောင်းရင်းများကို ဖော်ပြရမည်၊

(၂) တတိယပုဂ္ဂိုလ်အနေဖြင့် ပေးဆောင်ရန် မစွမ်းဆောင်နိုင်ကြောင်း သိရှိပြီးနောက် ပုဒ်မ ၆၀ ပါ အကြောင်းကြားစာတွင် ဖော်ပြထားသည့် ပေးဆောင်ရမည့် နေ့ရက်မတိုင်မီ ဆောလျင်စွာ ပြန်ကြားရမည်။

(စ) ညွှန်ကြားရေးမှူးချုပ်သည် တတိယပုဂ္ဂိုလ်၏ အကြောင်းပြန်ကြားစာကို လက်ခံရရှိလျှင် တတိယပုဂ္ဂိုလ်ထံ အကြောင်းကြားစာပေးပို့ အတည်ပြု၍-

(၁) တတိယပုဂ္ဂိုလ် အကြောင်းကြားစာကိုလက်ခံပြီးနောက် ပယ်ဖျက် ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်နိုင်သည် သို့မဟုတ်

(၂) တတိယပုဂ္ဂိုလ်အကြောင်းကြားစာကို ငြင်းပယ်နိုင်သည်။

(ဆ) တတိယပုဂ္ဂိုလ်၏ အကြောင်းပြန်ကြားစာ တင်သွင်းခြင်းသည် ညွှန်ကြား ရေးမှူးချုပ်က ပုဒ်မ ၆၀ ပါ အကြောင်းကြားစာကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းမပြုသရွေ့ ပုဒ်မ ၆၀ အရ ပေးဆောင်ရမည့် ပမာဏများအတွက် ယင်းတတိယပုဂ္ဂိုလ်ကိုယ်တိုင် တာဝန်ရှိမှုအပေါ် အကျိုးသက်ရောက်မှု တစ်စုံတစ်ရာ မရှိစေရ။

ရှင်းလင်းချက်။ ဤပုဒ်မပါ **“တတိယပုဂ္ဂိုလ်”** ဆိုသည်မှာ ပုဒ်မ ၆၀ အရ အကြောင်းကြား စာဖြင့် ပေးအပ်အတည်ပြုခြင်းခံရသည့် ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်ကို ဆိုသည်။

**လက်တစ်ကမ်းမဟုတ်သည့် လွှဲပြောင်းလက်ခံသူများ**

၆၂။ (က) ညွှန်ကြားရေးမှူးချုပ်သိရှိသည့် အခွန်ထမ်းပိုင်ပစ္စည်းကို သိမ်းဆည်း ထုခွဲရောင်းချပြီးသည့်နောက် အခွန်ထမ်း၏ ပေးဆောင်ရန် တာဝန်သည် ကျေပွန်ခြင်းမရှိသေးပါက ပစ္စည်းသိမ်းဆည်းသည့်နေ့ရက်မတိုင်မီ တစ်နှစ် အတွင်း အခွန်ထမ်း၏ ပိုင်ဆိုင်ပစ္စည်းကို အကျိုးစီးပွားဆက်နွယ်မှုမရှိသော လုပ်ငန်းများအချင်းချင်းအကြား လွတ်လပ်စွာသတ်မှတ်သည့် အဖိုးစားနား ဖြင့် လွှဲပြောင်းပေးခြင်းကဲ့သို့ မဟုတ်ပါက တစ်နည်းအားဖြင့် လက်တစ်ကမ်း လွှဲပြောင်းမှုမဟုတ်သည့် လွှဲပြောင်းမှုတစ်ခုဖြင့် လက်ခံရရှိခဲ့သည့် ပုဂ္ဂိုလ် တစ်ဦးအနေဖြင့် ယင်းလက်ခံရရှိသည့် ပိုင်ဆိုင်ပစ္စည်း၏ တန်ဖိုးအတိုင်း အတာအထိ ပေးဆောင်ရန် တစ်ဆင့်ခံအားဖြင့် တာဝန်ရှိသည်။

(ခ) ပုဒ်မခွဲ (က)သည် ပုဒ်မ ၄၂ အရ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ပေးဆောင်ရန် တာဝန်ရှိသည့် ပမာဏအပေါ်သက်ရောက်ခြင်း မရှိစေရ။

**ပစ္စည်းထိန်း**

၆၃။ (က) ပစ္စည်းထိန်းသည် ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခံရကြောင်းကို ယင်းသို့ ခန့်အပ်ခံရပြီး ၁၄ ရက်အတွင်း ညွှန်ကြားရေးမှူးချုပ်အား အကြောင်း ကြားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပစ္စည်းထိန်း လက်ဝယ်ရှိသည့် သို့မဟုတ် စောင့်ရှောက်ထားသည့် ပိုင်ဆိုင်ပစ္စည်းများ၏ ပိုင်ရှင်ဖြစ်သူပုဂ္ဂိုလ်အနေဖြင့် ပေးဆောင်ရမည့် သို့မဟုတ် ပေးဆောင်ရန်ရှိလာမည့် အခွန်ပမာဏအတွက် လုံလောက်သည်ဟု ညွှန်ကြားရေးမှူးချုပ်က ထင်မြင်သည့်ပမာဏကို ပစ္စည်းထိန်းအား အကြောင်းကြားနိုင်သည်။

(ဂ) ပစ္စည်းထိန်းတစ်ဦးသည် ပစ္စည်းထိန်းအဖြစ် ယင်းထိန်းသိမ်းထားသော နိုင်ငံတော်အတွင်းတည်ရှိသည့် ပိုင်ဆိုင်ပစ္စည်းတစ်စုံတစ်ရာကို ညွှန်ကြား ရေးမှူးချုပ်၏ ကြိုတင်ခွင့်ပြုချက်မရဘဲ လွှဲပြောင်းရောင်းချခြင်း သို့မဟုတ် ကုန်ခန်းအောင် ဆောင်ရွက်ခြင်း မပြုရ။

(ဃ) ပစ္စည်းထိန်းသည်ပုဒ်မခွဲ (ခ) အရ ညွှန်ကြားရေးမှူးချုပ်က အကြောင်းကြား ထားသည့် ပမာဏ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်ကသဘောတူသည့် ယင်းထက်လျော့နည်းသောပမာဏတစ်ရပ်ကို ပိုင်ဆိုင်ပစ္စည်းတစ်စုံတစ်ရာ ရောင်းရငွေမှ ဖယ်ထုတ်ထားရမည်။

(င) ပစ္စည်းထိန်းတစ်ဦးသည် ဤပုဒ်မနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ယင်းအနေဖြင့် ပုဒ်မခွဲ (ခ)တွင် ဖော်ပြထားသည့် အခွန် ပမာဏအတွက်ပုဒ်မခွဲ (ဃ)အရ ဖယ်ထုတ်ထားရမည့် ပမာဏအထိ ပေးဆောင်ရန် ကိုယ်တိုင်တာဝန်ရှိသည်။

ရှင်းလင်းချက်။ ဤပုဒ်မအရ **“ပစ္စည်းထိန်း”**ဟုဆိုရာတွင် နိုင်ငံတော်အတွင်း တည်ရှိသည့် ပိုင်ဆိုင်ပစ္စည်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သော အောက်ပါပုဂ္ဂိုလ်များကို ဆိုသည် -

(၁) ကုမ္ပဏီ သို့မဟုတ် သီးခြားရပ်တည်သည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စု တစ်ခုခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရန် တာဝန်ပေးအပ်ခြင်းခံရသူ၊

(၂) တရားရုံးက ခန့်အပ်သည့် သို့မဟုတ် တရားရုံးပြင်ပတွင် ခန့်အပ်သည့်ပစ္စည်းထိန်း၊

(၃) လူမွဲအဖြစ်ခံယူခြင်းအတွက် ယုံမှတ်အပ်နှံခြင်းခံရသူ၊

(၄) လက်ဝယ်ထိန်းသိမ်းထားသည့် အပေါင်ခံသူ၊

(၅) ကွယ်လွန်သူတစ်ဦးချင်းပုဂ္ဂိုလ်၏ ပိုင်ဆိုင်မှုများအတွက် သေတမ်း စာအတည်ပြုသူ၊ အမွေထိန်း သို့မဟုတ် အမွေဆက်ခံသူ၊

(၆) မစွမ်းဆောင်နိုင်သည့်တစ်ဦးချင်းပုဂ္ဂိုလ်၏ ကိစ္စရပ်များကို ဆောင်ရွက် ပေးလျက်ရှိသူ၊

(၇) ပုဂ္ဂိုလ်စုတစ်ခုပြန်လည်ဖွဲ့စည်းရာတွင် ဆက်ခံသူ။

## အခန်း (၉)
## ဒဏ်ကြေးငွေများ

**ယေဘုယျပြဋ္ဌာန်းချက်များ**

၆၄။ (က) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ သော်လည်း ကောင်း တပ်ရိုက်သည့်ဒဏ်ကြေးငွေများအပေါ် အကျိုးသက်ရောက်မှု ရှိစေရမည်။

(ခ) အခွန်စည်းကြပ်ခြင်း၊ ပေးဆောင်ခြင်း၊ ကောက်ခံခြင်းနှင့် အငြင်းပွားခြင်း တို့အတွက် ကျင့်သုံးသော လုပ်ထုံးလုပ်နည်းများသည် အခွန်တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ဒဏ်ကြေးငွေများအပေါ်တွင်လည်း အလားတူ အကျိုး သက်ရောက်စေရမည်။

(ဂ) ဤအခန်းပါ ပုဒ်မတစ်ခုခုအရ ပုဂ္ဂိုလ်တစ်ဦးဦးက ပေးဆောင်ရမည့် ဒဏ်ကြေးငွေသည် ဤဥပဒေနှင့် မသက်ဆိုင်သည့် အခြားအခွန်ဥပဒေ တစ်ရပ်ရပ်အရ ယင်းပုဂ္ဂိုလ်ပေးဆောင်ရမည့် ဒဏ်ကြေးငွေရှိလျှင် ယင်းဒဏ်ကြေးငွေနှင့် သီးခြားစီဖြစ်ပြီး ဤဥပဒေ၏အခန်း (၇) အရ ပေးဆောင်ရမည့်အတိုးအပြင် ပေးဆောင်ရန်ဖြစ်သည်။

(ဃ) ဒဏ်ကြေးငွေချမှတ်ခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေ သို့မဟုတ် ဤဥပဒေ သက်ရောက်သည့်အခွန်ဥပဒေများ၏ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း သက်သေပြရန် တာဝန်သည် ညွှန်ကြားရေးမှူးချုပ် တွင် ကျရောက်သည်။

(င) ညွှန်ကြားရေးမှူးချုပ်သည်ဒဏ်ကြေးငွေကို ဤဥပဒေအရပေးဆောင်ရ မည့် အခွန်ကဲ့သို့ စည်းကြပ်မှုပြုနိုင်ပြီး ဒဏ်ကြေးငွေပေးဆောင်ရမည့် ရက်စွဲကို သတ်မှတ်နိုင်သည်။

(စ) ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားစာကို ဒဏ်ကြေးငွေပေးဆောင် ရမည့် ပုဂ္ဂိုလ်ထံပေးပို့ အတည်ပြုရမည်ဖြစ်ပြီး ပေးဆောင်ရမည့် ဒဏ်ကြေးငွေပမာဏ၊ ဒဏ်ကြေးငွေတပ်ရိုက်စေသည့် ဥပဒေပုဒ်မနှင့် ပေးဆောင်ရမည့် နောက်ဆုံးသတ်မှတ်ရက်တို့ကို ဖော်ပြရမည်။ ထိုသို့ အကြောင်းကြားစာပေးပို့အတည်ပြုရာတွင် -

(၁) ဒဏ်ကြေးငွေပေးဆောင်ရန် အကြောင်းကြားခြင်းနှင့် စည်းကြပ် ခြင်းသည် ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကို အကြောင်း ကြားခြင်းနှင့် စည်းကြပ်ခြင်းကဲ့သို့ မှတ်ယူရမည်၊

(၂) အကြောင်းကြားစာတွင် ဖော်ပြထားသည့်ဒဏ်ကြေးငွေပမာဏကို ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကဲ့သို့ မှတ်ယူရမည်၊

(၃) ပေးဆောင်ရမည့် နောက်ဆုံးသတ်မှတ်ရက်သည် အကြောင်းကြား စာတွင် ဖော်ပြထားသည့်ရက်ဖြစ်သည်၊

(ဆ) ပုဂ္ဂိုလ်တစ်ဦး၏ ဒဏ်ကြေးငွေပေးဆောင်ရမည့် တာဝန်သည် ပုဒ်မခွဲ(စ) အရ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်ချိန်မှ စတင် ပေါ်ပေါက် သည်။

(ဇ) ဒဏ်ကြေးငွေစည်းကြပ်ရန် ကာလစည်းကမ်းသတ်သည် ဒဏ်ကြေးငွေ ကျသင့်စေသည့် ပျက်ကွက်မှုဖြစ်ပွားပြီးနောက် ခုနစ်နှစ်ဖြစ်သည်။ သို့ရာတွင် ပျက်ကွက်မှုတွင် အခွန်ထမ်းက လိမ်လည်၍ သို့မဟုတ် တမင် လျစ်လျူရှု၍ မမှန်ကန်သော သတင်းအချက်အလက်များ ပေးပို့ခြင်းပါဝင် ပါက ဒဏ်ကြေးငွေစည်းကြပ်ရန် ကာလစည်းကမ်းသတ်သည် ၁၂ နှစ် ဖြစ်သည်။

(ဈ) ဒဏ်ကြေးငွေပေးဆောင်ရမည့် ပုဂ္ဂိုလ်ကလုံလောက်သောအကြောင်း ပြချက် တင်ပြလျှင် ညွှန်ကြားရေးမှူးချုပ်သည်-

(၁) ဒဏ်ကြေးငွေစည်းကြပ်ခြင်းကို အလုံးစုံသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ရပ်စဲနိုင်သည်၊

(၂) စည်းကြပ်ပြီးသည့် ဒဏ်ကြေးငွေကို အလုံးစုံသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ည) ကိစ္စရပ်တစ်ခုပေါ်ပေါက်သည့် သို့မဟုတ် ဆက်လက်တည်ရှိနေသည့် ရက်၊ လ သို့မဟုတ် အခြားကာလတစ်ရပ်အတွက် ပေးဆောင်ရမည့် ဒဏ်ကြေးငွေကို ယင်းကိစ္စရပ်စတင်ပေါ်ပေါက်သည့် သို့မဟုတ် ဆက်လက် တည်ရှိနေသည့် သို့မဟုတ် ပြီးဆုံးသည့်ရက်၊ လ သို့မဟုတ် အခြားကာလတစ်ရပ်၏ အစိတ်ပိုင်းအတွက် အပြည့်ပေးဆောင်ရမည်။

**မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် အခွန်ထမ်းဆိုင်ရာ သတင်းအချက်အလက် ပြောင်းလဲမှုကိုအကြောင်းကြားရန် ပျက်ကွက်ခြင်း**

၆၅။ မည်သူမဆိုအောက်ပါ ပျက်ကွက်မှုတစ်ရပ်ရပ်ကိုကျူးလွန်ပါက ပေးဆောင်ရမည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ကြေးငွေအဖြစ်ချမှတ်ရမည် -

(က) အခွန်ထမ်းအဖြစ် ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊

(ခ) ပုဒ်မ၈၊ပုဒ်မခွဲ(စ) နှင့် ပုဒ်မခွဲ (ဆ)တို့အရ အခွန်ထမ်းဆိုင်ရာ သတင်း အချက်အလက်အပြောင်းအလဲကို ညွှန်ကြားရေးမှူးချုပ်အား အသိပေး ရန် ပျက်ကွက်ခြင်း၊

(ဂ) သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ထမ်းမှတ်ပုံတင် ပယ်ဖျက်ခြင်းကို ဥပဒေနှင့်အညီ လျှောက်ထားရန် ပျက်ကွက်ခြင်း။

**ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စုနှင့် မြီရှင်မှတ်စုများကို မမှန်မကန် ဖော်ပြခြင်း**

၆၆။ (က) မည်သူမဆို အောက်ပါကျူးလွန်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပါက နှစ်သိန်း ငါးသောင်းထက်မပိုသောဒ ဏ်ကြေးငွေပေးဆောင်ရမည် -

(၁) မမှန်ကန်သော သို့မဟုတ် ယင်းနှင့် မသက်ဆိုင်သည့် အခွန်ထမ်း မှတ်ပုံတင်အမှတ်ကို အသုံးပြုခြင်း၊

(၂) မမှန်ကန်သော ငွေတောင်းခံလွှာ သို့မဟုတ် အရောင်းပြေစာ ထုတ်ပေးခြင်း၊

(၃) မမှန်ကန်သော မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုထုတ်ပေးခြင်း၊

(၄) ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စု များကို ဥပဒေနှင့်အညီပေးအပ်ရန် ပျက်ကွက်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

## ဖျော်ဖြေရေး မိုဘိုင်းအက်ပလီကေးရှင်းသစ်တစ်ခုကို အမ်ပီတီက စတင်မိတ်ဆက်

**ရန်ကုန် ဧပြီ ၆**

မြန်မာ့ဦးဆောင်ဆက်သွယ်ရေး MPT နှင့် Big 9 တို့ ပူးပေါင်း၍ MPT သုံးစွဲသူများအတွက် တေးသီချင်းများအပါအဝင် အခြားဖျော်ဖြေရေးကဏ္ဍများ ပါဝင်မည့် Big 9 Go အက်ပလီကေးရှင်းကို မတ် ၃၀ ရက်က စတင်မိတ်ဆက်ခဲ့သည်။

MPT သုံးစွဲသူများအနေဖြင့် အဆိုပါ Big 9 Go အက်ပလီကေးရှင်းမှတစ်ဆင့် နောက်ဆုံးပေါ် တေးဂီတ ရုပ်သံ ဗီဒီယိုများကို ရယူကြည့်ရှုနိုင်မည့်အပြင် အထူးသီးသန့် ဖျော်ဖြေရေး အစီအစဉ်များကိုလည်း ရယူခံစားနိုင်မည်ဖြစ်ကြောင်း၊ Big 9 Go အက်ပလီကေးရှင်းမှာ ပြည်တွင်းထုတ် ဖျော်ဖြေရေးဝန်ဆောင်မှု အက်ပလီကေးရှင်းတစ်ခုဖြစ်ပြီး Iron Cross Music Band မှ နိုင်ငံကျော် အဆိုတော်များဖြစ်သော လေးဖြူနှင့် မျိုးကြီးတို့က ဦးစီးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ Big 9 Go အက်ပလီကေးရှင်းဖြင့် Iron Cross ဝိုင်းတော်သားများ၏ သီချင်းများကို ရရှိနိုင်မည့်အပြင် Lifestyle, ဖျော်ဖြေရေး၊ ဖက်ရှင်နှင့် အလှအပရေးရာ၊ ကျန်းမာရေး၊ အားကစား၊ ခရီးသွားတင်ဆက်မှု စသည့် ကဏ္ဍများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

MPT သုံးစွဲသူများအနေဖြင့် Big 9 Go အက်ပလီကေးရှင်းကို တစ်ရက်လျှင် ၉၉ ကျပ်နှုန်းဖြင့် ရယူနိုင်မည်ဖြစ်ကာ စတင်ရယူသုံးစွဲသူတိုင်း တစ်ပတ်အခမဲ့သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အက်ပလီကေးရှင်းဖြင့် အင်တာနက်အသုံးပြုသည့်အတွက် အသုံးပြုခမှာမူ သီးသန့် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

MPT-KSGM Joint Operations ၏ တာဝန်ရှိသူ Mr. Rezio Umeda က "ကျွန်တော်တို့ MPT အနေနဲ့ သုံးစွဲသူတွေအတွက် တေးသီချင်းနဲ့ ဖျော်ဖြေရေးကဏ္ဍများ ယူဆောင်လာပေးမယ့် Big 9 နဲ့ ပူးပေါင်းဆောင်ရွက်နိုင်လို့ သုံးစွဲသူတွေက မိုဘိုင်းလ်ဖုန်းထဲမှာ သီချင်းနှင့် အခြားသော ဗီဒီယိုတွေကို သိမ်းဆည်းဖို့ နေရာပေးစရာမလိုဘဲ MPT ရဲ့ မြန်နှုန်းမြင့် 4G LTE+ ကွန်ရက်ပေါ်ကနေတစ်ဆင့် တိုက်ရိုက်ခံစားကြည့်ရှုလို့ရပါပြီ"ဟု ပြောသည်။

Big 9 Go အက်ပလီကေးရှင်းကို အန်းဒရွိုက်ဖုန်းများတွင်သာ ရယူအသုံးပြုနိုင်မည်ဖြစ်ပြီး Google Play တွင်ဖြစ်စေ၊ Lotayamm.com ဝက်ဘ်ဆိုက်တွင်ဖြစ်စေ ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## အူရီဒူး M-ပိုက်ဆံဖြင့် iTunes နှင့် ပလေးစတိုးအတွက် ငွေပေးချေနိုင်

**ရန်ကုန် ဧပြီ ၆**

အူရီဒူးမြန်မာက ဝန်ဆောင်မှုပေးလျက်ရှိသော အွန်လိုင်း ငွေကြေးဝန်ဆောင်မှုတစ်ခုဖြစ်သည့် M-ပိုက်ဆံဖြင့် Apple ၏ မီဒီယာစတိုးဖြစ်သည့် iTunes နှင့် Google ၏ အက်ပလီကေးရှင်းစတိုးဖြစ်သည့် Play Store တို့အတွက် ဒီဂျစ်တယ်ကူပွန်နှင့် E-Commerce ငွေပေးချေမှုစနစ်များကို ဧပြီ ၄ ရက်မှစ၍ ငွေပေးချေ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

M-ပိုက်ဆံ ဝန်ဆောင်မှုကို သုံးစွဲသူများအားလုံးအတွက် M-ပိုက်ဆံ အက်ပလီကေးရှင်းကို အသုံးပြုကာ အက်ပလီကေးရှင်းတွင် ပါဝင်သည့် Gift Cards ကဏ္ဍထဲမှတစ်ဆင့် Google Play Store, Apple iTunes, Steam Wallet, EasyPoints နှင့် Viber Out တို့အတွက် ကူပွန်များနှင့် ဘောက်ချာများကို ဝယ်ယူနိုင်မည်ဖြစ်သည်။

ယခင်က မြန်မာနိုင်ငံရှိ ပြည်သူအများစုသည် ပထဝီဝင်အနေအထား၊ နည်းပညာအနေအထားနှင့် ငွေကြေးပိုင်းဆိုင်ရာဝန်ဆောင်မှု စသည့်အချက်များကြောင့် အွန်လိုင်းမှတစ်ဆင့် ဝယ်ယူအသုံးပြုရမည့် ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်ရန် ကန့်သတ်ချက်များစွာ ရှိခဲ့ကာ Google Play Store မှ အန်းဒရွိုက်အက်ပလီကေးရှင်းများ၊ Apple iTunes မှ တေးသီချင်းများနှင့် အက်ပလီကေးရှင်းများကို ဝယ်ယူရန် အခက်အခဲရှိခဲ့သလို ဂိမ်းများကစားရန် အွန်လိုင်းမှဝယ်ယူရသော Coins များ၊ Viber အတွက် အွန်လိုင်းမှဝယ်ရသော စတစ်ကာများနှင့် Viber VOIP ဝန်ဆောင်မှုအတွက် ငွေဖြည့်ခြင်းများကို ပြုလုပ်ရန်လည်း အခက်အခဲများ ရှိခဲ့သည်။

ယခု အူရီဒူးမြန်မာ၏ M-ပိုက်ဆံ ဝန်ဆောင်မှုအရ M-ပိုက်ဆံသုံးစွဲသူများအနေဖြင့် အဆိုပါ လိုအပ်ချက်များကို အွန်လိုင်းမှတစ်ဆင့် အဆင်ပြေချောမွေ့စွာဖြင့် ဝယ်ယူနိုင်တော့မည်ဖြစ်ပြီး အဆိုပါ ဘောက်ချာများနှင့် ကူပွန်များ အားလုံးကို ဝယ်ယူရာတွင် အပိုဝန်ဆောင်ခ ပေးဆောင်စရာမလိုဘဲ ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

M-ပိုက်ဆံအနေဖြင့် သုံးစွဲသူများ အဆင်ပြေချောမွေ့စေရန်အတွက် E-Commerce ငွေပေးချေစနစ်ကိုလည်း ဝန်ဆောင်မှုပေးထားပြီး မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် NOK Air တို့မှ လေယာဉ်လက်မှတ်များ ဝယ်ယူရာတွင် M-ပိုက်ဆံဖြင့် ငွေပေးချေနိုင်မည်ဖြစ်ကာ flymya.com တွင် ရရှိနိုင်သည့် ခရီးသွားဝန်ဆောင်မှုများဖြစ်သည့် လေယာဉ်လက်မှတ်များနှင့် အဝေးပြေးကားလက်မှတ်များ ဝယ်ယူခြင်း၊ ဟိုတယ်များ၊ သွားလာလည်ပတ်စရာ နေရာများနှင့် ခရီးစဉ်များကို ကြိုတင်စာရင်းသွင်းခြင်း စသည်တို့အတွက်လည်း M-ပိုက်ဆံဖြင့် ငွေပေးချေနိုင်မည်ဖြစ်သည်။ ထို့အပြင် အွန်လိုင်းဈေးဆိုင်များဖြစ်သည့် SG Shop Myanmar, Myan Pwel နှင့် 123 payment service တို့တွင်လည်း M-ပိုက်ဆံဖြင့် ဈေးဝယ်နိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာမှ တာဝန်ရှိသူ Mr. Jacques Voogt က "ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ငွေသားဖြင့်သာ အခြေခံဆောင်ရွက်နေတဲ့ စီးပွားရေးစနစ်ကို ဒီဂျစ်တယ်ပိုက်ဆံစနစ်အပေါ် အခြေခံတဲ့ လွယ်ကူလျင်မြန်ပြီး လုံခြုံစိတ်ချရမှုရှိတဲ့ ဝန်ဆောင်မှုအသစ် ဖန်တီးပေးလိုပါတယ်၊ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ငွေပေးချေမှုနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုပုံစံကို ကျွန်တော်တို့ရဲ့ M-ပိုက်ဆံဝန်ဆောင်မှုနဲ့ ပြောင်းလဲဖော်ဆောင်ပေးလျက်ရှိပါတယ် "ဟု ပြောသည်။

M-ပိုက်ဆံကိုအသုံးပြုပြီး iTunes နှင့် Play store တို့မှ ကူပွန်များနှင့် ဘောက်ချာများ ဝယ်ယူနိုင်မည့် အဆိုပါ ဝန်ဆောင်မှုသစ်ကိုသာမက M-ပိုက်ဆံ အသုံးပြုသူများအားလုံးအနေဖြင့် မိမိတို့ကိုယ်ပိုင် ဆင်းကတ်များ၊ အခြားသူများ၏ အူရီဒူးဆင်းကတ်များနှင့် အခြားအော်ပရေတာများ၏ ဆင်းကတ်များသို့ပါ ဖုန်းငွေဖြည့်ပေးနိုင်မည့် ဝန်ဆောင်မှုသစ်တစ်ခုကိုလည်း အူရီဒူးမြန်မာက မတ် ၃၀ ရက်က စတင်ဝန်ဆောင်မှုပေးထားသည်။

M-ပိုက်ဆံသည် အူရီဒူးသုံးစွဲသူများ အားလုံးအတွက် လွယ်ကူပြီး လုံခြုံစိတ်ချရသည့်နည်းလမ်းဖြင့် ငွေလွှဲခြင်း၊ လက်ခံခြင်း၊ ဖုန်းဘီလ်ဝယ်ယူခြင်း၊ မိုဘိုင်းဖုန်းမှတစ်ဆင့် ငွေပေးချေခြင်းများကို ပြုလုပ်နိုင်ရန် ဝန်ဆောင်ပေးနေသည့် ဝန်ဆောင်မှုဖြစ်ရာ M-ပိုက်ဆံကိုသုံး၍ နေ့စဉ် ငွေလွှဲနိုင်မည့် ပမာဏကိုလည်း ယခင်က ကျပ်နှစ်သိန်းမှ မတ် ၃၀ ရက်မှစ၍ ကျပ် ငါးသိန်းအထိ တိုးမြှင့်သတ်မှတ်ထားကြောင်း သိရသည်။ အူရီဒူးဆင်းကတ်များကို အသုံးပြုနေသူများအနေဖြင့် M-ပိုက်ဆံ ဝန်ဆောင်မှုကို စတင်ရယူ သုံးစွဲရန်အတွက် *999# သို့ ဖုန်းခေါ်ဆိုပြီး စာရင်းသွင်းကာ ဆက်လက်အသုံးပြုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## အာရှ ရှစ်နိုင်ငံ၌ တယ်လီနောအင်တာနက်ကို ပြည်တွင်းနှုန်းထားဖြင့် အသုံးပြုနိုင်

**ရန်ကုန် ဧပြီ ၆**

တယ်လီနောမြန်မာ၏ မိုဘိုင်းကွန်ရက်ကို အသုံးပြုနေသူများအတွက် ASIA 8 အမည်ဖြင့် အင်တာနက် ပရိုမိုးရှင်းအစီအစဉ်သစ်ကို တယ်လီနောက ဧပြီ ၃ ရက်မှ စတင်မိတ်ဆက်ခဲ့ပြီး ထိုပရိုမိုးရှင်းအရ ထိုင်း၊ မလေးရှား၊ တရုတ်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနှင့် ထိုင်ဝမ်နိုင်ငံများသို့ သွားရောက်လည်ပတ်သူများနှင့် သွားရောက်အလုပ်လုပ်ကိုင်နေသူများအနေဖြင့် တယ်လီနော၏ အင်တာနက်ကို ပြည်တွင်းနှုန်းထားဖြစ်သည့် တစ်မဂ္ဂါဘိုက်လျှင် ရှစ်ကျပ်နှုန်းဖြင့် အသုံးပြုနိုင်ပြီဖြစ် ကြောင်း သိရသည်။

တယ်လီနော အသုံးပြုသူများအနေနှင့် ထိုနိုင်ငံများတွင် အင်တာနက်အသုံးပြုမည်ဆိုပါက မည်သည့် အခကြေးငွေ၊ စာရင်းပေးသွင်းမှုမှ ထပ်မံမလိုအပ်ဘဲ ပြည်တွင်းနှုန်းထားအတိုင်း တစ်မဂ္ဂါဘိုက်လျှင် ရှစ်ကျပ်ဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယခင်က ထိုနိုင်ငံများအတွက် အင်တာနက်နှုန်းထားများမှာ နိုင်ငံအပေါ်မူတည်၍ တစ်မဂ္ဂါဘိုက်လျှင် အနည်းဆုံး ၅၀၀ ကျပ်အထိ ကျသင့်ကြောင်း၊ ယခုအချိန်မှာ သင်္ကြန်ပွဲတော်ရက်နီးလာပြီး ထိုနိုင်ငံ ရှစ်နိုင်ငံမှာ မြန်မာလူမျိုးများ သွားရောက်လည်ပတ် မှုများသည့် နိုင်ငံများဖြစ်၍ အသုံးပြုသူများ အဆင်ပြေစေရန် ASIA 8 ပရိုမိုးရှင်းအစီအစဉ်ကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပရိုမိုးရှင်းအစီအစဉ်ကို ဧပြီ ၃ ရက်မှ စတင်ပြီး တယ်လီနောမှ ထပ်မံ၍ သတင်းမထုတ်ပြန်မီ အချိန်အထိ ထိုအစီအစဉ်အတိုင်း အသုံး ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ကွန်ပျူတာတစ်လုံးကို ဝယ်ယူတော့မယ်ဆိုရင်

ဟိုတစ်လောက ဖိုးကျော်တစ်ယောက် facebook ပေါ်မှာ စာတစ်ပုဒ်ဖတ်လိုက်ပါတယ်။ ဖိုးကျော်ကျင်လည်နေတဲ့ အိုင်တီပိုင်းဆိုင်ရာနဲ့ပတ်သက်ပြီး ရေးထားတဲ့စာတစ်ပုဒ်ဖြစ်တာကြောင့် ပိုပြီးဂရုပြု ဖတ်မိခဲ့ပါတယ်။ ရေးထားသူက နည်းပညာတက္ကသိုလ်တက်နေတဲ့ ကျောင်းသူမိန်းကလေးတစ်ယောက်ပါ။ သူရေးထားတဲ့အကြောင်းအရာကတော့ ဖိုးကျော်တို့ ပတ်ဝန်းကျင်မှာ အမြဲလိုလိုကြားနေ မြင်နေရတဲ့ ပြဿနာမျိုးပါ။ အစပိုင်းတော့ မပြောတော့ပါဘူးလေဆိုပြီး ငြိမ်နေတာပါပဲ။ ဒါပေမယ့် အခုနောက်ပိုင်း အဲလိုအဖြစ်အပျက်မျိုးက ကြာလာလေလေ ပိုများလာလေလေဖြစ်လာပြီး ဖိုးကျော်တို့လို အိုင်တီနည်းပညာသမားတွေကို မကောင်းဘူးလိုလို၊ လူညစ်တွေလိုလို ပြောလာတာတွေ ကို မြင်လာကြားလာရပြန်တယ်။ အဲလိုတွေ အပြောခံလာရတာ ကြောင့် ဒီဆောင်းပါးကို ရေးမိတာပါ။

အပေါ်မှာပြောထားတဲ့ ဖတ်မိတဲ့အကြောင်းအရာကတော့ အဲဒီ နည်းပညာတက္ကသိုလ် ကျောင်းသူလေးက Laptop ကွန်ပျူတာတစ်လုံးကို နာမည်ကြီးဆိုင်ကြီးတစ်ဆိုင်ကိုသွားပြီး ဝယ်ယူပါတယ်။ သူရေးသားထားပုံအရ သူနဲ့ သူ့သူငယ်ချင်းတစ်ယောက် အတူသွားဝယ်ခဲ့ကြတာပါ။ ကျောင်းစာတွေလုပ်တဲ့အခါမှာ အသုံးပြုဖို့လိုအပ်လို့ သွားဝယ်တာပါ။ ထုံးစံအတိုင်း ဆိုင်က အရောင်းစာရေးတွေက ရွှန်းရွှန်းဝေအောင်ပြောပြီး ရောင်းကြတာပေါ့။ ဘယ်ဟာက ဘယ်လိုကောင်းတာ၊ ဘယ်လို လက်ဆောင်တွေရတာ၊ အာမခံ ဘယ်နှနှစ်ပေးတာ ဘာညာ စသည့်ဖြင့်ပေါ့ဗျာ။

အဲလိုနဲ့ ကျောင်းသူလေးဟာ Specification တော်တော်မြင့်တဲ့ Laptop တစ်လုံးကို ဝယ်လိုက်ပြီး လိုအပ်တဲ့ application တွေ တင်ဖို့အတွက် အဲဒီကျောင်းသူလေးကို ဆိုင်က ခဏစောင့်ခိုင်းတယ်၊ ညနေလောက်မှ လာယူပါလို့ ချိန်းလိုက်တယ်။ နည်းပညာတက္ကသိုလ်တက်နေတဲ့ ကျောင်းသူဆိုတော့ အင်ဂျင်နီယာနဲ့ သက်ဆိုင်တဲ့ software တွေကို တစ်ခါတည်း အပြည့်အစုံတင်ပေးဖို့ အချိန်ယူတာပါလို့ ပြောလိုက်တယ်။ အဲဒါနဲ့ ကျောင်းသူလေးက ချိန်းထားတဲ့အချိန်မှာ သွားယူတော့ software လေးတစ်ခုနှစ်ခု ကျန်နေသေးလို့ဆိုပြီး မပြီးသေးဘဲ နှစ်နာရီနီးပါးလောက် ထပ်စောင့်ခိုင်းတယ်လို့ သိရပါတယ်။ အဲလောက် အချိန်ကြာပြီးမှ သူ့ရဲ့ Laptop ကို ရတယ်။ သူကလည်း ဘာမှစစ်ဆေးမနေတော့ဘဲ ဒီအတိုင်းယူလာပြီး သူ့အဆောင်ပြန်ရောက်လို့ ကွန်ပျူတာကိုဖွင့်ကြည့်တော့ သူလိုချင်တဲ့ ဆော့ဖ်ဝဲတွေ တစ်ခုမှ ပါမလာဘူး။ ပါလာတာက Auto Cad တို့ Math lab တို့လိုဟာမျိုးတွေ ဖြစ်နေတယ်။

အဲဒါနဲ့ သူက ချက်ချင်း ဆိုင်ကို တစ်ခေါက်ပြန်သွားတယ်။ ဆိုင်ရောက်တော့ သူသုံးချင်တဲ့ ဟာတွေ ပါမလာဘူးလို့ပြောပြီး ပြန်တင်ခိုင်းတယ်။ ဆိုင်ကလည်း အကုန်တင်ပေးထားတယ်လို့ ပြောတယ်။ သူလိုတာတွေကို ပြန်တင်ပေးရမယ်ဆိုရင် ဒီနေ့တော့မရဘူး၊ နောက်နေ့မှရမယ်လို့ ဆိုင်က ပြန်ပြောတယ်။ သူကလည်း နေ့တစ်ဝက်လောက်စောင့်ရပြီး ချိန်းတဲ့အချိန် ရောက်လာတော့လည်း နောက်ထပ်နှစ်နာရီလောက် ထပ်စောင့်ရသလို အခု လိုချင်တာတွေပါမလာလို့ ပြန်လာတင်ခိုင်းတော့လည်း



ထပ်ချိန်းတယ်ဆိုတော့ မစောင့်နိုင်ဘူးလို့ ပြောတယ်။ အဲဒီမှာ ပြဿနာက နည်းနည်း အစပျိုးနေပြီ။ တကယ့်ပြဿနာက အဲဒါ မဟုတ်ဘူး၊ ဒါက အစပျိုးတာပဲ ရှိသေးတာ။

သူရေးထားတဲ့စာကို ဒီလောက်အထိဖတ်မိရင်ပဲ ဖိုးကျော် သိနေပါပြီ။ အဲဒီဆိုင်ရဲ့ စီမံခန့်ခွဲမှုက တော်တော်ညံ့နေတယ်ဆိုတာကိုပေါ့။ နေ့တစ်ဝက်လောက်ခွာပြီး ချိန်းတယ်။ လာယူတဲ့အချိန်မှာ အသင့်မဖြစ်သေးလို့ နှစ်နာရီလောက် ထပ်စောင့်ရတယ်။ ဘာလို့စောင့်ရလဲဆိုတော့ ကောင်မလေးလာယူတဲ့အချိန်ကျမှ ဆော့ဖ်ဝဲတွေကို စပြီးတင်ပေးတာ။ အဲဒီအရင်က တင်ကို မတင်ရသေးဘူး။ ဒါကြောင့် အချိန် နှစ်နာရီလောက် ယူလိုက်ရတာပါ။ တစ်ခုနှစ်ခုကျန်တာကို တင်ဖို့အတွက်တော့ အချိန်နှစ်နာရီ မကြာပါဘူး။ နောက်ပြီး တင်ပေးလိုက်တာတွေကလည်း ကျောင်းသူလေးမလိုတဲ့ ဆော့ဖ်ဝဲတွေ။

အဲလိုနဲ့ ပြဿနာတွေတက်ကြတော့ ဆိုင်ဆားဗစ်သမားတစ်ယောက် ကောင်မလေးနဲ့ ထွက်တွေ့တယ်။ သူတို့က အင်ဂျင်နီယာသုံးဆော့ဖ်ဝဲတွေ အကုန်တင်ပေးထားပြီးပြီပေါ့။ ဘာလိုနေလို့ လဲလို့ မေးတယ်။ ကျောင်းသူလေးက သူလိုချင်တာ visual studio တို့၊ SQL Server တို့ဖြစ်ကြောင်းပြောတော့ အဲ့ဒါက အင်ဂျင်နီယာနဲ့ဆိုင်တာမဟုတ်ဘဲ ကွန်ပျူတာကျောင်းသားတွေပဲ သုံးကြတဲ့ဟာတွေလို့ ပြန်ပြောတယ်။ ကျောင်းသူလေးက သူဟာ အိုင်တီအထူးပြုကျောင်းသူဖြစ်လို့ အဲ့ဒါတွေသုံးဖို့လိုအပ်လို့ ပြန်တင်ပေးဖို့ ပြန်ပြောတယ်။ ဒါပေမယ့် သူ့ကွန်ပျူတာကို ထားခဲ့ရတာပါပဲ။ ချက်ချင်းမရပါဘူး။ နောက်တစ်နေ့မှာ သွားယူရတာပါပဲ။

ဒီလိုဖြစ်ရတာ ဆိုင်ကလူတွေရဲ့အပြစ်ချည်း မဟုတ်ပါဘူး။ ကျောင်းသူလေးရဲ့အပြစ်လည်း ပါပါတယ်။ သူသာသူလိုချင်တာ ဒီဆော့ဖ်ဝဲတွေပါလို့ အစကတည်းကပြောပြီး ထည့်သွင်းခိုင်းရင် အခုလိုကိစ္စမျိုး ကြုံမှာမဟုတ်ပါဘူး။ ဒီနေရာမှာ ဖိုးကျော်တစ်ခုတော့ ပြောချင်ပါတယ်။ ဖိုးကျော်တို့ လေ့လာသင်ကြားခဲ့ရတဲ့ IT (Information Technology) ဆိုတာကလည်း အင်ဂျင်နီယာ နည်းပညာတစ်ရပ်ပါ။ ကျွန်တော်တို့လည်း အင်ဂျင်နီယာတွေပါပဲ။ လမ်းဖောက်မှ တံတားဆောက်မှ စက်ပစ္စည်းတွေကို ပြုပြင်တီထွင်မှ အင်ဂျင်နီယာလို့ သတ်မှတ်ကြတာလားဗျာ။

ကျောင်းသူလေးအကြောင်း ဆက်ပြောရအောင်။ ဒီလိုနဲ့ ကျောင်းသူလေးက နောက်နေ့နံနက်မှာ သူ့ကွန်ပျူတာကို လာယူတယ်။ သူလိုချင်တဲ့ဆော့ဖ်ဝဲတွေလည်း အပြည့်အစုံပါတယ်။ အဲလိုနဲ့ ကွန်ပျူတာကို သူစသုံးပါတယ်။ လူငယ်တော်တော်များများရဲ့ ထုံးစံအတိုင်း ကွန်ပျူတာဆိုတာက အင်တာနက်သုံးဖို့၊ ဇာတ်ကားကြည့်ဖို့နဲ့ သီချင်းနားထောင်ဖို့က ပထမပါ။ ကျန်တာက နောက်မှလာတာပါ။ Laptop အသစ်နဲ့ ဇာတ်ကားကြည့်ပါတယ်။ အဆင်မပြေပါဘူး။ ဇာတ်ကား DVD ထည့်ပြီး power dvd နဲ့ ဖွင့်တယ်၊ အဆင်မပြေဘူး။ နောက်ထပ် player တစ်ခုနဲ့ ဖွင့်ကြည့်တယ်၊ အဆင်မပြေသေးပါဘူး။ နောက်တစ်မျိုးစမ်းကြည့်တယ်၊ ပိုဆိုးသွားပါတယ်၊ မော်နီတာပေါ်မှာပါ အရိပ်တွေ ထင်လာတယ်။ ပုံတွေ folder တွေက နှစ်ထပ်ဖြစ်လာတယ်။ ရုပ်ပုံတွေကို ကောင်းကောင်းမမြင်ရဘဲ အရိပ်တွေ ထင်လာတယ်။ ပြဿနာက စပါပြီ။

ကျောင်းသူလေးက ဆိုင်ကိုပြန်သွားပါတယ်။ ယူသွားတာမှ တစ်ရက်ပဲရှိသေးတယ်။ အခု ပြဿနာတွေတက်နေတယ်၊ ပြုပြင်ပေးပါဆိုပြီး ဆိုင်ကိုသွားပေးတယ်။ ဆိုင်က လက်ခံလိုက်ပြီး နောက်ထပ်နှစ်ရက် ချိန်းလိုက်တယ်။ ကျောင်းသူလေးကလည်း ချိန်းတဲ့ရက်မှာ သွားယူတယ်။ ကွန်ပျူတာကို ဖွင့်စစ်ကြည့်တော့ အဆင်ပြေတယ်။ အဲဒါနဲ့ သူပြန်ယူသွားတယ်။ သူ့အဆောင်ရောက်လို့ ဖွင့်သုံးတော့ ပထမရက်၊ ဒုတိယရက် ဘာမှမဖြစ်သေးဘူး။ တတိယရက်ကျတော့ အရင်လိုတွေ ပြန်ဖြစ်လာတယ်။ အဲဒီတော့ ဆိုင်ကိုထပ်သွားပြပြီး warranty ပြန်ပေးဖို့ ပြောတယ်။ ဆိုင်ကလည်း လက်ခံထားလိုက်တယ်။ warranty ပြန်ဖို့ နှစ်ပတ်လောက် ချိန်းလိုက်တယ်။ ကောင်မလေးကလည်း ဘာမှမပြောဘဲ ထားခဲ့ပြီး ပြန်လာတယ်။ အခုအကြောင်းအရာကို facebook မှာတင်ပြီး ကွန်ပျူတာဆိုင်တွေက ဘယ်လို၊ ဆိုင်တွေရဲ့ ဆားဗစ်သမားတွေက ဘယ်လိုဆိုပြီး သူရေးတဲ့စာကို အဆုံးသတ်သွားတယ်။

အဆုံးသပ်ကတော့ နည်းပညာသမားတွေ မကောင်းလို့ပေါ့ဆိုတာမျိုး ပြောသွားတာပါပဲ။ အခု ကျောင်းသူလေးကြုံရတဲ့ ပြဿနာက တော်တော်များများ ကြုံလေ့ရှိတဲ့ပြဿနာပါ။ အခုကိစ္စမှာ ဆိုင်ကလည်းမှားသလို ဝယ်ယူသူကောင်မလေးလည်း မှားပါတယ်။ သေချာစဉ်းစားကြည့်ပါ။ အဲလိုပဲ အိုင်တီ နည်းပညာဆိုင်ရာပစ္စည်းတွေ ဝယ်မယ်ဆိုရင်လည်း ကျွမ်းကျင်သူ ပညာရှင်တစ်ယောက်ယောက်ကို အကူအညီတောင်းပြီး ဝယ်ခိုင်းဖို့ လိုတယ်လို့များ မထင်မိကြဘူးလားဗျာ။

ဒီနေ့ခေတ်ကြီးက အိုင်တီခေတ်ကြီးဖြစ်နေတော့ အိုင်တီစကားလုံးတွေ အသုံးအနှုန်းတွေက အလွန်တွင်ကျယ်နေပြီး အထိအတွေ့အပြောအဆိုကလည်း အလွန်များနေတော့ အားလုံးနဲ့ မစိမ်းသလိုဖြစ်နေတယ်။ အဲ့တော့ ဘယ်သူ့မှခေါ်စရာမလို့ဘူး အလကားအလုပ်ရှုပ်တယ်၊ ဒီလောက်တော့ ငါလည်း တတ်ပါတယ်၊ ဖြစ်ပါတယ်ဆိုပြီး ကိုယ်တိုင်သွားဝယ်ကြတာများတယ်။

ပြောခဲ့တဲ့ကိစ္စမှာ ကျောင်းသူလေးအနေနဲ့ တကယ်တတ်ကျွမ်းတဲ့ ပညာရှင်တစ်ယောက်ယောက်ကို ခေါ်သွား စစ်ဆေးခိုင်းပြီး ဝယ်ယူခဲ့မယ်ဆိုရင် အခုလိုပြဿနာမျိုး ကြုံတွေ့ရမှာ မဟုတ်ပါဘူး။ ပညာရှင်နဲ့တိုင်ပင်ပြီး ဝယ်ယူခဲ့ရင် ခုလိုပြဿနာမျိုး ကြုံတွေ့ခဲ့မယ်ဆိုရင်တောင် ဆိုင်က ဆားဗစ်ပညာရှင်တွေနဲ့ တိုင်ပင်ဆွေးနွေးပြီး အကျိုးအကြောင်းပြောပြပြီး ဖြေရှင်းပေးနိုင်ပါတယ်။ ဖိုးကျော် လိုက်ဝယ်ပေးခဲ့တဲ့ ကွန်ပျူတာအလုံးပေါင်း ရာချီနေပါပြီ။ အခုလို ပြဿနာမျိုး ဖြစ်တာ မရှိသေးပါဘူး။

ပညာရှင်လို့ဆိုရာမှာ အိုင်တီပိုင်းဆိုင်ရာစကားလုံးတွေကို ရင်းနှီးပြီး အတော်အသင့် နားလည်ရုံနဲ့တော့ ပညာရှင်မဖြစ်နိုင်ပါဘူး။ သက်ဆိုင်ရာနယ်ပယ်မှာ သက်ဆိုင်ရာပညာရှင်တွေက ရှိနေမှာပါ။ စာဖတ်သူကိုယ်တိုင်က နယ်ပယ်တစ်ခုက ပညာရှင်တစ်ယောက်ဆိုရင် ဖိုးကျော်ပြောတာကို နားလည်သဘောပေါက်မယ် ထင်ပါတယ်။ ဒါကြောင့် စာဖတ်သူတို့အနေနဲ့ ကွန်ပျူတာ မကျွမ်းကျင်ဘဲနဲ့ ကွန်ပျူတာတစ်လုံးဝယ်တော့မယ်ဆိုရင် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ယောက်ယောက်ကို အကူအညီတောင်း ခေါ်သွားပြီးမှ သွားရောက်ဝယ်ယူကြဖို့ အကြံပြုလိုပါကြောင်း။

**ဖိုးကျော် (နည်းပညာမြေ)**




အီဂျစ်နိုင်ငံသို့ သွားရောက် ယှဉ်ပြိုင်မည့်

# အသက် ၁၈ နှစ်အရွယ် အလှမယ် ခခစံ

ဧပြီလ ၁၀ ရက်နေ့မှ ၂၈ ရက်နေ့အထိ အီဂျစ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် Miss Eco International 2018 ပွဲကြီးသို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်မည့် အသက် ၁၈ နှစ်အရွယ် အလှမယ် ခခစံကို ဧပြီ ၅ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ တာမွေအဝိုင်းအနီး ဗဟန်းမြို့နယ် ရှိ ချန်းလုံ အလှအပရေးရာ အကယ်ဒမီသင်တန်းကျောင်းတွင် မီဒီယာများနှင့်တွေ့ဆုံ မိတ်ဆက်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မြန်မာနိုင်ငံမှ Miss Eco Myanmar ကိုယ်စားလှယ်ချန်းလုံက အလှမယ်ခခစံကို စေလွှတ်ခြင်းသည် တတိယအကြိမ်မြောက်ဟု သိရသည်။

"ဒီပွဲနဲ့ပတ်သက်ပြီး ပြင်ဆင်ခဲ့ရတာတော့ အချိန်တစ်နှစ်ကျော်လောက် ယူခဲ့ရတယ်၊ ဘာလို့လဲဆို ဒီပွဲကြီးရဲ့ အဓိကရည်ရွယ်ချက်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဦးစားပေးတဲ့ပွဲမို့ ညီမ အနေနဲ့ ကိုယ့်ပတ်ဝန်းကျင်မှာ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေတဲ့ အရာတွေက ဘာတွေလဲ၊ ဘယ်လိုကြောင့် ညစ်ညမ်းစေတာလဲ ဆိုတာတွေကို လေ့လာရတဲ့တယ်၊ ပြီးတော့ ကြွပ်ကြွပ်အိတ်တွေက ပတ်ဝန်းကျင်ကို ဘယ်လိုဆိုးကျိုးတွေပေးသလဲဆိုတာတွေကို ညီမကလေ့လာဖြစ်တယ်၊ ပွဲကလည်း အဓိကရည်ရွယ်ချက်က အဲ့ဒီအချက်ပါ၊ ညီမအနေနဲ့ကတော့ နောက်ထပ် အရည်အချင်းပိုင်း ပြသရတဲ့ အပိုင်းမှာတော့ ဆံထုံးထုံးတဲ့အပိုင်းပေါ့၊ အဲ့ဒါလေးကို ညီမ ဆရာချန်းလုံဆီမှာ သေချာလေ့လာပြီး သရုပ်ပြမှာပါ၊ အဝတ်အစားပိုင်းဆိုလည်း ညီမကိုယ်တိုင် လုပ်ရမှာပါ "ဟု အလှမယ် ခခစံက ပြောသည်။

ကိုလင်း

# ဘဝ၏ လောကဓံကို ၈ နှစ် သမီးငယ်လေးနှင့်အတူ ကျော်ဖြတ်နေသည့် အိမ်ထောင်ရှင်အလှမယ် ပွင့်ဖြူစိုး




အိမ်ထောင်ရေးကံမကောင်းခဲ့ဘဲ ၈ နှစ်အရွယ် သမီးငယ်လေးနှင့်အတူ ဘဝကို ရင်ဆိုင်ရင်း အိမ်ထောင်ရှင်အလှမယ်တစ်ဦး ဖြစ်လာသူ ပွင့်ဖြူစိုးတစ်ယောက် Ms International Myanmar ဆုရှင်ဖြစ်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က စင်ကာပူနိုင်ငံတွင် TKS N Sons PTE Ltd မှ ပြုလုပ်သော နိုင်ငံတကာပွဲ Miss Republic Internation 2017 ပြိုင်ပွဲတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော Single Mother အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုသုံးဆုရရှိခဲ့သဖြင့် ဂုဏ်ပြုမိတ်ဆက်ပွဲနှင့် စာနယ်ဇင်းအသိပေးပွဲကို ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ Reno Hotel ၌ ပြုလုပ်သည်။

"မြန်မာနိုင်ငံမှာ လက်ထပ်ထားပြီးမှ သားသမီးရပြီးမှ အဆင်မပြေလို့ဘဲ ဖြစ်ဖြစ်၊ ခင်ပွန်းကွယ်လွန်သွားတာပဲဖြစ်ဖြစ်၊ ကိုယ်ဝန်ဆောင်ထားပြီးမှ လက်မထပ်ဖြစ်တာဖြစ်ဖြစ် မိခင်ပီသစွာ သားသမီးတွေ မွေးခဲ့သလို အိမ်ထောင်မရှိတော့ဘဲ မိခင်တစ်ဦးတည်း ရုန်းကန်နေတဲ့ Single Mother အမျိုးသမီးတွေကို ဂုဏ်ပြုသောအားဖြင့် Ms Elegant ပြိုင်ပွဲကြီးကို ၂၀၁၇ မှာ အောင်မြင်စွာကျင်းပခဲ့ပါတယ်၊ မြန်မာပြည်ရဲ့ ပထမဆုံး Single Mom ပွဲဖြစ်တဲ့အတွက် အချို့သော အမျိုးသားတွေဘက်ကနေ ဖုန်းဆက်ပြီး တားမြစ်တာမျိုး၊ တရားစွဲမယ်ဆိုပြီးခြိမ်းခြောက်တာမျိုးလည်းကြုံခဲ့ရပါတယ်၊ ဒါပေမယ့်လည်း ဆက်ပြီး ရှေ့တိုးခဲ့ပါတယ်၊ ဒီ Single Mom တွေထဲကနေ ၂၀၁၇ မှာ စင်ကာပူနိုင်ငံမှာ Ms International ပွဲကို ပထမဆုံး မြန်မာနိုင်ငံရဲ့ Single Mom Ms Myanmar အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူကတော့ ပွင့်ဖြူစိုးဖြစ်ပါတယ်" ဟု Style Plus H မှ တည်ထောင်သူ လုနုထွန်းက ပြောသည်။

အဆိုပါ ပြိုင်ပွဲကို Style Plus H မှ ရွေးချယ်စေလွှတ်သည့် Miss International Myanmar ပွင့်ဖြူစိုးသည် Best Interview Award ၊ Ms Congeniality နှင့် Ms Intellect Beauty ဆု တို့ကို ရရှိခဲ့သည်။

"ကျွန်မက ပြင်ဆင်ချိန် တစ်နှစ်လောက်ရခဲ့ပေမယ့် အလုပ်ကိစ္စတွေနဲ့ မအားလပ်တော့ ပြင်ဆင်ချိန်သိပ်မရခဲ့ဘူး၊ ကျွန်မအလှမယ်ဖြစ်ချင်လို့ ပြိုင်ပွဲဝင်ပြိုင်တယ်၊ ပြီးတော့ Single Mom တို့၊ တစ်ခုလပ်တို့ဆိုရင် ပတ်ဝန်းကျင်မှာ တစ်မျိုးမြင်ကြတယ်၊ Single Mom ဆိုပြီး ရဲရဲဝံ့ဝံ့ရပ်တည်ပြီး ဝါသနာပါတာတွေလုပ်မယ်၊ သားသမီးကို ကောင်းကောင်းမွန်မွန်ပြုစုပျိုးထောင်မယ်၊ ဒါမျိုးကို ကျွန်မတို့လို Single Mom တွေအတွက် လုပ်ပြချင်လို့ သွားရောက်ပြိုင်ခဲ့တာပါ၊ ကျွန်မအနေနဲ့ အိမ်ထောင်ရေးကံမကောင်းခဲ့ပါဘူး၊ ကျွန်မအဲ့အတွက် စိတ်ဓာတ်မကျဘဲ သမီးလေးနဲ့အတူ ဘဝကို ဖြတ်သန်းရင်ဆိုင်ခဲ့ပါတယ်၊ ကျွန်မဘဝကိုဘယ်တော့မှ အရှုံးမပေးဘဲ ရင်ဆိုင်ဖြတ်သန်းမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ နေလာခဲ့ပြီး အခုလို ပြိုင်ပွဲလေးလုပ်မယ်ဆိုတာကိုသိရတော့ ကျွန်မအလွန်ဖြစ်ချင်တဲ့ အလှမယ်တစ်ယောက်ဖြစ်ခွင့်ရတော့မယ်ဆိုပြီး ယုံကြည်ချက်နဲ့ မလှနုထွန်းတို့ လုပ်တဲ့ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်၊ ကျွန်မမိဘတွေကတော့ကန့်ကွက်ကြတာပေါ့၊ သူတို့က အနေအေးတဲ့သူတွေဆိုတော့ ဒါတွေကို အားမပေးဘူး၊ ကျွန်မလည်း မရဘူး အတင်းပြိုင်တာပဲ။ သူတို့တားနေတဲ့ကြားက အခုလို ဆုတွေရတဲ့အထိ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်၊ ကျွန်မပြောချင်တာကတော့ ကျွန်မလို အိမ်ထောင်ရေးကံမကောင်းတဲ့ အမျိုးသမီးတွေ စိတ်ဓာတ်မကျဖို့၊ ကိုယ့်ဘဝကို အလှဆုံးဖြတ်သန်းနိုင်ဖို့ဆိုတဲ့ စိတ်ဓာတ်လေးတွေ မြှင့်တင်ပေးချင်တဲ့ဆန္ဒကြောင့် ယှဉ်ပြိုင်ဖြစ်ခဲ့တာပါ၊ အခုလည်းကျွန်မ NGO အဖွဲ့အစည်းမှာ လူမှုရေးလုပ်ငန်းတွေကို လုပ်ကိုင်နေပါတယ်" ဟု အိမ်ထောင်ရှင်အလှမယ် ပွင့်ဖြူစိုးက ပြောသည်။

**Single Mom တို့၊ တစ်ခုလပ်တို့ဆိုရင် ပတ်ဝန်းကျင်မှာ တစ်မျိုးမြင်ကြတယ်၊ Single Mom ဆိုပြီး ရဲရဲဝံ့ဝံ့ ရပ်တည်ပြီး ဝါသနာပါတာတွေလုပ်မယ်၊ သားသမီးကို ကောင်းကောင်း မွန်မွန်ပြုစုပျိုးထောင်မယ်၊ ဒါမျိုးကို ကျွန်မတို့လို Single Mom တွေအတွက် လုပ်ပြချင်လို့ သွားရောက်ပြိုင်ခဲ့တာပါ**

ကိုလင်း

# နှစ်ဖက်လှ နိုင်ငံကျော်ဂီတစာဆို ကိုလေးလွင် အမှတ်တရ ဖျော်ဖြေပွဲကြီး ဧပြီလဆန်း ကျင်းပမည်

သရုပ်ဆောင် ဒါရိုက်တာ ကြည်သာ (ပွဲကြိုက်ခင်)နှင့် (ပန်တျာ)ဒေါ်သီဂီတို့ ပူးပေါင်းတင်ဆက်သော နှစ်ဖက်လှ နိုင်ငံကျော်ဂီတစာဆို ကိုလေးလွင်အတွက် အမှတ်တရဖျော်ဖြေပွဲကြီးကို ဧပြီ ၉ ရက်တွင် ကျင်းပသွားမည်ဟု သိရသည်။

"ကျွန်တော်တို့ ဒီပွဲကိုပြုလုပ်ရတဲ့ အဓိကအချက်ကတော့ ကိုလေးလွင်ကွယ်လွန်ခြင်း အမှတ်တရ အနေနဲ့ လုပ်တာပါ၊ လုပ်မယ်လုပ်မယ်နဲ့ ရည်ရွယ်ထားခဲ့တာကြာပါပြီ၊ အခုတော့လုပ်ဖြစ်ပြီ၊ သူရေးခဲ့တဲ့ သီချင်းတွေက အဆိုတော်တွေရဲ့အောင်မြင်မှုကို ပံ့ပိုးခဲ့တဲ့သူ၊ အဲ့ဒီတော့ သူ့ပွဲလေးမှာ သူ့ကို ဂုဏ်ပြုတဲ့ အနေနဲ့ ပထမဆုံးအကြိမ် လုပ်ဖြစ်တာပါ" ဟု ပွဲဖြစ်မြောက်ရေးတာဝန်ခံက ပြောသည်။

အဆိုပါ နှစ်ဖက်လှ ဂီတဖျော်ဖြေပွဲကြီးတွင် တေးသံရှင် တင်ဦးလေး၊ ဂရေဟမ်၊ စည်သူလွင်၊ ဖြိုးပြည့်စုံ၊ ဗေယျာပြည့်ဖြိုး၊ ရဲထိုက်၊ နေထူး၊ လုလင်၊ ချိုပြုံး၊ မေခလာ၊ အိမ့်ချစ်၊ အိုင်းရင်းဇင်မာမြင့်၊ ပန်းရောင်ခြယ်၊ မေသူကျော်၊ ပန်းအိဖြူ၊ အိအိချွန်၊ စိမ်းလဲ့လဲ့၊ အိအိမွန်၊ စိမ့်နေခြည်၊ သူဇာအောင်၊ သီတာသိမ့်၊ စံပယ်ဖြူသိန်း၊ မောင်မောင်ထိပ်၊ ကိုလတ်၊ ခေတ်သစ်စိန်၊ ညိုဝင်းဖေ၊ ချောချစ်စံ၊ နန္ဒာထက်တို့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များစွာ ပါဝင်မည်ဖြစ်သည်။

နှစ်ဖက်လှ နိုင်ငံကျော်ဂီတစာဆို ကိုလေးလွင် အမှတ်တရဖျော်ဖြေပွဲကြီးကို ယင်းနေ့ ည ၆ နာရီတွင် ရန်ကုန်မြို့မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ပြုလုပ်သွားမည်ဖြစ်ပြီး လက်မှတ်တစ်စောင်လျှင် ငွေကျပ်နှစ်သောင်း၊ သုံးသောင်းတို့ဖြင့် ရောင်းချသွားမည်ဟု သိရသည်။

ကိုလင်း



# နေပြည်တော်၌ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးနည်းပညာ နှီးနှောဖလှယ်ပွဲကျင်းပ

**နေပြည်တော် မေ ၆**

စပါးသီးနှံတွင် ကျရောက်ဖျက်ဆီးတတ်သောပိုးမွှားများနှင့် ကာကွယ်နှိမ်နင်းနည်း(ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်းစနစ်)များကို တောင်သူလယ်သမားများ လက်တွေ့သိရှိနားလည်စေရန်အတွက် တောင်သူပညာပေး နှီးနှောဖလှယ်ပွဲတစ်ရပ်ကို နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပိုးမွှားသုတေသနဌာနစု၌ မတ် ၃၁ ရက်က ပြုလုပ်ခဲ့သည်။

ပညာပေးနှီးနှောဖလှယ်ပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး စပါးသီးနှံဖျက်ပိုးများနှင့် ဘက်စုံပိုးမွှားကာကွယ်ရေး နည်းစနစ်ဆိုင်ရာ လက်တွေ့သုတေသနပြု ဆောင်ရွက်ထားမှုများကို တောင်သူများနှင့်အတူ ကွင်းဆင်းကြည့်ရှုပြီး ရှင်းလင်းပြသခဲ့သည်။

အဆိုပါ တောင်သူပညာပေး နှီးနှောဖလှယ်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့်အတူ ပိုးမွှားသုတေသနဌာနစုနှင့် အာရှဒေသ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ AFACI program တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။ နှီးနှောဖလှယ်ပွဲသို့ နေပြည်တော်ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ တောင်သူလယ်သမား ၅၀ ခန့် တက်ရောက်ခဲ့ကြပြီး အဆိုပါတောင်သူများက မိမိနေထိုင်ရာဒေသမှ တောင်သူများထံ ဆင့်ပွားသင်တန်းပေးခြင်းတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအားလုံး ဘက်စုံပိုးမွှားကာကွယ်ရေး နည်းစနစ်များကို လက်တွေ့အသုံးချပြီး ကောင်းမွန်သည့် စိုက်ပျိုးရေးနည်းစနစ်ကို ဖော်ဆောင်နိုင်ရန် ရည်မှန်းကြောင်း ပိုးမွှားသုတေသနဌာနစု တာဝန်ခံ ဒေါက်တာမူမူကျော်က ရှင်းလင်းပြောကြားခဲ့သည်။

"တောင်သူလယ်သမားတွေအများစုက သီးနှံဖျက်ပိုးတွေကို ပိုးသတ်ဆေးတစ်မျိုးတည်းနဲ့ပဲ ကာကွယ်နှိမ်နင်းလေ့ရှိကြတယ်၊ ပိုးကျရောက်မှ ပိုးသတ်ဆေးဖျန်းမယ်ဆိုတဲ့အသိမျိုး ရှိကြတယ်၊ အခု ဘက်စုံကာကွယ် နှိမ်နင်းရေးနည်းစနစ်က အဲလိုမဟုတ်ဘဲ ပိုးမကျရောက်အောင် ဘယ်လိုလုပ်မလဲ၊ ဖျက်ပိုးတွေကို တိုက်ဖျက်ပေးတဲ့ သဘာဝအကျိုးပြုပိုးတွေကို တိုးပွားလာအောင် ဘယ်လိုလုပ်ဆောင်ကြမလဲ၊ ဖျက်ပိုးတွေ ပွားများမှုနည်းအောင် စိုက်ခင်းကို ဘယ်လိုပြုပြင်မလဲ၊ ဘယ်လိုစိုက်နည်းစနစ်ကို သုံးမလဲ စသည်ဖြင့် ဘက်ပေါင်းစုံကနေ ကာကွယ်နှိမ်နင်းတဲ့ နည်းစနစ်ပါ၊ ဒီလို ဘက်စုံကာကွယ်နှိမ်နင်းတဲ့ အလေ့အထကောင်းတွေကို တောင်သူလယ်သမားတွေအားလုံး လက်တွေ့ကျင့်သုံးလာစေနိုင်ဖို့ ဒီနှီးနှောဖလှယ်ပွဲကနေ နည်းပညာဖြန့်ဝေပေးတာပါပဲ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဘက်စုံပိုးမွှားကာကွယ်ရေးနည်းစနစ်မှာ ပိုးသတ်ဆေးအသုံးပြုမှုကို လျှော့ချနိုင်သဖြင့် ပိုးသတ်ဆေးကြောင့်ဖြစ်သည့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်သည့်အပြင် အစားအသောက်များ ဘေးကင်းလုံခြုံမှုကိုလည်း အထောက်အပံ့ဖြစ်စေသဖြင့် အမှန်တကယ် လက်တွေ့ကျင့်သုံးလျှင် အကျိုးရလဒ်ကောင်းများစွာ ရရှိစေကြောင်းလည်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ပန်ဝါမြို့၌ အင်္ဂလိပ်စာ အခြေခံသဒ္ဒါသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြား

**မြစ်ကြီးနား မေ ၆**

ကချင်ပြည်နယ် တရုတ်-မြန်မာနယ်စပ်ရှိ ပန်ဝါမြို့အမှတ်(၂) ရပ်ကွက်ရှိ တရုတ်စာပေသင်ကြားရေးကျောင်းတွင် မေ ၄ ရက်မှစ၍ အင်္ဂလိပ်စာအခြေခံသဒ္ဒါနှင့် အခြေခံအသုံးအနှုန်းများ သင်တန်းကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကျောင်းသားကျောင်းသူ ၇၀ ခန့် တက်ရောက်သင်ကြားနေကြောင်း သိရသည်။

သင်တန်းသားများကို နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ မူလတန်းအဆင့်၊ နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ အလယ်တန်းအဆင့်၊ မွန်းလွဲ ၁ နာရီမှ ၂နာရီခွဲအထိ အထက်တန်းအဆင့် စသည်ဖြင့် အဆင့်သုံးဆင့်ခွဲထားပြီး ဝါရင့်ဆရာမကြီး ဒေါ်ကေရွယ်ဂျာ ဦးစီးသည့် ဆရာ ဆရာမ သုံးဦးက နိုင်ငံတကာ စံချိန်စံနှုန်းအတိုင်း သင်ကြားပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"ခုလိုကျွန်တော်တို့ ဒေသမှာရှိတဲ့ ကလေးတွေကို အင်္ဂလိပ်စာအခြေခံသဒ္ဒါ လာရောက်သင်ကြားပေးတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်၊ ကျွန်တော်တို့ဒေသက ဝေးလံခေါင်ဖျားတော့ ခုလို ဘယ်ဆရာ ဆရာမတွေမှ တကူးတက လာမသင်ပေးဘူး၊ ခုလို ဒေသအပေါ်မှာ စေတနာ၊ ဝါသနာ၊ အနစ်နာခံပြီး လာရောက်သင်ကြားပေးတဲ့ ဆရာ ဆရာမများကို ကျေးဇူးတင်ပါတယ်"ဟု ချီဖွေမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇခုန်ယိန်းဆောင်ကပြောသည်။

အဆိုပါသင်တန်းကို ကချင်အထူးဒေသ(၁)ရှိ ပန်ဝါ၊ ဘမ်ဘူး၊ ထောဝမ်၊ ဆင်းခုန်း၊ လုပီ၊ ဇုတ်လန်နှင့် ရှုဖုတ်စသည့် ကျေးရွာငါးရွာမှ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်သဒ္ဒါကို စနစ်တကျ ပိုမိုတတ်ကျွမ်းစေရန်နှင့် သင်ကြားရေးတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။



**မင်းမင်းဦး**

# နမ့်ခမ်းမြို့၌ ပါဠိပထမပြန်စာမေးပွဲ စာအောင်ဆုဆက်ကပ်

**နမ့်ခမ်း မေ ၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသော ၂၀၁၇ ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသော သံဃာတော်များအား စာအောင်ဆု ဆက်ကပ်ပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့မြို့လယ်ဘုရားကြီးကျောင်းတော်၌ မေ ၃ ရက်က ကျင်းပရာ မြို့နယ်သြဝါဒါစရိယဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နမ့်ခမ်းမြို့မဟာစည်သာသနာ့ရိပ်သာနှင့်သာသနဝိပုလ စာသင်တိုက် ဆရာတော်နှင့် သံဃာတော်များ၊ မြို့နယ်သာသနနုဂ္ဂဟအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြကာ အခြေပြုမူလတန်း၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းနှင့်ဓမ္မာစရိယတန်း စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့သည့် သံဃာတော်များအား အောင်လက်မှတ်များနှင့် အောင်ဆုများ ဆက်ကပ်လှူဒါန်းသည်။

နမ့်ခမ်းစာဖြေဌာနတွင် မူဆယ်၊ နမ့်ခမ်း၊ ပန်ဆိုင်း(ကြူကုတ်)ဒေသများမှ သံဃာတော်များ လာရောက်ဖြေဆိုကြရာ ပြီးခဲ့သော ၂၀၁၇ ခုနှစ် စာမေးပွဲတွင် ဖြေဆိုအောင်မြင်သည့် သံဃာအရေအတွက်မှာ ယခင်နှစ်များကထက် ပို၍များပြားကြောင်းလည်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# မဘိမ်းမြို့နယ်၌ နွေရာသီ အခြေခံအားကစားသင်တန်းများဆင်း

**မဘိမ်း မေ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် နွေရာသီ အခြေခံအားကစားသင်တန်းများကို မတ် ၂၀ ရက်မှစ၍ ပို့ချခဲ့ရာ မေ ၄ ရက်တွင် သင်တန်းများဆင်းခဲ့ကြောင်း သိရသည်။

နွေရာသီ အခြေခံအားကစားနည်းသင်တန်းများကို မဘိမ်း အထကကျောင်းတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အခြေခံအားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဘော်လီဘောနှင့် အရေးဗစ်စသည့် အားကစားနည်း သုံးမျိုးကို လေ့ကျင့်သင်ကြားပို့ချခဲ့ရာ ကျောင်းသား ၅၀ နှင့် ကျောင်းသူ ၂၅ ဦး စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် အားကစားနည်းများအလိုက် ထူးချွန်သူများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းလွင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ကံမမြို့နယ်ရှိ ပနီချောင်းအား ဒေသခံများ သွားလာရေးအဆင်ပြေစေရန် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်တံတားထိုးရန် ပြင်ဆင်

**ကမ္မ မေ ၆**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်ရှိ ပနီချောင်းအား ဒေသခံ ကျေးရွာများမှ ကိုယ့်အားကိုယ်ကိုး တံတားထိုးရန် ပြင်ဆင်လျက်ရှိရာ အကူအညီများလိုအပ်နေကြောင်း သိရသည်။

အဆိုပါဒေသတွင် အင်းကြီးကုန်း၊ ကျောက်ပြုတ်၊ ဆန်တုန်၊ ငါးလှိုင်၊ ထန်းတော၊ မကျီးပင်၊ ရွာမ၊ လျော်တောင်၊ ယင်းတော၊ ကြိုးကြာ၊ မြို့လှ၊ ဆင်ကော်၊ အောက်မနိမ့်၊ အောက်မမြင့်၊ ကန်စွန်းမြောင်၊ ဆတ်လည်၊ ပျဉ်းအိုင်နှင့် ပုဏ္ဏားရွာများမှာ မင်းတုန်းချောင်းနှင့် ပနီချောင်း ချောင်းနှစ်ချောင်းမှာ ပိတ်မိနေပြီး ကံမ-သရက် အဝေးပြေးလမ်းမပေါ်သို့ ဖောက်ထွက်နိုင်ရန် ပနီချောင်းအား ဆန်တုန်ကျေးရွာနှင့် ရွာသစ်ကျေးရွာကြားမှ တံတားထိုးရန် ပြင်ဆင်နေကြခြင်း ဖြစ်သည်။



လက်ရှိတွင် ရွာမှထိုးထားသော ဝါးတံတားမှာ ရေလာ လျှင် မျောပါလေ့ရှိရာ တစ်နှစ်လျှင် လေးကြိမ်ခန့် ပြန်လည် တည်ဆောက်နေရကြောင်း၊ ထိုတံတားမှာလည်း မိုးတွင်းကာလတွင် သွား၍မရကြောင်း မိုးတွင်းရေကြီးရေလျှံမှုများကြောင့် ချောင်းအားဖြတ်ကူးသွားလာသော ကျောင်းသား ကျောင်းသူ သုံးဦးနှင့် ဆရာမ နှစ်ဦးအပါအဝင် ခရီးသွားပြည်သူ ၁၄ ဦးအထိ အသက်ဆုံးရှုံးမှုများ ပေါ်ပေါက်ခဲ့ရပြီး အသက်မသေဘဲ ရေနစ်သူ အများအပြားလည်း ရှိနေသေးကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

"ကျွန်တော်တို့က ချောင်းနှစ်ချောင်းကြားမှာ ကျနေတာ၊ ခက်ခဲနေတာကတော့ မိုးတွင်းမှာ ရေတအားကြီးပြီးတော့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကအစ အားလုံး အလွန်ကို ခက်ခဲနေပါတယ်၊ ကျွန်တော့်သားလေးလည်း ဒီရေထဲမှာပဲ အသက်ဆုံးရှုံးခဲ့ရတယ်၊ ဒီတံတားမရှိလို့ အခြား အသက်ဆုံးရှုံးခဲ့ရတဲ့ ကျောင်းသားတွေ၊ ကျောင်းဆရာမတွေ လည်း ရှိတယ်၊ အဲဒီအတွက် ဒီတံတားကို အမြန်ဆုံးဖြစ်မြောက်စေချင်ပါတယ်" ဟု ဦးစိုးနိုင်က ဆက်လက်ပြောပြသည်။

အဆိုပါတံတား ဆောက်လုပ်ပြီးစီးပါက ယင်းဒေသရှိ ကျေးရွာများမှာ မကွေး၊ သရက်၊ ကံမ၊ ပြည်မြို့များသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကြပြီး ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များ အစစအရာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ပနီချောင်းကူး ကွန်ကရစ်တံတား ဖြစ်မြောက်နိုင် ရန်အတွက် အဆိုပါကျေးရွာ ဆရာတော် အရှင်တေဇိန္ဒက ဦးဆောင်ကာ ကိုယ့်အားကိုယ်ကိုး တံတားတည်ဆောက်နိုင်ရန် ကြိုးစားနေပြီး ပညာရှင်များနှင့် အလှူရှင်များ၏ အကူညီများကို ဒေသခံများက မျှော်လင့်နေကြောင်း သိရသည်။

**ကိုဇော် (ခာတု)**

# သံတွဲမြို့နယ်မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စစ်ဆေး

**သံတွဲ မေ ၆**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း ကျေးရွာများ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေထက်ရှိန်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဆွေတို့က ခရိုင်ဦးစီးမှူး ဦးလှကြည်၊ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် ဝန်ထမ်းများနှင့်အတူ မတ်လကုန်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ ပြည်နယ်ဦးစီးမှူးနှင့် အဖွဲ့သည် နန်းချောင်းကျေးရွာ ရေပေးဝေရေးလုပ်ငန်းနှင့် ပုဇွန်ဖြေကျေးရွာအတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို စစ်ဆေးကြည့်ရှုပြီး ကျေးရွာကော်မတီများ၏ တင်ပြချက်များနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# မိုးညှင်းခရိုင်အတွင်းမှ မျက်စိဝေဒနာရှင်များအား ယခုလအတွင်း အခမဲ့ ခွဲစိတ်ကုသပေးမည်

**မိုးညှင်း မေ ၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များနှင့် မျက်စိခွဲစိတ်ရန်လိုအပ်သည့် လူနာများအား စမ်းသပ်စစ်ဆေးခြင်းနှင့် ခွဲစိတ်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့မှ မျက်စိပါရဂူကြီးများနှင့် ကျွမ်းကျင်ပညာရှင်များက ယခုလအတွင်း မိုးညှင်းမြို့နယ်ရှိ ပုညရှင်တောရ အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာရှိ ပုညရှင်စက္ခုပါလမျက်စိကုဆေးရုံ၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဆရာတော် ဒေါက်တာအရှင်ကစ္စာယန(သြစတြေးလျ)၏ ဦးဆောင်စီစဉ်မှုဖြင့် ဒေါက်တာ Reggie ဘဖေ-ဒေါ်သီတာလှိုင်(သြစတြေးလျ)၊ ဒေါက်တာအုန်းကျော်-ဒေါ်မြတ်ကြည်မိသားစု (သြစတြေးလျ)၊ ဒေါက်တာဥမ္မာကျော့ကျော့အောင်(သြစတြေးလျ)တို့က မတည်ကာ ချယ်ရီမေတ္တာဖောင်ဒေးရှင်းမှ ဆရာဝန်ကြီးများက ပညာဒါနဖြင့် ကုသိုလ်ဖြစ် မျက်စိကုသပေးမည်ဖြစ်ကြောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိ မျက်စိစမ်းသပ်ပေးမည်ဖြစ်ပြီး မေ ၂၃ ရက်မှ ၂၅ ရက်အထိ မျက်စိခွဲစိတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

မျက်စိစမ်းသပ်စစ်ဆေးကုသမှု ဆောင်ရွက်မည့်ကိစ္စနှင့်ပတ်သက်၍ ချယ်ရီမေတ္တာဖောင်ဒေးရှင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာအောင်ထိန်လင်းက "အခုက ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်တာဖြစ်ပါတယ်၊ ခရိုင်တစ်ခုလုံး အတိုင်းအတာနဲ့ဆို အယောက်သုံးထောင်လောက် စမ်းသပ်စစ်ဆေးဖို့ မှန်းထားတယ်၊ ခွဲစိတ်ဖို့လိုအပ်တဲ့ လူနာအားလုံးကို ခွဲစိတ်ကုသသွားမှာဖြစ်တယ်၊ ခွဲစိတ်တာ စမ်းသပ်တာအားလုံး အခမဲ့အပြင် လူနာတွေရဲ့စားသောက်စရိတ်တွေကိုပါ အခမဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

မိုးညှင်းခရိုင်အတွင်း ပထမအကြိမ် မျက်စိရောဂါ စစ်ဆေးကုသပေးခြင်းကို ၂၀၁၇ ခုနှစ် မေ ၁၇ ရက်မှ ၂၁ ရက်အထိ ဆောင်ရွက်ပေးခဲ့ရာ မျက်စိဝေဒနာရှင် ၂၃၀၀ ကျော်အား စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ကြောင်း သိရသည်။ ချယ်ရီမေတ္တာဖောင်ဒေးရှင်းမှ ဆရာဝန်ကြီးများသည် တစ်နိုင်ငံလုံးလှည့်လည်၍ မျက်စိကုသမှုများ ဆောင်ရွက်ပေးနေသည်မှာ ယခု မိုးညှင်းခရိုင်တွင် ပြုလုပ်မည့်အကြိမ် အပါအဝင် စုစုပေါင်း ၂၄ ကြိမ် ရှိပြီဖြစ်ကြောင်းလည်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်း၍ မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြပါစို့

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

**ဓာတ်ပုံ-သက်ဦး(သထုံ)**



မဟာသင်္ကြန်ပွဲတော်ကို ရိုးရာမပျက် သိမ်မွေ့စွာ ဆင်နွှဲပါဝင်ကြရန်အတွက် ဆောင်ရွက်နေကြပြီ ဖြစ်ပေသည်။ သင်္ကြန်သည် သင်္ကန္တ ဟူသော ပါဠိပုဒ်မှလာသည်။ သက္ကတရရစ်သံနှင့် သင်္ကြန်ဟူသော မြန်မာစကား ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။ သင်္ကန္တ၏အနက်မှာ ကူးပြောင်းခြင်း (သို့မဟုတ်) တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိခြင်းဟု လေ့လာမှတ်သားရပေသည်။ မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် တန်ခူးလဆုတ် ၁၃ ရက်နေ့သည် သင်္ကြန်အကြိုနေ့ဖြစ်ပြီး တန်ခူးလကွယ်နေ့သည် သင်္ကြန်အကျနေ့ဖြစ်ကာ ကဆုန်လဆန်း ၁ ရက်နေ့ တွင်အကြတ်နေ့၊ ၂ ရက်နေ့တွင် အတက်နေ့၊ ၃ရက်နေ့သည် နှစ်ဆန်းတစ်ရက်နေ့ဖြစ်လေသည်။

လောကဓာတ် ကောင်းကင်တစ်ခွင်လုံးတွင် အုံ့အုံ့ပျံ့ပျံ့ မိုးရိပ်တို့ဖြင့် တန်ဆာဆင်ကာ သင်္ကြန်အခါသမယတွင် ရှာလေ့ရှာထရှိသော သင်္ကြန်လက်ဆေးမိုး ရွာသွန်းပြီး ရွှေဝါရောင်အဆင်းနှင့် အလှခြယ်သနေသည့် မွှေးကြိုင်ထုံသင်းသော ပန်းပိတောက်တို့သည် ဝေဝေဆာဆာဖြင့် ဖူးပွင့်လျက်ရှိပေသည်။ ပူအိုက်ခြောက်သွေ့သော ရာသီအခါသမယတွင် အေးမြကြည်လင်စေရန်အတွက် ရေးထုံးစဉ်လာအရ ငွေဖလားတွင် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကာ မိဘဆရာသမားများနှင့် သက်ကြီးဝါကြီးများကို ကန်တော့ပန်းဆင်လေ့ရှိကြပေသည်။

နှစ်ဟောင်းကုန်ပြီး၍ နှစ်သစ်ကူးသည့် အခါသမယတွင် နှစ်ဟောင်းမှ မကောင်းမှုတို့သည် နှစ်သစ်မင်္ဂလာတွင် သန့်ရှင်းစင်ကြယ်စေခြင်း အလို့ငှာတစ်ဦးကိုတစ်ဦး နူးညံ့သိမ်မွေ့စွာ ရေပက်လောင်းခြင်း၊ ဥပုသ်သီလများ ဆောက်တည်ခြင်း၊ အလှူအတန်းများပေးခြင်း၊ ကောင်းသောအမှုများ ဆောင်ရွက်ခြင်း၊ သက်ကြီးဝါကြီးများအား ရေကန်တော့ခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးပေးခြင်း၊ ငါးများကို သက်စေ့လွှတ်ခြင်း၊ ကျေးငှက်တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်းစသည့် ကောင်းမှုကုသိုလ်ပြုဆင်နွှဲလေ့ရှိကြပေသည်။

မျက်မှောက်ခေတ်၌ အလှပြယာဉ်များတွင် အကမျိုးစုံ ပြသ၍လည်းကောင်း၊ အပြိုင်အဆိုင် သင်္ကြန်သံချပ်များထိုးခြင်း၊ ရေပက်ခံခြင်း၊ ရေကစားကြခြင်းတို့ဖြင့် လည်းကောင်း ရိုးရာယဉ်ကျေးမှု အခြေခံကာ ခေတ်အလိုက်ပြောင်းလဲမှုဖြင့် အစဉ်အလာမပျက် နှစ်စဉ် ဆင်နွှဲကျင်းပလျက်ရှိသည်။

သင်္ကြန်ပွဲတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျင်းပကြသည့် ရိုးရာယဉ်ကျေးမှု ပွဲတော်များအနက် ဘာသာရေးနှင့်ဆက်စပ်နေပြီး ထူးခြားသော နှစ်သစ်ကူးပွဲတော်ဖြစ်သည့်အတွက် တိုင်းရင်းသားလူမျိုးများ အကြိုက်နှစ်သက်ဆုံးသော ပွဲတော်ဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်အာရုံတွင် မတင့်တယ်စေသည့် ဝတ်စားဆင်ယင်မှု၊ နေထိုင်ပြုမူမှုများကို အတတ်နိုင်ဆုံး ဆင်ခြင်ခြင်းဖြင့် အမျိုးသားယဉ် ကျေးမှုအစဉ်အလာကောင်းများကို ထိန်းသိမ်းကြရန် လိုအပ်ပေသည်။

မြန်မာတို့၏ ကောင်းမြတ်သော အစဉ်အလာကောင်းများဖြင့် နှစ်စဉ်ဆင်နွှဲကြသည့် နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်တွင် စည်းကမ်းတကျ ပျော်ရွှင်စွာ ရေပက်ကစားခြင်းဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းရာ ရောက်ပေမည်။ ရေပက်ကစားရာတွင် တစ်ဦးနှင့်တစ်ဦး မခံချိမခံသာအောင် နောက်ပြောင်ကျီစယ်ခြင်း၊ ညစ်ညမ်းသောရေများဖြင့် ပက်ဖျန်းခြင်း၊ ရေပူဖောင်းများဖြင့် ပေါက်ခြင်း၊ နို့ဆီခွက်များဖြင့် ခွက်စောင်းခုတ်ပက်ခြင်း၊ ရေကန်များ၊ ချောင်းများတွင် ရေနှစ်၍ ဆော့ကစားခြင်း၊ အရက်သေစာများ သောက်စားမူးယစ်ခြင်း၊ မိမိပျော်ရွှင်မှုတစ်ခုတည်းကိုသာကြည့်ပြီး အများပြည်သူဒုက္ခဖြစ်စေရန် မီးရထား၊ မော်တော်ကားတို့ကို ခဲများဖြင့်ပေါက်ခြင်း စသည့် မကောင်းမှုကိစ္စအဝဝတို့သည် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကို အကျည်းတန် အရုပ်ဆိုးစေသဖြင့် ထိုအပြုအမူများကို ရှောင်ကြဉ်သင့်လှပေသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်သူအားလုံးအနေဖြင့် မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာနှင့်အညီ မဟာသင်္ကြန် အတာရေသဘင်ပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲပြီး နှစ်ဟောင်းမှ မိမိတို့၏ ပင်ပန်းနွမ်းနယ်မှုများကို အတာရေပက်ဖျန်းကာ နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် နိုင်ငံ့အကျိုး၊ မိမိတို့၏ အကျိုးစီးပွားများအတွက် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။



## အပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ်အသိပေးနေ့အခမ်းအနား မြစ်ကြီးနားမြို့၌ ကျင်းပ

**မြစ်ကြီးနား ဧပြီ ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မြို့တော်ခန်းမ၌ ဧပြီ ၄ ရက် နံနက်က အပြည်ပြည်ဆိုင်ရာ မိုင်းအန္တရာယ်အသိပေးနေ့ အခမ်းအနားကို ကျင်းပရာ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် မြေမြှုပ်မိုင်းများ၊ ပေါက်ကွဲစေနိုင်သည့် စစ်လက်နက် အကြွင်းအကျန်များနှင့် ဒေသန္တရလက်လုပ်မိုင်းများ ရှိနေပြီး မိုင်းအန္တရာယ်ကာကွယ်ရေးသည် မြန်မာနိုင်ငံ၌ ဦးစားပေးဆောင်ရွက်ရမည့် အရေးကိစ္စတစ်ခုဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်မြမာလာစိုးက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ မိုင်း အန္တရာယ် အသိပညာပေးရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးနှင့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူတစ်ဦးက မိုင်းအန္တရာယ်အသိပညာပေးရေး ဆော့ဖ်ဝဲကို ရှင်းလင်းမိတ်ဆက်ပြီးနောက် လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများနှင့် မိုင်းအသိပညာပေးရေးလုပ်ငန်း လုပ်ဆောင်လျက်ရှိသည့် နိုင်ငံတကာနှင့် ပြည်တွင်းရှိ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက အခမ်းအနား တက်ရောက်လာသူများအား မိုင်းအသိပညာပေးရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကာ ဆုများချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ် အသိပညာပေးရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ကို လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ၂၀၁၂ ခုနှစ် ဧပြီ ၂၇ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ထိုအချိန်မှစ၍ မိုင်းကြောင့်ထိခိုက်ဒဏ်ရာရရှိသူများအား နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် မိုင်းအန္တရာယ်အကြောင်း အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဝမ်းတွင်းမြို့၌ အသိပညာပေး

**ဝမ်းတွင်း ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးခြင်း လုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လမ်းညွှန်ချက်အရ မိတ္ထီလာခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့က ဧပြီ ၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"သင်္ကြန်ကာလ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးတာပါ။ ယာဉ်တွေကို လမ်းညာဘက်အခြမ်းကပ်မောင်းဖို့၊ ဆိုင်ကယ်ဦးထုပ်ဆောင်းဖို့ စတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ အသိပညာပေးဟောပြောတာပါ၊ ခုကျ ဆိုင်ကယ်တွေ လမ်းလယ်ကမောင်းတာ၊ ဦးထုပ်မဆောင်းတာတွေ အများကြီးတွေ့ရတယ်။ စည်းကမ်းပျက်ယာဉ် အစီး ၄၀ လောက်မိတယ်၊ စည်းကမ်းပျက်ယာဉ်တွေကို ခုတော့ အသိပညာပေး ဟောပြောတာပါ၊ နောက်ဆိုရင် အမှုဖွင့်ပြီး တရားစွဲဆိုသွားမှာပါ"ဟု မိတ္ထီလာခရိုင် အမှတ် ၉၆ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်စုမှူး ဒုရဲမှူးမြင့်စိုးက ပြောကြားသည်။



ယာဉ်စည်းကမ်း ပညာပေးမှုများကို ဝမ်းတွင်းမြို့ ရန်ကုန်-မန္တလေးကားလမ်း အလယ်ဂိတ် မီးပွိုင့်လမ်းဆုံ၌ မိတ္ထီလာခရိုင် အမှတ် ၉၆ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ဝမ်းတွင်းမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြင့်ဆွေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ ပူးပေါင်း၍ လူအင်အား ၂၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## သန်လျင်မြို့နယ်တွင် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ



**သန်လျင် ဧပြီ ၆**

ထေရဝါဒ ဗုဒ္ဓဘာသာအကြောင်း သိသင့်သိထိုက်သည်များကို ကလေးငယ်များ သိရှိစေရန်နှင့် လိမ္မာယဉ်ကျေးသော ကလေးများဖြစ်လာစေရန် ရည်ရွယ်၍ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ၌ ဖွင့်လှစ်ခဲ့သော နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲကို ဧပြီ ၄ ရက် ညနေပိုင်းက ခေမာသီဝံကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် သန်လျင်မြို့နယ် ဩဝါဒါစရိယ ဓမ္မပါလကျောင်းတိုက်ဆရာတော်က သီလချီးမြှင့်ပြီး ခေမာသီဝံကျောင်းတိုက်ဆရာတော်က ဩဝါဒပေးကာ တာဝန်ရှိသူများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ အဆိုပါ နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းတွင် ဘုရားကုန်းကျေးရွာရှိ နယ်မြေခံတပ်ရင်းများမှ သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၀ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# မူသစ်၊ စနစ်သစ်ဖြင့် စနစ်တကျပြေးဆွဲလျက်ရှိသော နေပြည်တော် မြို့တွင်းယာဉ်လိုင်းများ

နေပြည်တော်ကောင်စီနယ်မြေအတွင်း ခရီးသွားပြည်သူများ သွားလာရေး လွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ပြီး မတ် ၁ ရက်မှစတင်၍ နေပြည်တော်မြို့တွင်းပြေးဆွဲနေသော ယာဉ်လိုင်းများကို ပြန်လည်စိစစ်ပြီး မူသစ်၊ စနစ်သစ်ဖြင့် စနစ်တကျ ပြေးဆွဲပေးလျက်ရှိကြောင်း မြို့တွင်းယာဉ်လိုင်းထိန်းသိမ်းရေး ကြီးကြပ်မှုအဖွဲ့မှ သိရသည်။

"နဂိုက မြို့တွင်းပြေးဆွဲနေတဲ့ မထသ(မြို့တွင်း)ယာဉ်လိုင်းများကို ဖျက်သိမ်းပြီး လောလောဆယ်မှာ ရွှေပြည်သစ်၊ ရွှေသပြေ၊ ရွှေအောင်လံ ယာဉ်လိုင်းအမည်သစ်များ ပြောင်းလဲကာ ပျဉ်းမနားမြို့မဈေး၊ နေပြည်တော်မြို့မဈေး၊ ပုပ္ပသီရိမြို့နယ်၊ တောင်ညို၊ ရေဆင်း၊ တပ်ကုန်း၊ အေလာ လမ်းကြောင်းများကို ဂိတ်အစ ပျဉ်းမနားမြို့မဈေးမှ ငါးမိနစ်တစ်စီး စတင်ထွက်ခွာပေးနေပါတယ်၊ ပျဉ်းမနားမြို့ ဆင်ရုပ်အနီးမှာ အရှိန်ထိန်းဂိတ်(သတင်းပို့ဂိတ်) ထားရှိပါတယ်၊ နောက်ကားရောက် ရှေ့ကားထွက်စနစ်ကျင့်သုံးပြီး အရှိန်ထိန်းဂိတ်(သတင်းပို့ဂိတ်)များ ထားရှိတဲ့အတွက် ကြားကား ဝင်ရောက်ပြေးဆွဲနိုင်ခွင့်မရှိသလို ခရီးသွားပြည်သူများအနေနဲ့လည်း အချိန်ကြန့်ကြာမှုမရှိဘဲ လိုရာခရီးကို အချိန်နှင့်တစ်ပြေးညီ သွားလာနိုင်မှာ ဖြစ်ပါတယ်၊ ယာဉ်မောင်းများအနေဖြင့်လည်း ခရီးသည်ကို လုတင်စရာမလိုဘဲ တစ်စီးပြီးမှတစ်စီး ထွက်ရလို့ ယာဉ်အန္တရာယ်ဖြစ်ပွားမှုကင်းဝေးစေမှာဖြစ်ပါတယ်"ဟု မြို့တွင်းယာဉ်လိုင်းထိန်းသိမ်းရေး ကြီးကြပ်မှုအဖွဲ့ခေါင်းဆောင် ဦးစိုးကြီးက ပြောသည်။

နေပြည်တော် ကောင်စီနယ်မြေရှိ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဟန်က "ကျွန်တော်တို့ရုံးအနေနဲ့ ယခုလို မြို့တွင်းပြေးဆွဲနေတဲ့ ယာဉ်လိုင်းများကို လုပ်ငန်းလိုင်စင် ဆောင်ရွက်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်းများ နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါတယ်။ ယာဉ်ပိုင်ရှင်ကိုယ်တိုင် လာရောက်လုပ်ဆောင်စေချင်ပါတယ်။ လုပ်ငန်းလိုင်စင်(ခ)ရှိမှ ယာဉ်လိုင်းပြေးဆွဲခွင့် တရားဝင်ရရှိမှာဖြစ်ပြီး ယာဉ်မောင်းများကလည်း ခရီးသည်တင် ယာဉ်မောင်းနှင်ခွင့်လိုင်စင် (င)လိုင်စင် ကိုင်ဆောင်ထားမှသာ ယာဉ်မောင်းခွင့်ရှိပါတယ်။ နေပြည်တော်မြို့တွင်း ခရီးသွားပြည်သူများ အချိန်တိုအတွင်း လိုရာခရီးကို ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ဖို့ မတ် ၁ ရက်မှစပြီး စနစ်သစ်၊ မူသစ်ဖြင့် ယာဉ်ငယ်များ စနစ်တကျ ပြေးဆွဲနေတာဖြစ်ပါတယ်။ စစ်ဆေးရေး ပူးပေါင်းအဖွဲ့ကလည်း မြို့တွင်းပြေးဆွဲနေတဲ့ ယာဉ်လိုင်းသုံးလိုင်းမှာ ကြားကားတွေပြေးဆွဲမှု ရှိ မရှိ၊ ယာဉ်မောင်းတွေအနေနဲ့ ခရီးသည်လုပြီး တင်ဆောင်မောင်းနှင်မှု ရှိ မရှိ၊ လုပ်ငန်းလိုင်စင်နဲ့ ယာဉ်မောင်းလိုင်စင် ပါဝင်မှု ရှိမရှိ၊ အရှိန်ထိန်းဂိတ်(သတင်းပို့ဂိတ်)သို့ ဝင်ရောက်ပြီး သတင်းပို့ခြင်း ရှိ မရှိတို့ကို မြေပြင်မှာ ကြပ်မတ်စစ်ဆေးလျက်ရှိပါတယ်။ မေ ၁ ရက်မှ ၇ ရက်အထိ ပညာပေးကာလ ဆောင်ရွက်ပြီး နောက်ပိုင်းကာလများမှာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာပါ"ဟု ရှင်းလင်းပြောဆိုသည်။

နေပြည်တော် မြို့တွင်းယာဉ်လိုင်းများတွင် ပြေးဆွဲနေသော ယာဉ်စီးရေ ၂၀၀ ခန့်ရှိပြီး ဂိတ်စ၊ ဂိတ်လယ်၊ ဂိတ်ဆုံး ထားရှိကာ ငါးမိနစ်တစ်စီး စတင်ထွက်ခွာပေးနေကြောင်း၊ ခရီးသွားပြည်သူများ သိသာနိုင်ရန် ယာဉ်စီးခနှုန်းထားများ၊ ခရီးစဉ်များ၊ ခရီးသည်များ ကျေနပ်မှုမရှိပါက တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များကိုလည်း ယာဉ်ပေါ်တွင် ကြေညာပေးထားမည်ဖြစ်ကြောင်း၊ မြို့တွင်းယာဉ်လိုင်းများကိုလည်း တရားဝင် ဆက်လက်တိုးချဲ့ ပြေးဆွဲသွားရန် စီစဉ်လျက်ရှိကြောင်း၊ လက်ရှိပြေးဆွဲနေသည့် ယာဉ်ငယ်များနေရာတွင် အဆင့်မြင့်မှန်လုံယာဉ်ငယ်များ အစားထိုးပြေးဆွဲနိုင်ရန်လည်း ယာဉ်ပိုင်ရှင်များနှင့် ညှိနှိုင်းကာ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့တွင်းယာဉ်လိုင်းထိန်းသိမ်းရေး ကြီးကြပ်မှုအဖွဲ့ထံမှ သိရှိရသည်။



**ရဲရဲ(ပျဉ်းမနား)**

## မှုခင်းသတင်းတိုများ

### တရားမဝင်သယ်ဆောင်လာသော တမလန်းသစ် ဓားရွှေတုံးများ ဖမ်းမိ

စစ်ကိုင်းမြို့ ကံတလူတိုးဂိတ်တွင် ရဲတပ်ဖွဲ့ဝင်များက ယာဉ်များကို ရှာဖွေစဉ် ကောလင်းမြို့မှ မန္တလေးမြို့သို့ ယာဉ်မောင်း စိုးသက်ဦး(ခ)သက်ဦး မောင်းနှင်လာသော လိုက်ထရက်ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသော တမလန်းသစ် ဓားရွှေတုံး ၁၄ တုံးကို မေ ၂ ရက်က ဖမ်းမိခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း စိုးသက်ဦး(ခ) သက်ဦးအား ဥပဒေအရ အရေးယူနိုင်ရန် ရွာသစ်ကြီးနယ်မြေရဲစခန်းက ဆက်လက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

### တွဲယာဉ်နှင့် ဆိုင်ကယ် ချိတ်မိပြီး ဆိုင်ကယ်မောင်းသူသေဆုံး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ်တွင် မေ ၄ ရက် နံနက် ၁၁ နာရီခန့်က တွဲယာဉ်နှင့် ဆိုင်ကယ်ချိတ်မိရာမှ ဆိုင်ကယ်မောင်းသူသေဆုံးခဲ့ကြောင်း သိရသည်။ တောကျွဲအင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၏ စစ်ဆေးချက်အရ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ရဲထက်(၂၄နှစ်) မောင်းနှင်လာသော ကုန်တင်တွဲယာဉ်သည် သရက်စိန်လမ်းခွဲတွင် ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီး(မောင်းသူအမည် နေရပ်စုံစမ်းဆဲ)နှင့် ချိတ်တိုက်မိခဲ့ပြီး ဆိုင်ကယ်မောင်းသူမှာ နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲထက်အား အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

### မအူပင်မြို့တွင် WY စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် မူးယစ်ဆေးဝါးသယ်ဆောင်လာသည်ဟု သတင်းအရ လူငယ်နှစ်ဦးအား ရှာဖွေရာမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄ ပြားကို ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ ဘုရားလမ်းနှင့် မြို့ရှောင်လမ်းဆုံ ရတနာကောင်းကင် ဆီဆိုင်အနီးတွင် မအူပင်ခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်ကျော်လင်းနှင့်အဖွဲ့က စောင့်ဆိုင်းရှာဖွေစဉ် ဝေလွင်ထွန်း (၂၀ နှစ်)နှင့် မင်းသူထွန်း (၁၈ နှစ်)တို့ မောင်းနှင်လာသော TOYOTA BELTA ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါသူ ဝေလွင်ထွန်းနှင့် မင်းသူထွန်းတို့ထံမှ WY စာတန်းပါ (လိမ္မော်ရောင်)စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄ ပြားကို ဖမ်းမိခဲ့၍ မအူပင်မြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)**

### ကသာမြို့နယ်တွင် တရားမဝင် ကညင်သစ် ၁၁ လုံး ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာအနီး ဧရာဝတီမြစ်အတွင်း၌ တန်ဖိုး ကျပ်ခြောက်သိန်းခွဲခန့်ရှိ တရားမဝင် ကညင်သစ် ၁၁ လုံးကို မေ ၃ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ တရားမဝင်သစ်သတင်းအရ ကျောက်ထုံးကြီး နယ်မြေရဲကင်းစခန်းမှူး ရဲအုပ်ဝင်းမင်းထွန်းနှင့် တပ်ဖွဲ့ဝင်များက သစ်တောဘိနယ် တာဝန်ခံများဖြစ်သော တောအုပ်ဘိုသိန်း၊ တောအုပ်ကျော်ကျော်နိုင်အဖွဲ့နှင့် ပူးပေါင်း၍ သွားရောက်ရှာဖွေဖမ်းဆီးစဉ် တရားမဝင် ကညင်သစ် ၁၁ လုံး(အလေးချိန် ၁၃ ဒသမ ၇၆၄ တန်)ကို ပိုင်ရှင်မဲ့ ဖမ်းမိခဲ့ခြင်းဖြစ်ကာ သစ်ပိုင်ရှင်ကို ဖော်ထုတ်ဖမ်းမိရေးအတွက် ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ **လူအောင်(ကသာ)**

## ကော့ကရိတ်မြို့ အပန်းဖြေနေရာဖြစ်လာသည့် တောနော်သဘာဝရေတံခွန်



**ကော့ကရိတ် မေ ၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ဘက်ခြမ်းရှိ ကော့ကရိတ်-မြဝတီအာရှလမ်းမကြီးဘေးတွင် တည်ရှိသော တောနော်သဘာဝရေတံခွန်ကို မေ ၁ရက်မှစ၍ သဘာဝအပန်းဖြေနေရာအဖြစ် ဖွင့်လှစ်ပေးခဲ့ရာ စဖွင့်သည့်နေ့မှစ၍ ကော့ကရိတ်မြို့ရှိ ပြည်သူများသာမက မြဝတီမြို့ရှိ ပြည်သူများကလည်း လာရောက်အပန်းဖြေလျက်ရှိပြီး ယခုအချိန်တွင် ကော့ကရိတ်မြို့ရှိ အပန်းဖြေနေရာများအနက် တစ်ခုဖြစ်လာလျက်ရှိကြောင်း သိရသည်။

တောနော်သဘာဝရေတံခွန်သည် ကော့ကရိတ်မြို့တွင် ပထမဆုံးဖွင့်လှစ်သော သဘာဝရေတံခွန်ဖြစ်ပြီး ရေတံခွန်သို့ သွားရောက်မည့်သူများ သွားလာရလွယ်ကူစေရန် ကျောက်တောင်များ ဖြိုချခြင်း၊ လမ်းများပြုပြင်ပေးခြင်းများတို့ကို ဆောင်ရွက်လျက်ရှိသည်။ ရေတံခွန်သို့ အာရှလမ်းမှ ကားဖြင့် ၅ မိနစ်ခန့်မောင်းသွားရုံဖြင့် ရောက်ရှိနိုင်သည်။ အဆိုပါရေတံခွန်သည် ဒေါနတောင်တန်းကြီးပေါ်မှ စီးဆင်းလာသည့် ရေတံခွန်ကြီးဖြစ်ကာ ဒေသခံပြည်သူများသာမက ပြည်တွင်း ခရီးသွားပြည်သူများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များပါ လာရောက်အပန်းဖြေနိုင်စေရန် ရေတံခွန်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကော့ကရိတ်မြို့တွင် ယခင်ကပင် အပန်းဖြေစရာ နေရာများစွာရှိသည့်အနက် လူသိများသော နေရာများမှာ ကော့ကရိတ်မြို့တောင်ဘက်ရှိ တရိတခေါင်းသဘာဝငါးကန်၊ ကော့ကရိတ်မြို့နယ် ငါးတိုင်ကျေးရွာရှိ သဘာဝရေပူစမ်း၊ ယခုလက်ရှိ နာမည်ကြီးနေပြီး ပြင်ဦးလွင်ဟု တင်စားခေါ်ဝေါ်သည့် ပန်းများဖြင့် စိုက်ပျိုးထားသော လသာအင်းတို့ ဖြစ်ကာ ယခု အသစ်ဖွင့်လှစ်လိုက်သော တောနော်သဘာဝရေတံခွန်သည်လည်း သဘာဝအပန်းဖြေနေရာတစ်ခုအဖြစ် တဖြည်းဖြည်း လူသိများလာလျက်ရှိကြောင်း သိရသည်။ **စိုးထက်အောင်(ကော့ကရိတ်)**

## မကွေးတိုင်းဒေသကြီးအတွင်းရှိ လူငယ် ၁၅၀၀ အား အလုပ်အကိုင်ရရှိရေး စီစဉ်ဆောင်ရွက်

**မကွေး မေ ၆**

မကွေးတိုင်းဒေသကြီး၌ ဒေသတွင်းလုပ်ငန်းရှင်များကိုယ်တိုင် သင်ရိုးညွှန်းတမ်းများရေးဆွဲပြီး ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီပြီး အရည်အသွေးရှိသော သက်မွေးပညာကျွမ်းကျင်မှုသင်တန်းများ ပို့ချနိုင်ရန်နှင့် ဒေသတွင်း သင်ရိုးညွှန်းတမ်းရေးဆွဲသူ ပညာရှင်များအဖွဲ့ ပေါ်ပေါက်လာစေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံပုဂ္ဂလိကနည်းပညာနှင့် သက်မွေးပညာသင်ကျောင်း လုပ်ငန်းရှင်များအသင်းနှင့် HELVETAS Myanmar တို့ ပူးပေါင်း၍ ကျွမ်းကျင်မှုအခြေပြု သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းသင်တန်းကို မကွေးမြို့ထိန်ထိန်သာဟိုတယ်၌ မေ ၂ ရက်မှ စတင်၍ ဖွင့်လှစ် ပို့ချပေးလျက်ရှိကြောင်း သိရသည်။

HEL VETAS Myanmar မကွေးတိုင်းဒေသကြီး အလုပ်အကိုင်အတွက် ကျွမ်းကျင်မှု စီမံကိန်း မန်နေဂျာ ဒေါ်ငြိမ်းငြိမ်းအိက "မကွေးတိုင်း ဒေသကြီးအတွင်း အသက် ၁၆ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်မိန်းကလေးတွေ၊ ယောကျာ်းလေးတွေ စုစုပေါင်း လူငယ် ၁၅၀၀ ခန့်ကို ကောင်းမွန်တဲ့ အလုပ်အကိုင်နဲ့ ဝင်ငွေရရှိစေပြီး တာဝန်ယူမှု မြင့်မားလာစေဖို့ ရည်ရွယ်လုပ်ဆောင်နေတာ ဖြစ်ပါတယ်၊ လုပ်ငန်းရှင်တွေက အလုပ်သမားလိုတယ်၊ လူငယ်တွေက အလုပ်လိုတယ်၊ လူငယ်တွေမှာ သင်တန်းတက်ပြီး သွားရောက် အလုပ်လျှောက်ထားရာမှာ လုပ်ငန်းရှင်တွေအနေနဲ့ သူတို့လိုချင်တဲ့ ကျွမ်းကျင်မှုမျိုး မဟုတ်ဘူးလို့ ပြောလာပါတယ်၊ ဒါကြောင့် အခုသင်တန်းမှာ လုပ်ငန်းရှင်တွေလိုအပ်တဲ့ ကျွမ်းကျင်မှုမျိုးပါဝင်တဲ့ သင်ရိုးညွှန်းတမ်းတွေကို လုပ်ငန်းရှင်တွေကိုယ်တိုင် ထည့်သွင်းရေးဆွဲ သွားမှာပါ"ဟု ပြောသည်။

အဆိုပါ သင်ရိုးညွှန်းတမ်းရေးဆွဲပြီးပါက အစိုးရ (သို့မဟုတ်) ဒေသတွင်းလုပ်ငန်းရှင်များ (သို့မဟုတ်) ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ (သို့မဟုတ်) အခြားသောဖွံ့ဖြိုးရေးဆောင်ရွက်နေသူများနှင့် ပူးပေါင်း၍ ဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီသော သက်မွေးပညာကျွမ်းကျင်မှုသင်တန်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် စတင်ပို့ချသင်ကြားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လူငယ်သင်တန်းသားများအား အလုပ်အကိုင်ရရှိစေရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

HELVETAS သည် ဆွစ်ဇာလန်နှင့် ဂျာမနီတွင် မှတ်ပုံတင်ထားပြီး အာရှ၊ လက်တင်အမေရိက၊ အာဖရိကနှင့် ဥရောပအရှေ့ပိုင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံ ၂၉ နိုင်ငံတွင် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေသော အစိုးရမဟုတ်သော အဖွဲ့ဖြစ်ပြီး အဆိုပါအဖွဲ့၏ မျှော်မှန်းချက်မှာ အခွင့်အလမ်း နည်းပါးသူများနှင့် ဘေးအန္တရာယ်ဖြစ်ပါက ထိခိုက်လွယ်သူများကို အားပေးမြှင့်တင်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

## နယ်စပ်ရေးရာဝန်ကြီးဌာန သင်တန်းဆင်းပွဲများကျင်းပ

**ရန်ကုန် မေ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖြစ်သည့် ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ် ၂၉ နှင့် ပစ္စည်းထိန်းသင်တန်း အမှတ်စဉ် ၆ သင်တန်းများ ဆင်းပွဲကို အဆိုပါကျောင်း၌ မတ် ၃၀ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့်က အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များနှင့် ထူးချွန်ဆုများကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ သင်တန်းသား သင်တန်းသူ ၉၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဗထူး**

# ၁၃၇၉ ခုနှစ် သင်္ကြန်မဏ္ဍပ်လျှောက်ထားသူများ လိုက်နာရမည့် စည်းကမ်းချက်များ

ရန်ကုန် ဧပြီ ၆

**၁၃၇၉ ခုနှစ် သင်္ကြန်မဏ္ဍပ်လျှောက်ထားသူများ လိုက်နာရမည့်စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

***ယမန်နေ့မှအဆက်***

မဏ္ဍပ်၏နောက်ခံနှင့် ရှေ့နှဖူးစည်း၊ Vinyl Sheet တွင် မဏ္ဍပ်တာဝန်ခံ၊ ဒုတာဝန်ခံ၊ မဏ္ဍပ်စည်းကမ်းထိန်းသိမ်းရေးနှင့် ရေပက်ခံယာဉ်များ ထိန်းသိမ်းရေးတာဝန်ခံ၊ ဒုတာဝန်ခံတို့၏ ထင်ရှားသည့်ဓာတ်ပုံ၊ အမည်၊ Mobile ဖုန်းနံပါတ်များကို စာလုံးအဝိုင်းဆိုဒ်အချင်း သုံးလက်မ၊ စာလုံးအထူ ၀ ဒသမ ၅ လက်မဖြင့် ထည့်သွင်းရိုက်နှိပ်၍ အလွယ်တကူမြင်သာသောနေရာတွင် တပ်ဆင်ထားရမည်ဖြစ်ကြောင်း၊ သတ်မှတ်အရွယ်အစားအတိုင်း တပ်ဆင်ထားခြင်းမရှိပါက ဒဏ်ကြေးငွေကျပ် ၁၀ သိန်း တပ်ရိုက်ခြင်းခံရမည်ဖြစ်ကြောင်း၊ သင်္ကြန်မဏ္ဍပ်များတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မအပ်စပ်သောအမည်များ၊ နိုင်ငံရေးအရိပ်အယောင်မကင်းသော အမည်များ သုံးစွဲခြင်း မပြုရကြောင်း၊ မဏ္ဍပ်၏ နောက်ခံကားချပ်အပြင်အဆင်တွင် မြန်မာ့ရိုးရာအတာသင်္ကြန်ပုံပေါ်သည့် ပန်းချီ ဒီဇိုင်းများ၊ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှုကို သရုပ်ဖော်သည့် ပန်းချီကားချပ်များ ထည့်သွင်းရေးဆွဲနိုင်ကြောင်း၊ ခွင့်ပြုချက်ရယူထားသည့် မဏ္ဍပ်၏မြန်မာအမည်ကို စာလုံးအဝိုင်းဆိုဒ် အချင်း ရှစ်လက်မ၊ စာလုံးအထူ ၁ ဒသမ ၅ လက်မဖြင့်မဏ္ဍပ်၏နှဖူးစည်းအလယ်တည့်တည့်တွင် ထင်ရှားစွာဖော်ပြရမည်ဖြစ်ကြောင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ထားခြင်းမရှိပါက ဒဏ်ကြေးငွေကျပ် ၁၀ သိန်း တပ်ရိုက်ခြင်းခံရပါမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**မဏ္ဍပ်လုံခြုံရေး**

မဏ္ဍပ်ကြော်ငြာများတွင် အရက်၊ ဘီယာ၊ ဆေးလိပ်၊ စီးကရက်နှင့် ပတ်သက်သော ကြော်ငြာများ ထည့်သွင်းခွင့်မပြုကြောင်း၊ မဏ္ဍပ်လုံခြုံရေးအတွက် လိုအပ်သာနေရာတွင် ဧပြီ ၁၀ ရက်နေ့ မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ CCTV များ တပ်ဆင်ပြီး ကျွမ်းကျင်သူများအား တာဝန်ပေးထားရန်နှင့် နေ့စဉ် CCTV Record မှတ်တမ်းများအား သက်ဆိုင်ရာ ကွပ်ကဲမှုရုံးများသို့ ၂၀ နာရီအချိန်ထက် နောက်မကျဘဲ ပေးပို့တင်ပြသွားရန်နှင့် တပ်ဆင်ခြင်းမရှိပါက ဒဏ်ကြေးငွေကျပ် ၁၀ သိန်း ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ရေကစားမဏ္ဍပ်များအား နေ့စဉ်နံနက် ၀၈း၀၀ နာရီမှ ၁၂း၀၀ နာရီ၊ ညနေ ၃း၀၀ နာရီမှ ၆း၀၀ နာရီအထိ ရေကစားချိန်အဖြစ် သတ်မှတ်ထားကြောင်း ဖော်ပြပါရှိသည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိခိုက်စေသည့် အပြုအမူ၊ အပြောအဆို၊ ဝတ်စားဆင်ယင်ခြင်းများကို ဆောင်ရွက်ပြုလုပ်ပါက မဏ္ဍပ်အားချက်ချင်းပိတ်သိမ်းမည်ဖြစ်ပြီး လျှောက်ထားသူ သက်ဆိုင်ရာမဏ္ဍပ်တာဝန်ခံအား နောင်လာမည့်မဟာသင်္ကြန်ပွဲတော် နှစ်နှစ် ခွင့်ပြုဆောင်ရွက်ခြင်းအား ပိတ်သိမ်းမည်ဖြစ်ကြောင်း၊ ကန်တော်ကြီးပတ်လမ်းတွင် ခွင့်ပြုမိန့်ရရှိသော မဏ္ဍပ်များအနေဖြင့် ယာဉ်ကြောနှစ်ခုအတွက် Ramp နှစ်ခုကို အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ သတ်မှတ်ထားသော ဒီဇိုင်းပုံစံအတိုင်း မိမိတို့အစီအစဉ်ဖြင့် ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများက လိုက်လံစိစစ်ချိန်တွင် အားနည်းချက်များရှိသည်ကို တွေ့ရှိပါက ညွှန်ကြားသည့်အတိုင်း ဖြည့်စွက်ပြုပြင်ရမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

**ကြပ်မတ်ထိန်းသိမ်းပေးရမည်**

မဏ္ဍပ်များသို့ ယာယီရေဆက်သွယ်ရာတွင် သက်ဆိုင်ရာဌာနမှ ညွှန်ကြားချက်များအတိုင်းသာ ဆက်သွယ်ဆောင်ရွက်ကြရန်၊ ခွင့်ပြုချက်နှင့်ကွဲလွဲ၍ ဆောင်ရွက်ခြင်းများ စစ်ဆေးတွေ့ရှိရပါက ပိုက်အရွယ်အစားအလိုက် ကျသင့်ရေသွယ်ခ၊ ရေဖိုးဒဏ်ကြေး သုံးဆပေးဆောင်ရမည်ဖြစ်ကြောင်း၊ မိမိသင်္ကြန်မဏ္ဍပ်မှ နေ့စဉ်ထွက်ရှိသော စက္ကူ၊ ပလတ်စတစ်၊ကြွပ်ကြွပ်အိတ်၊ ဘူးခွံ၊ ပုလင်းခွံ စသည့်အမှိုက်များ စနစ်တကျ စွန့်ပစ်ရေးကို မိမိသင်္ကြန်မဏ္ဍပ်မှပင် ကြပ်မတ်ထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း၊ သင်္ကြန်မဏ္ဍပ်ဖျက်သိမ်းပြီး ထွက်ရှိလာသောအမှိုက်များအား သိမ်းဆည်းရာတွင် အမှိုက်ထွက်ရှိမှုအပေါ်မူတည်ကာ အမှိုက်သိမ်းဆည်းခအားတွက်ချက်၍ ကျသင့်ငွေကို စပေါ်ငွေမှ ခုနှိမ်မည်ဖြစ်ကြောင်း၊ မဏ္ဍပ်အတွင်းတွင် အလုံပိတ်အခန်းများ ထည့်သွင်းတည်ဆောက်ခြင်း လုံးဝ (လုံးဝ)မပြုလုပ်ရကြောင်း ဖော်ပြထားသည်။

**လုံးဝမရှိရ**

မဏ္ဍပ်အတွင်းတွင် အရက်ဆိုင်၊ ဘီယာဆိုင်များ လုံးဝ မရှိရကြောင်း၊ ရေကစားမဏ္ဍပ်များတွင် မူးယစ်ဆေးဝါး၊ အရက်သေစာသောက်စားမူးယစ်ပြီး ပါဝင်လှုပ်ရှားနေသူများ မရှိစေရန် မဏ္ဍပ်တာဝန်ခံများက ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများအနေဖြင့် မဏ္ဍပ်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး အများအမြင်တွင် လက်မခံနိုင်သော ဝတ်စားဆင်ယင်ခြင်း စသည့် ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် အဝတ်အစားများ ဝတ်ဆင်ကပြသီဆိုခြင်းများ မပြုရေး သက်ဆိုင်ရာမဏ္ဍပ်တာဝန်ခံများက အလေးထားကြပ်မတ်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားခရီးသည်များ စိတ်ဝင်စား၍ လေ့လာမှတ်တမ်းဓာတ်ပုံ ဗီဒီယိုများရိုက်နေသည်ကို ဂရုပြုပြီး မိမိတို့၏ သရုပ်ပျက်များကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးသိက္ခာမမဲ့စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် မအပ်စပ်သော အပြုအမူ၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှု၊ ခုန်ပေါက်အော်ဟစ်သီဆိုမှု စသည့်သရုပ်ပျက်လုပ်ဆောင်မှုများ လုံး၀ မပြုလုပ်ရန် သက်ဆိုင်ရာမဏ္ဍပ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ စနစ်တကျကွပ်ကဲ ထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

မဏ္ဍပ်နေရာချထားရေးကော်မတီမှ ရွေးချယ်သတ်မှတ်ပေးလိုက်သော မဏ္ဍပ်ဆောက်လုပ်ခွင့်ရရှိပါက ပေးသွင်းရမည့်စပေါ်ငွေ၊ မြေအသုံးပြုခ၊ သန့်ရှင်းရေးဆောင်ရွက်ခ၊ ရေဆက်သွယ်ခနှင့် သတ်မှတ်အခွန်အခတို့ကို တစ်နေရာတည်း One Stop Service ဆောင်ရွက်ပေးမည်ဖြစ်ရာ သတ်မှတ်ငွေများအပြီးပေးသွင်းပြီးပြည့်စုံမှသာ ဆောက်လုပ်ခွင့်ပြုမိန့်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၌ ထုတ်ပေးမည်ဖြစ်ကြောင်း၊ ရေပက်ခံသူများ ထိခိုက်နာကျင်မှုဖြစ်စေသည့် ရေအားပြင်းသော Pressure-Pipe ဖြင့် ရေပက်ခြင်း လုံး၀ ခွင့်မပြုကြောင်း၊ ရေဆိုးရေပုပ်များဖြင့် ပက်ခြင်း၊ ဆပ်ပြာမှုန့်ထည့်၍ Gas ဘူးများဖြင့်ပက်ခြင်း၊ ရေခဲထုပ်၊ ရေပူဖောင်းများဖြင့် ပစ်ပေါက်ခြင်း၊ ထိခိုက်အန္တရာယ်ရှိစေသည့် ပစ္စည်းများဖြင့် ရေပက်ကစားခြင်းများ မရှိစေရန် သက်ဆိုင်ရာမဏ္ဍပ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ စနစ်တကျကွပ်ကဲထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း၊ လိုက်နာခြင်းမရှိပါက တာဝန်ရှိသူများ၊ ပတ်သက်သူများကို တရားဥပဒေအရ အရေးယူသွားမည် ဖြစ်ကြောင်း၊ အရေးပေါ်လူနာပြုစုနိုင်ရန်အတွက် ရှေးဦးသူနာပြုဆေးသေတ္တာများ ထားရှိရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**အရေးယူခြင်းခံရမည်**

ယာဉ်သွားလမ်း မပိတ်ဆို့စေရန် သက်ဆိုင်ရာမဏ္ဍပ်ရေပက်ခံယာဉ်ထိန်းသိမ်းရေးအဖွဲ့မှ ယာဉ်များကို အချိန်ကန့်သတ်၍ ရေပက်ကစားစေပြီး ယာဉ်ကြောစဉ်ဆက်မပြတ်သွားလာနိုင်ရေး ထိန်းသိမ်းကွပ်ကဲပေးရန် တာဝန်ယူရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များစီးပွားရေးဆန်ဆန် လက်မှတ်များရောင်းချခြင်း မပြုရကြောင်း၊ စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များရေကစားရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပေးဝေသောရေဖြင့်သာ ကစားကြရန်နှင့် မြေအောက်ရေပိုက်လိုင်း၊ မီးသတ်ဦးစီးဌာနမှ အသုံးပြုထားသည့် သီးသန့်ရေပိုက်လိုင်းများမှ သုံးစွဲခြင်း မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များတွင် ဖျော်ဖြေမည့် တေးသီချင်းများအတွက် မူပိုင်ခွင့်နှင့်ပတ်သက်သည့် ခွင့်ပြုစာကို မူပိုင်ခွင့်နှင့် ပတ်သက်သည့် အဖွဲ့အစည်း(သို့မဟုတ်) မူပိုင်ခွင့်ပိုင်ရှင်ထံမှ ရယူတင်ပြရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်တွင် သီဆိုဖျော်ဖြေသော တေးသီချင်းများနှင့် ပတ်သက်၍ မူပိုင်ခွင့်အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက လျှောက်ထားသူကသာ တာဝန်ယူဖြေရှင်းပေးရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့**

# ပြည်သူ့အကျိုးပြု သကံချောင်းတံတား စတင်အသုံးပြုခွင့်ပြု

**ဘိုကလေး မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း၊ လမ်း ကွန်ရက် အမှတ် ၆ မိုင်တိုင် ၈/၅ တွင် တည်ရှိသော သကံချောင်းတံတား တည်ဆောက်ပြီးစီးပြီ ဖြစ်သဖြင့် ဧပြီ ၄ ရက် နံနက်မှ စတင်ကာ ပြည်သူလူထုအား ဖြတ်သန်းသွားလာခွင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ ၄ မှ ၂၀၁၂ ခုနှစ် မေ ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

ယခုလို စတင်အသုံးပြုခွင့်၊ ဖြတ်သန်းခွင့်ပေးလိုက်သည့်အတွက် ဘိုကလေး-စက်ဆန်း-ထော်ပိုင်- အမာလမ်းပေါ်ရှိ ကျေးရွာပေါင်း ၂၀ ၌ နေထိုင်ကြသော ပြည်သူများ သဘာဝဘေးကြုံတွေ့ပါက လျင်မြန်စွာ ရှောင်တိမ်းနိုင်ခြင်း၊ ထောက်ပံ့ရေးပစ္စည်းများ လျင်မြန်စွာပေးပို့နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး ကျေးလက်ဒေသနေ လူထုတို့၏ စီးပွားရေး၊ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးစသည့် ကဏ္ဍများစွာဖွံ့ဖြိုးတိုးတက်လာကာ ဆင်းရဲမွဲတေမှု လျှော့ချနိုင်မည်ဖြစ်သည်။



“ဒီတံတားကြီးကို ဖြတ်သန်းခွင့်ပေးလိုက်တဲ့အတွက် လယ်ယာထွက်ကုန်တွေ၊ ဒေသထွက် ကုန်တွေကို ရန်ကုန်တိုင်းဒေသကြီးကို တိုက်ရိုက် ပို့နိုင်ပြီး ကျေးလက်နေသူတွေအတွက် ကုန်စည်စီးဆင်းမှု သွေးကြောကြီးပဲပေါ့” ဟု ကျေးလက်ကုန်သည်တစ်ဦးထံမှ သိရသည်။

**ဘိုကလေး(ပြန်/ဆက်)**

# ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းပို့ချ

**မန္တလေး ဧပြီ ၆**

မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးတောင်သူများ သီးနှံများရိတ်သိမ်းရာတွင် အလေအလွင့် နည်းပါးစေရန်နှင့် ရိတ်သိမ်းပြီး သီးနှံများကို စနစ်တကျထိန်းသိမ်းတတ်စေရန် ရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်းအမှတ်စဉ် ၁/၂၀၁၈ ကို ဧပြီ ၃ ရက်မှ ၅ ရက်အထိ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ထုံးဘို ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးမင်းထိန်ဝင်းက စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား အမှာစကားပြောကြားခဲ့သည်။

သင်တန်းသို့ တောင်သူ၊ လုပ်ငန်းရှင်၊ စိုက်ပျိုးရေး လုပ်ငန်းအား စိတ်ပါဝင်စားသူ အင်ဂျင်နီယာများ၊ အထက်တန်းကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး သင်တန်းတွင် ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် ပတ်သက်၍ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းကျောင်းတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ တောင်သူများ၊ သယ်ယူပို့ဆောင်သူများ၊ ပွဲစားများ၊ သီးနှံတင်ပို့ရောင်းချသူများ၊ စိုက်ပျိုးရေး တက္ကသိုလ်၊ စိုက်သိပ္ပံ ဆရာ ဆရာမများ နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအား နည်းပညာပြန့်ပွားစေရန် သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ရာ မတ်လအထိ သင်တန်းပေါင်း ၈၃ ကြိမ်၊ တောင်သူ ပေါင်း ၉၄၈ဦး၊ ဝန်ထမ်းပေါင်း ၁၆၉၂ဦး စုစုပေါင်း ၂၆၄၀ အား နည်းပညာများ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

သင်တန်းကျောင်းတွင် စိုက်ပျိုးရေး ဦးစီးဌာနမှ သင်တန်းတက်ရာက်ခဲ့သော ဝန်ထမ်းများက ဆင့်ပွားသင်တန်းများ ဆောင်ရွက်လျက်ရှိရာ ဆင့်ပွားသင်တန်း ၁၅၈ ကြိမ်တွင် ဝန်ထမ်း ပေါင်း ၁၈၅၁ ဦး၊ တောင်သူပေါင်း ၂၆၂၃ ဦး၊ စုစုပေါင်း ၄၄၇၄ ဦး ဆင့်ပွား ဖြန့်ဝေပြီးဖြစ်ကြောင်း သိရသည်။ **မေမိုးသဲ**

# ငါ့သရောက်မြို့၌ သမဝါယမအသင်းစုမှ ပံ့ပိုးချေးငွေများ ကွင်းဆင်းထုတ်ပေး

**ငါ့သရောက် ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ကျေးလက်နေ ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် ဆင်းရဲမှုလျှော့ချနိုင်ရန် ရည်ရွယ်လျက် မြို့နယ် သမဝါယမအသင်းစုမှ ပံ့ပိုးချေးငွေများကို ငါ့သရောက်မြို့ အမှတ် ၄ သိမ်တော်ရပ်ကွက်နှင့် တောပြားကျေးရွာ၊ ရွာပုလဲကျေးရွာတို့မှ စိုက်ပျိုးထုတ်လုပ်ရေး အခြေခံသမဝါယမ အသင်းသားများထံသို့ ဧပြီ ၃ ရက်က လက်ဝယ်အရောက် ကွင်းဆင်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်သမဝါယမအသင်းစုမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးချစ်သိန်း ဦးဆောင်သော မြို့နယ်သမဝါယမ ဦးစီးဌာန ဝန်ထမ်းများအဖွဲ့က ကွင်းဆင်း၍ ချေးငွေများ ထုတ်ပေးခြင်းဖြစ်ပြီး အုပ်ချုပ်မှုဒါရိုက်တာက အခြေခံကျေးရွာအလိုက် အခြေခံသမဝါယမအသင်းသားများ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ချေးငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ ချေးငွေများကို လေလွင့်ဆုံးရှုံး မှုမရှိစေရေး စနစ်တကျသုံးစွဲသွားရန် စသည်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ပံ့ပိုးချေးငွေများကို ထုတ်ပေးရာတွင် တောပြားကျေးရွာမှ အခြေခံသမဝါယမ အသင်းသား ၅၈ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၂၀၀၀၀ နှုန်းဖြင့် ချေးငွေပေါင်း ၁၂၇ သိန်းနှင့် စုဆောင်းငွေအပေါ် အတိုးရ ငွေကျပ် ၂၃၄၈၀၀ ကိုလည်းကောင်း၊ ရွာပုလဲကျေးရွာမှ အခြေခံသမဝါယမ အသင်းသား ၁၀၀ အား အသင်းသားတစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်း ၁၁၀ နှင့် စုဆောင်းငွေအပေါ် အတိုးရ ငွေကျပ် ၄၃၄၀၀၀ ကိုလည်းကောင်း၊ ငါ့သရောက်မြို့အမှတ် ၄ သိမ် တော်ရပ်ကွက်မှ အခြေခံသမဝါယမ အသင်းသား ၅၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် ချေးငွေကျပ် ၁၁၂ သိန်းနှင့် အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးရ ငွေကျပ် ၂၃၁၀၀၀ ကို လည်းကောင်း အသင်းသားများအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# နှစ်သစ်ကူး သင်္ကြန်အကြိုကံစမ်းမဲ

MECTel Anytime,Anywhere for Everybody

LUCKY DRAW

ကံစမ်းမဲကာလ-(၁-၃-၂၀၁၈ မှ ၈-၄-၂၀၁၈)အထိ
ကံစမ်းမဲဖွင့်လှစ်မည့်ရက်- (၉-၄-၂၀၁၈)

"ပေးအပ်ချီးမြှင့်မည့်ဆုများ"

- Suzuki Carry Brand New
- Samsung Tab S2
- MEIZU Pro 7 Plus
- Sony TV 40"
- ရွှေဒင်္ဂါးပြားများ
- ၃၀၀၀ိ/-ကျပ်တန် ငွေဖြည့်ကတ်များ



အသေးစိတ်သိရှိလိုပါက MECTel Facebook Page နှင့် 1212, 3456 CALL CENTER များသို့ခေါ်ဆိုမေးမြန်းနိုင်ပါသည်။

## ရောင်းမည်

၁။ချောင်းသာဈေးအနီးအလျား 40'x အနံ 60' (၂)ကွက်တွဲ တည်းခိုခန်းအပါ။(၁)ကွက် = ၁၅၀၀ (သိန်း)
၂။ချောင်းသာ(၂,၅၈)ဧက ရွှေသောင်ယံကမ်းခြေဘန်ဂလို(၁)လုံးနှင့် အုန်းပင် (၂၀၀) ကျော်ပါ။ (၁)ဧက = ၁၆၀၀ (သိန်း)
ဆက်သွယ်ရန်ဖုန်း - 09-5131294,09-2000866

## မြေတူးစက်(Backhoe)ရောင်းမည်

လက်ရှိအသုံးပြုနေဆဲ
အဟောင်း / အကောင်း
20 Ton (Kobelco) = 260 သိန်း
4.5 Ton (Comatsu) = 160 သိန်း
Ph: 09-785084831

PUN HLAING + SILOAM HOSPITALS

ဖေဖေ၊ မေမေ၊ ဖိုးဖိုး၊ ဖွားဖွားတို့အတွက်

## MEDICAL CHECKUP

လက်လွှတ်မခံသင့်သည့်အခွင့်အရေး

| Package အမျိုးအစား | | ယခင်ဈေး (ကျပ်) | ယခုဈေး (ကျပ်) |
|---|---|---|---|
| Millennials (Male) | အသက် ၄၀အောက် | ၁၃၇,၀၀၀ | ၉၀,၀၀၀ |
| Millennials (Female) | | ၁၄၃,၀၀၀ | ၁၀၀,၀၀၀ |
| Gen-X (Male) | အသက် ၄၀ နှင့် ၅၀ ကြား | ၂၅၉,၀၀၀ | ၁၈၀,၀၀၀ |
| Gen-X (Female) | | ၃၇၅,၀၀၀ | ၂၈၀,၀၀၀ |
| Vintage (Male) | အသက် ၅၀ အထက် | ၂၉၅,၀၀၀ | ၂၁၀,၀၀၀ |
| Vintage (Female) | | ၃၉၅,၀၀၀ | ၂၉၆,၀၀၀ |
| Diabetes Check-up | | ၁၅၇,၀၀၀ | ၁၁၀,၀၀၀ |
| Complete Full Body Check-up (Male) | | ၄၉၇,၀၀၀ | ၃၉၇,၀၀၀ |
| Complete Full Body Check-up (Female) | | ၅၄၃,၀၀၀ | ၄၃၄,၀၀၀ |
| Woman Cancer Screening | | ၁၈၅,၀၀၀ | ၁၅၀,၀၀၀ |
| Pre-Marital | | ၇၅,၀၀၀ | ၅၆,၀၀၀ |
| Master Cardiac Check Up (Male) | | ၃၇၀,၀၀၀ | ၂၉၆,၀၀၀ |
| Master Cardiac Check Up (Female) | | ၄၀၇,၀၀၀ | ၃၄၀,၀၀၀ |

Up to 30% off

ဧပြီလ (၆)ရက်နေ့ မှ (၃၀) ရက်နေ့ အထိ*

* အထူးကုဆရာဝန်ကြီး နှင့် တစ်ကြိမ်အခမဲ့ ဆေးကုသခွင့်

| ပန်းလှိုင်စီလုံဆေးရုံ (ရန်ကုန်) | ပန်းလှိုင်ဆေးခန်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း) | ပန်းလှိုင်စီလုံဆေးရုံ (မန္တလေး) |
|---|---|---|
| ၀၁ ၃၆၈ ၄၄ ၃၃ | ၀၉ ၅၁၃၃ ၇၈ ၁၂ | ၀၂ ၄၀၆ ၉၂၀၃ (၄၅၆) |



Rain Flower



SHOW ROOM အသစ်ဖွင့်လှစ်ခြင်း

အမှတ်-(၁၇၀) ၊ ပင်လုံလမ်း ၊ (၃၁) ရပ်ကွက် ၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၅၁၇၃၀၀၀၂၊ ၀၉-၇၈၃၉၇၈၈၃


**အမည်ပြောင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အထက(၁)၊ ပဉ္စမတန်းမှ မနှင်းဝသုန်၏ဖခင် ဦးဖြိုးကိုကိုအား ယနေ့မှစ၍ ဦးတင်သိန်း ၁၂/မရက(နိုင်)၁၆၇၃၈၀ဟု ပြောင်းလဲခေါ်ဆိုပါရန်။
ဦးတင်သိန်း

**တစ်ဦးတည်းဖြစ်ပါကြောင်း**

အနောက်ပိုင်းတက္ကသိုလ်(နောက်ဆုံးနှစ်)သမိုင်းမှ မရေရှီနား ၁၂/တကန(နိုင်)၂၀၀၅၇၃၏ဖခင် ဦးစောကျော်ကျော်သူ ၁၂/တကန(နိုင်)၁၂၄၉၉၇နှင့် ဦးစောကျော်သူမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဦးစောကျော်ကျော်သူ(ခ)ဦးစောကျော်သူ

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9K/9057၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်တင့်

**Vice Chairman**
**A1 Group of Companies**
**Director Panorama Hotel**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ် ၁၄နေ ဒေါ်ခင်တီဦး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးတေဇထွန်း)-ဒေါ်အေးအေးမွန်၊ ဦးငွေးလွင်(A1 Group of Companies)-ဒေါ်သီတာအေး(Oway)၊ ဦးကိုကိုခိုင်(A1 Group of Companies)-ဒေါ်သူဇာခင်(Terabit Wave)တို့၏ဖခင်၊ ကိုပြေစိုး-မကဲ့ကော်ခင်၊ ဒေါက်တာမြတ်ဆုသင်း၊ မောင်ကျော်မင်းဟိန်း၊ မောင်စစ်နိုင်၊ မဆုဆုစံတို့၏အဘိုးသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့)နံနက် ၄း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်တင့်

**Vice Chairman**
**A1 Group of Companies**
**Director Panorama Hotel**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ် ၁၄နေ ဒေါ်ခင်တီဦး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးစံဦး-ဒေါ်လှညွန့်)တို့၏သားသမက်၊ ဦးကိုကြီး-(ဒေါ်သန်းသန်းဦး)၊ ဦးဝါယာမ၊ ဦးဝင်းဖေ-ဒေါ်မြင့်မြင့်၊ (ဦးသန်းမြင့်)-ဒေါ်မြင့်မြင့်ဦး၊ ဦးမင်းမြင့်-ဒေါ်စန်းစန်းဦး၊ ဦးခင်မောင်လတ်-ဒေါ်ခင်သက်ညွန့်၊ ဒေါ်ခင်လေးဦး၊ (ဦးမင်းသိန်း)-ဒေါ်မော်လီဦး၊ ဦးမျိုးတင့်-ဒေါ်ကြွယ်ကြွယ်ဦးတို့၏ အစ်ကို/မောင်၊ တူ/တူမ ၁၉ယောက်တို့၏ ဘကြီး/ဦးလေးသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညီအစ်ကိုမောင်နှမဆွေမျိုးများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်တင့်

**Vice Chairman**
**A1 Group of Companies**
**Director Panorama Hotel**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ် ၁၄နေ ဒေါ်ခင်တီဦး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးတေဇထွန်း)-ဒေါ်အေးအေးမွန်၊ ဦးငွေးလွင်(A1 Group of Companies)-ဒေါ်သီတာအေး(Oway)၊ ဦးကိုကိုခိုင်(A1 Group of Companies)-ဒေါ်သူဇာခင်(Terabit Wave)တို့၏ဖခင်၊ ကိုပြေစိုး-မကဲ့ကော်ခင်၊ ဒေါက်တာမြတ်ဆုသင်း၊ မောင်ကျော်မင်းဟိန်း၊ မောင်စစ်နိုင်၊ မဆုဆုစံတို့၏အဘိုးသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**A1 Group of Companies မိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်တင့်

**Vice Chairman**
**A1 Group of Companies**
**Director Panorama Hotel**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ် ၁၄နေ ဒေါ်ခင်တီဦး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးတေဇထွန်း)-ဒေါ်အေးအေးမွန်၊ ဦးငွေးလွင်(A1 Group of Companies)-ဒေါ်သီတာအေး(Oway)၊ ဦးကိုကိုခိုင်(A1 Group of Companies)-ဒေါ်သူဇာခင် (Terabit Wave)တို့၏ဖခင်၊ ကိုပြေစိုး-မကဲ့ကော်ခင်၊ ဒေါက်တာမြတ်ဆုသင်း၊ မောင်ကျော်မင်းဟိန်း၊ မောင်စစ်နိုင်၊ မဆုဆုစံတို့၏အဘိုးသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Terabit Wave Co.,Ltd. မိသားစု**

---

## ဦးတင်လှိုင်(အော်တွန်း) အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်း၊ အမှတ် ၂၆၊ ငါးလွှာနေ (ဦးလှရွှေ-ဒေါ်လှရင်)တို့၏သား၊ (ဦးဟုတ်စိန်-ဒေါ်ဝိကြို့)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ အမှတ် ၂၀၊ လေးလွှာနေ ဒေါ်ခင်ချယ်ရီဇင်(ခ)ဒေါ်ခင်ခင်၏ချစ်လှစွာသောခင်ပွန်း၊ မဟန်နွေညီမ်း(တေးသံရှင် Jenny)၏ဖခင်၊ ဒေါ်ရင်ရင်သန်း [တရုတ် (တိုင်ပေ)]၊ ဦးအောင်ကျော်ဦး-ဒေါ်ခင်မျိုးမြင့်တို့၏အစ်ကိုသည်၆-၄-၂၀၁၈ရက်(သောကြာနေ့) ညနေ ၃း၅၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

၃-၄-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားသော ဒေါ်တင်ဥ(ကျိုက်ထို)နာရေး ကိစ္စပြီးမြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီလိုက်ပါ ပို့ဆောင်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဖုန်းဆက်မေးမြန်းပေးကြသော မိတ်သင်္ဂဟများ၊ YESC နှင့် LDC (ရန်ကုန်)မှ အရာထမ်း၊ အမှုထမ်းများ၊ Christ's Church (အလုံ)မှ မိတ်ဆွေများ၊ EYU, ရှုပဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး)၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခဆရာမများနှင့် လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများ၊ နာမကျန်းဖြစ်စဉ်က ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ဦးနှောက်နှင့် အာရုံကြောအထူးကု ဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာ သန့်စင်စိုး၊ အာရှတော်ဝင်ဆေးရုံနှင့် အိမ်တွင်းပြုစုစောင့်ရှောက်ပေးခဲ့ကြသော ဆရာဝန်၊ ဆရာမများနှင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟ အားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်တင့်

**Vice Chairman**
**A1 Group of Companies**
**Director Panorama Hotel**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အေး/ငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ် ၁၄နေ ဒေါ်ခင်တီဦး၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းဖေ-ဒေါ်ခင်ခင်လေး၊ ဦးအောင်မြင့်(A1 Group of Companies)-ဒေါ်မြတ်မိုးအေး၊ ဦးရန်ဝင်း(Chairman- A1 Group of Companies)-ဒေါ်လွင်လွင်ဝေ(A1 Group of Companies)၊ ဒေါ်အေးအေးတင့်(A1 Group of Companies)တို့၏အစ်ကိုသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့)နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညီအစ်ကိုမောင်နှမများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်တင့်

**Vice Chairman**
**A1 Group of Companies**
**Director Panorama Hotel**

**အသက်(၇၅)နှစ်**

ဝန်ထမ်းများအပေါ် မိဘနှင့်မခြား၊ ဆရာလိုတစ်မျိုး၊ စောင့်ရှောက်သွန်သင် ဆုံးမခဲ့သော ဘဘ ၆-၄-၂၀၁၈ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရ၍ မိသားစုနှင့်အတူ နှမြောတသ ဝမ်းနည်းကြေကွဲကြရပါသည်။

**မန္တလေး၊ မုံရွာ၊ ဘယ်လင်း**
**အေဝမ်းဆောက်လုပ်ရေးအဖွဲ့**

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်တင့်

**Vice Chairman**
**A 1 Group of Companies**
**Director Panorama Hotel**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ် ၁၄နေ ဒေါ်ခင်တီဦး၏ချစ်လှစွာသောခင်ပွန်း၊ (ဦးတေဇထွန်း)-ဒေါ်အေးအေးမွန်၊ ဦးငွေးလွင်(A1 Group of Companies)-ဒေါ်သီတာအေး(Oway)၊ ဦးကိုကိုခိုင်(A 1 Group of Companies)-ဒေါ်သူဇာခင်(Terabit Wave)တို့၏ဖခင်၊ ကိုပြေစိုး-မကဲ့ကော်ခင်၊ ဒေါက်တာမြတ်ဆုသင်း၊ မောင်ကျော်မင်းဟိန်း၊ မောင်စစ်နိုင်၊ မဆုဆုစံတို့၏အဘိုးသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Panorama Hotel**
**Director များနှင့် ဝန်ထမ်းများ**

---

ဘုရား၊ရဟန်း၊သိမ်ဒါယိကာမကြီး

## ဒေါ်သန်းရီ(ဒလပျော်ဘွယ်ကြီး)

**ဘုရားကြီးကျေးရွာ၊ တွံတေးမြို့**

**အသက်(၈၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဘုရားကြီးကျေးရွာမြောက်ပိုင်းနေ (ဦးချိန်-ဒေါ်မှီ)တို့၏သမီး၊ (ဦးဂျူထွန်း)၏ဇနီး၊ ဒေါ်ရီရီလွင်၊ ဦးဉာဏ်ဝင်း-ဒေါ်မာမာလွင်၊ ဦးဝင်းလွင်-ဒေါ်တင်တင်ချို၊ ဦးဇော်ဝင်း-ဒေါ်ဖြူဖြူလွင် (အထက-၇၊ မြောက်ဥက္ကလာပကျောင်းအုပ်ကြီး)၊ ဒေါ်နီနီလွင်၊ ဦးကြည်လွင်-ဒေါ်ယုယုစန်း၊(ဦးအောင်လွင်)၊ဦးထွန်းလွင်-ဒေါ်မေနှင်းလွင်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၆-၄-၂၀၁၈ရက် နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## မသူဇာစိုး(ခ)ပုံပုံ B.Sc (Zool)

**အသက်(၃၂)နှစ်**

သထုံမြို့၊အမှတ် ၁၀၄၊ဆေးရုံလမ်း၊ အောက်ကျင်းရပ်ကွက်နေ [ဦးအောင်ကြီး(ခ)ဦးသန်းညွန့်-ဒေါ်လှမင်း]၊(ဦးငုံကူး-ဒေါ်ကျင်ပို)တို့၏မြေး၊ အမှတ် ၄၆၊ ငါးလွှာ၊ သီရိလမ်း၊စမ်းချောင်း၊ ရန်ကုန်နေ (ဦးစံမြင့်)-ဒေါ်အေးမြိုင်တို့၏သမီး၊ မဥမ္မာစိုး၊ မောင်စိုးစံဖြိုး-မခင်နွေးနွေးငြိမ်းတို့၏ညီမ၊မောင်ပြည့်စုံဦး၊ဒေါက်တာသက်ထူးအောင်-မမွန်ဦး(KBZ မန်နေဂျာ၊ ဘုရားကြီး)၊ မောင်ထက်ဦးဝေယံ၏ အဒေါ်၊ သထုံမြို့နေ ဦးအေးဝင်း-ဒေါ်ယဉ်ကြည်၊ (ဦးသားငယ်-ဒေါ်ဝင်း)၊ ဦးအေးကို-ဒေါ်သန်းသန်းအေး၊ ဦးညွန့်လှိုင်-ဒေါ်မေစိုး၊ (ဦးဇာနည်လှိုင်)-ဒေါ်ချိုချို၊ ဦးထွန်းဝင်း-ဒေါ်ခင်စပါယ် (အထက-၄၊ သထုံ)၊ ဦးမြတ်ငွေး-ဒေါ်ခင်မို့မို့၊ ဦးမောင်မောင်ကြီး-ဒေါ်ခင်မို့မို့ (ခေတ္တ-UK)တို့၏တူမသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့)တွင်ကွယ်လွန်သွားပါ၍ ၈-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်း

**ဗဟိုစာရင်းအင်းအဖွဲ့**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ဘော်စင် ၁လမ်း၊ တိုက် ၂၁၊ အခန်း ၃နေ (ဦးလှရွှေ-ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးမောင်မောင်)၏ဇနီး၊ (ဦးမင်းသိန်းဦး)-ဒေါ်ခင်အုန်းမြင့်၊ ရဲမှူးမှုမှုသန်း (ရဲအကြပ် အတတ်သင်ကျောင်း)၊ (ဒုရဲမှူးကြီးဖေသန်း)-ဒေါ်ကြူကြူလှိုင်၊ (ဦးအောင်ကျော်သန်း)-ဒေါ်အေးအေးကြိုင်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့) ညနေ ၄း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ ရေကန် ဒါယကာကြီး

## ဦးမြဲအောင် (မင်းရွာကျောင်းစု)

**ပဲခူးတိုင်းဒေသကြီး၊သနပ်ပင်မြို့နယ်**

**အသက်(၈၀)**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မင်းရွာကျောင်းစုကျေးရွာနေ(ဦးသောင်း-ဒေါ်ရွှေရင်)၊ (ဦးအောင်တင်)-ဒေါ်တင်မေတို့၏သား၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ထူပါရုံ ၁၉လမ်း၊ အမှတ် ၁၅နေ(ဦးဘခင်-ဒေါ်ရှမ်း)တို့၏ သားသမက်၊ သာကေတမြို့နယ်၊ ၉/ရပ်ကွက်၊ ကမာကြည်လမ်းမ၊ အမှတ် ၇၀နေ ဒေါ်ပိုးအေး၏ခင်ပွန်း၊ ဦးမြဦး-ဒေါ်နွယ်နွယ်အေး၊ ဒေါ်စန်းစန်းညို၊ ဒေါ်စီစီညို၊ ဦးရင်မောင်အေး-ဒေါ်မြမြသက်၊ ဦးတင့်ဝေ-ဒေါ်သက်ဇင်ထွန်း၊ ဦးနိုင်မြတ်ကျော် - ဒေါ်သဲပွင့်ဖြူ၊ ဦးအောင်အောင်-ဒေါ်မေမီမွန်တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့)နံနက် ၀၀း၄၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၈-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၇၀၊ ကမာကြည်လမ်း၊ ၉/ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယကာကြီး

## ရဲတပ်ကြပ်ကြီးထွန်းမင်း

**(လ/၁၂၆၁၁၃)**

**အမှတ် ၃၃၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ (ဗိုလ်တထောင်)**

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကဝိပုညလမ်း၊ တိုက် ၆၅၄/၆၅၅၊ အခန်း ၁၀၄နေ (ဦးသိန်း-ဒေါ်တင်ညွန့်)တို့၏သား၊ ဒေါ်ညွန့်ညွန့်သိန်း (ငါးလုပ်ငန်းဦးစီးဌာန၊ ငြိမ်း)၊ ရဲတပ်ကြပ်ကြီး ချိုချို (ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ယာဉ်ထိန်းဌာန)၊ ဒေါ်တင်တင်သိန်း၊ ဒေါ်ချိုချိုမာတို့၏မောင်၊ ဒုရဲမှူးမြင့်မြင့်ထွေး(အမြန်လမ်း၊ ရဲတပ်ဖွဲ့)၏ အစ်ကို၊ ရဲတပ်ကြပ်ကြီးခင်မောင်ဆင့် (ယာဉ်ထိန်းဌာန၊ ငြိမ်း)-ဒေါ်မြင့်နီတို့၏ သားသမက်၊တာမွေမြို့နယ်၊မာန်အောင်ရပ်ကွက်၊ မာန်အောင်ရဲရိပ်သာလမ်း၊ တိုက်(စီ)၊ အခန်း(၁)နေ ရဲတပ်ကြပ်ကြီး စန်းစန်းဆင့် (အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး)၏ခင်ပွန်း၊ မအိအိကေခိုင် (3rd Year-English)၏ဖခင်၊ မဖြိုးကေခိုင် အောင်၊မောင်ဇင်ကိုကိုရှိန်၊မဖြိုးဝေသင်းတို့၏ဦးလေးသည် ၆-၄-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်သား (ထားဝယ်)

**အသက်(၇၈)နှစ်**

ဗိုလ်မှူးချုပ်ခင်မောင်စိုး-ဒေါ်တင်စန္ဒီအေးတို့၏ဖခင်ကြီး ဦးစိန်သား (ထားဝယ်)သည် ၅-၄-၂၀၁၈ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊**
**သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်း**
**နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ၊ သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်ချိုအုန်း**
**(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

## ဆရာဦးမောင်မောင်ကြင်

**(B.A, E.Litt)**

**(အင်းဝနည်းပြ)၊ တောင်ဥက္ကလာပ**

**(စစ်ပြီးခေတ် ရန်ကုန်ဟိုက်စကူးကျောင်းသားဟောင်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ (ဦးကြင်စိန်-ဒေါ်ခင်သောင်း)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီလမ်း၊ အမှတ် ၂၂၅နေ (ဒေါ်စိန်မြင့်)၏ခင်ပွန်း၊ ဦးတင်ဦး-ဒေါ်နီနီယဉ်၊ ဦးမောင်မောင်လွင်၊ ဒေါ်နီနီအေး၊ (ဦးမောင်မောင်စိုး)၊ (တကကမောင်မောင်ဝင်း)-ဒေါ်သန်းသန်းငွေး၊ ဦးမောင်မောင်အောင်၊ ဦးမောင်မောင်ကျော်-ဒေါ်သူဇာထွန်း၊ ဦးမောင်မောင်ငွေး-ဒေါ်ဇင်ဇင်မြင့်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၅-၄-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှကြူ (မြိတ်)

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊အရှေ့အောင်မြေသာစည်အိမ်ရာ၊ တိုက် ၃၊ အခန်း ၀၀၃နေ [ဦးရွှေဘူး-ဒေါ်အင်လန်(ခ)ဒေါ်တင်တင်ဝင်း]တို့၏သမီး၊ မြိတ်မြို့နေ (ဦးရွှေနီ-ဒေါ်ဆင်)တို့၏သမီးချွေးမ၊ ဦးကျော်စိုး(ခ)ဦးနောင်နီ၏ဇနီး၊ မထိုက်သဉ္ဇာဝင်း၊ကိုဖြိုးမင်းစိုး-မနွယ်နွယ်ဝင်း၊ဒေါက်တာဖြိုးငွေစိုး-မယမင်းချန်တို့၏မိခင်၊ ဦးမျိုးအောင်-ဒေါ်စန်းအိ၊ ဦးစိုးလွင်-ဒေါ်ချိုချိုဝင်းတို့၏ညီမ၊ (ဒေါ်တင်တင်ကြူ)၊ ဦးထိန်ဝင်း-ဒေါ်လှိုင်လှိုင်ကြူ၊ ဒေါ်စန်းစန်းကြူ၊ ဒေါက်တာစိုးလွင်-ဒေါ်အေးအေးကြူ၊ ဒေါ်မြင့်မြင့်ကြူ၊ ဦးကျော်အောင်လင်း-ဒေါ်သီသီမွန်၊ ဦးမိုးအောင်လင်း-ဒေါ်နွယ်နွယ်ဦး၊ ဦးစိုးဝင်း-ဒေါ်စန်းစန်းဝေ၊ ဦးစိုးသိန်း-ဒေါ်ချိုချိုမြင့်၊ ဒေါ်မြမြဝင်းတို့၏အစ်မ၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ဆွေဝင်း အသက်(၆၅)နှစ်

**B.A (Law); LL.B (1977-78)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ပါရမီရိပ်သာ၊ ကံ့ကော်မြိုင် ၂လမ်း၊ အမှတ် ၁၀နေ (ဗိုလ်မှူး-လှမောင်၊ ငြိမ်း-ဒေါ်တင်တင်)တို့၏သမီး၊ ဦးမင်းသွင်(ဥပဒေအရာရှိ၊ ငြိမ်း၊ ဗဟိုတရားရုံးရှေ့နေ)၏ချစ်လှစွာသောဇနီး၊ ကိုဝင်းလွင်ဦး-မခင်စုလှိုင်တို့၏မိခင်၊ မသီရိဝင်းလွင်၏အဘွား၊ (ဗိုလ်ကြီးတင်မောင်စိုး)-ဒေါ်ဥမ္မာတင်တို့၏ညီမ၊ ဦးတင်မောင်ငွေး(နိုင်ငံခြားသင်္ဘောအရာရှိ)-ဒေါ်တင်ဥဥ၊ ဒေါက်တာဦးတင်မောင်ဝင်း(အရိုးအကြောအထူးကု)-ဒေါက်တာဒေါ်လေးလေး၊ ဗိုလ်မှူးကြီးတင်မောင်ထွေး(ငြိမ်း) (MEC)-ဒေါ်သင်းသင်းခိုင်တို့၏အစ်မသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## မိုဟာမက်ယူစွတ်(ခ)ဦးကျော်ဇင်(ဦးကျော်)

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၈၉/၉၇နေ (ဟာဂျီဦးမောင်မောင်-ဒေါ်အမာ)တို့၏သား၊ ဒေါက်တာဦးခင်ထွန်း-ဒေါ်ဥမ္မာသိန်း၊ ဒေါ်မြင့်မြင့်မေ-ဦးအေးရွှေတို့၏ညီ/မောင်၊ ဟာဂျီပါမောက္ခဒေါက်တာဦးကိုဝင်း-ဟာဂျီမ ဒေါ်မြင့်မြင့်အေး၊ ဟာဂျီ ဦးဘညွန့်-ဟာဂျီမ ဒေါ်ခင်ခင်ညို၊ (ဟာဂျီ ဒေါက်တာဦးကိုထွေး) - ဟာဂျီမ ဒေါက်တာဒေါ်စုစုမွန်တို့၏တူ၊ ပါမောက္ခ ဒေါက်တာမြသိန်း-မေဇင်ခင်ထွန်း၊ ဒေါက်တာညီသက်လွင်-ဆွေယဉ်ခင်ထွန်း၊ ဦးအောင်သူရွှေ-ဒေါ်လွင်လွင်သန့်၊ ကေဇင်ခင်ထွန်း၊ ဒေါက်တာအိဖြူရွှေ-ဦးလှရွှေတို့၏ဦးလေး၊ မောင်သွေးသစ်ရဲရင့်ရွှေ(ရွှေသွေး)၊ မောင်မြတ်ဘုန်းသုတရွှေတို့၏အဘိုးသည် ၆-၄-၂၀၁၈ရက် (သောကြာနေ့) နံနက် ၈း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဂျွမ္မာနမာဇ်အပြီး ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဦးဝေအောင်

**(မန်နေဂျာ၊ လင်းဝင်းသစ်ကုမ္ပဏီ)**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၁၀၂၈နေ (ဦးထွန်းဝေ၊ ငြိမ်း၊ လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်အေးကျင်တို့၏သား၊ ဦးမျိုးလွင်အောင်-ဒေါ်ဝေဝေသန်း၊ ဦးဝင်းနိုင်ထွေး-ဒေါ်ဝေဝေမိုး၊ ဦးဝေမောင်၊ (ဒေါက်တာဝေဖုန်း)တို့၏အစ်ကို၊ မမျိုးမျိုးခွာညိုဇင်၊ မမေမြတ်မိုးထွေး၊ မယဉ်မြတ်မိုးထွေး၊ မောင်ဘုန်းသန့်မျိုး၊ မောင်ထူးပြည့်မိုးတို့၏ ဘကြီးသည် ၆-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

# စုပေါင်းအင်အားပြဇာတ်ကို ထုတ်လွှင့်ပြသမည်

နေပြည်တော် ဧပြီ ၆

နိုင်ငံတော်သမ္မတရာထူးတာဝန် စတင်ထမ်းဆောင်သည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာရှိ မြက်ခင်းပြင်၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အစည်းအရုံးတို့မှ ပူးပေါင်းတင်ဆက်သည့် စုပေါင်းအင်အားပြဇာတ်ကို ဧပြီ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲ နှင့် ဧပြီ ၇ ရက် ည ၈ နာရီ သတင်းများအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှုကောင်စီ၏ ပထမအကြိမ်အစည်းအဝေး တက်ရောက်အမှာစကားပြောကြား

## မြေသယံဇာတများစီမံခန့်ခွဲရာတွင် မူဝါဒခိုင်မာသည့် မြေစီမံအုပ်ချုပ်ရေးစနစ်များကို ချမှတ်ကျင့်သုံးအကောင်အထည်ဖော်ရန်အရေးကြီး

နေပြည်တော် ဧပြီ ၆

အမျိုးသားမြေအသုံးချမှုကောင်စီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့အစည်းအဝေးသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အတည်ပြုကြေညာခဲ့သည့် အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြေအသုံးချမှု မူဝါဒဆိုင်ရာ ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းခဲ့သည့် "အမျိုးသားမြေအသုံးချမှုကောင်စီ"၏ ပထမဆုံးခေါ်ယူကျင်းပသော ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ ❀



အမျိုးသားမြေအသုံးချမှုကောင်စီ၏ ပထမအကြိမ်အစည်းအဝေးတွင် အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားစဉ်။

သတင်းစဉ်

**မြစ်ကြီးနားမြို့တွင် ရွှေထည်နှင့်ငွေသား ၅၃ သိန်းကျော်ခန့် ဖောက်ထွင်းခံရ**

စာ ➤ ၁၂

**တူရကီအနောက်ပိုင်း တက္ကသိုလ်တစ်ခု၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ လေးဦးသေဆုံး**

စာ ➤ ၁၄

# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အဝေးကွင်း၌ ရှုံးနိမ့်

မော်လမြိုင် ဧပြီ ၆

၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀)ပထမနေ့ကို ယနေ့ညနေပိုင်းက မော်လမြိုင်ကွင်း၌ ကျင်းပရာ Southern အသင်းက လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအတွက် နောက်ထပ်ရလဒ်ဆိုးဖြစ်ခဲ့ပြီး အဝေးကွင်း၌ ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ချန်ပီယံဆုကာကွယ်နိုင်ရန် ဖိအားဝင်သွားရသည်။ Southern အသင်းသည် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ယခုရာသီတတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့သည်။ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းသည် ဒုတိယမြောက်ရှုံးပွဲကြုံတွေ့ခဲ့ပြီး

စာမျက်နှာ ၁၃ ကော်လံ ၅ ✪

# သင်္ကြန်အထူးရထားများ ဧပြီ ၁၀ ရက်တွင် စတင်ပြေးဆွဲမည်

## သင်္ကြန်ကာလရက်များအတွင်း တချို့ပုံမှန်ရထားများ ရပ်နားမှုမရှိ ပြေးဆွဲပေးမည်

ရန်ကုန် ဧပြီ ၆

မြန်မာ့မီးရထားအနေဖြင့် ယခုနှစ်သင်္ကြန်တွင် ခရီးသွားပြည်သူများအဆင်ပြေစေရန် သင်္ကြန်အထူးရထားများကို လာမည့်ဧပြီ ၁၀ ရက်တွင် စတင်ပြေးဆွဲပေးမည်ဖြစ်ပြီး သင်္ကြန်ကာလတွင်လည်း ပုံမှန်ပြေးဆွဲပေးလျက်ရှိသော တချို့ရထားခရီးစဉ်များကိုရပ်နားမှုမရှိဘဲ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားတိုင်းအမှတ် ၇ သွားလာပို့ဆောင်ရေးဌာနခွဲမှ သိရသည်။

"ဒီနှစ်သင်္ကြန်မှာတော့ ခရီးသွားပြည်သူတွေအဆင်ပြေအောင် ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ အရင်နှစ်သင်္ကြန်တွေကလို သင်္ကြန်အထူးရထားတွေ ပြေးဆွဲပေးဖို့ စီစဉ်ထားပါတယ်၊ ဒ့ါအပြင် ဝန်ထမ်းတွေ အဆင်ပြေဖို့လည်း ဝန်ထမ်းအထူးရထားကို နေပြည်တော်ကနေ စတင်ပြေးဆွဲပေးသွားမှာပါ၊ မြန်မာ့မီးရထားအနေနဲ့ နှစ်စဉ်နှစ်တိုင်းလိုပဲ အထူးရထားတွေ ပြေးဆွဲပေးတာရှိသလို ပုံမှန်ရထားတွေ

စာမျက်နှာ ၇ ကော်လံ ၁ ❖




ရန်ကုန်- မန္တလေးပြေးဆွဲပေးနေသော ရထားတစ်စင်းကို ရန်ကုန်ဘူတာကြီး၌ တွေ့ရစဉ်။



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ မေ ၇၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ပြည်သူ့အကျိုးပြု ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး ပြည်သူတွေဟာ အကျိုးခံစားမှုရရှိသလား၊ မရရှိဘူးလားဆိုတာ ပြည်သူတွေဆီကနေ တုံ့ပြန်အကြံပြုချက်တွေ ရယူဖို့လိုပါတယ်

နိုင်လင်းကြည်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဒုတိယ(၁)နှစ်တာအတွင်း ဆောင်ရွက်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။**

**မေး။ ။ ဝန်ကြီးဌာနရဲ့ ဒုတိယ (၁) နှစ်တာအတွင်း ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ခဲ့သလဲဆိုတာ ပြောပြပေးစေလိုပါတယ် ခင်ဗျာ။**

ဖြေ။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်မှုအသစ်တွေနဲ့ ကောင်းမွန်တဲ့အပြောင်းအလဲကို ဖော်ဆောင်ခဲ့ပါတယ်။ မူဝါဒသစ်ကတော့ လူတိုင်းအခြေခံလူ့အခွင့်အရေးရရှိရေး၊ ဒီမိုကရေစီစံနှုန်းတွေနဲ့ ကိုက်ညီပြီးတော့ လူ့ဂုဏ်သိက္ခာနဲ့ပြည့်စုံတဲ့ လူ့အသိုင်းအဝိုင်း ဖော်ဆောင်ရေးဆိုတဲ့ ကျွန်တော်တို့ရဲ့အဓိကမူဝါဒသစ်ဖြစ်ပါတယ်။

ဝန်ကြီးဌာနရဲ့ မူဝါဒသစ်တွေကို စနစ်တကျထိရောက်စွာ အကောင်အထည်ဖော်ဖို့ဆိုရင် ကျွန်တော်တို့အနေနဲ့ မူဝါဒတွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေ အသစ်ပြဋ္ဌာန်းဖို့၊ ပြင်ဆင်ဖို့လိုပါတယ်။ ဒါတွေကိုလည်း ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်နဲ့ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခုက ခေတ်နဲ့မလျော်ညီတော့တဲ့ အမိန့်တွေ၊ ညွှန်ကြားချက် အဟောင်းတွေကို အခြားဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီးတော့ ပယ်ဖျက်တာတွေ လုပ်ဆောင်နိုင်ခဲ့တာဟာ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ထိရောက်တဲ့ ဆောင်ရွက်မှုဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေရဲ့ လိုအပ်ချက်အမှန်ကို သိရှိဖို့ ဘယ်လိုတွေများ ဆောင်ရွက်ခဲ့သလဲဆိုတာလည်း သိလိုပါတယ်။**

ဖြေ။ ။ ပြည်သူတွေရဲ့ လိုအပ်ချက်အမှန်ကို သိရှိဖို့အတွက် ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တိုက်ရိုက်ဆက်သွယ်ခဲ့ပါတယ်။ ပြည်သူ့အသံကို ရယူနိုင်ဖို့ ၂၄ နာရီ ဆက်သွယ်အကူအညီတောင်းခံနိုင်မယ့် Call Centre တွေကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။

လူမှုဝန်ထမ်းနည်းစနစ်တွေနဲ့ မိုဘိုင်းဖုန်းတွေကတစ်ဆင့် ပြည်သူရဲ့အသံကိုရရှိပြီး ဖြေရှင်းခဲ့တာတွေကတော့ သက်ငယ်မုဒိမ်းမှု ၈၂ မှု အပါအဝင် အကူအညီတောင်းခံမှု ၃၅၉ မှုနဲ့ ဘေးဒဏ်ခံပြည်သူတွေရဲ့ အကူအညီတောင်းခံမှု ၄၂၇၀ အထိရှိခဲ့ပါတယ်။ ဆိုလိုတာက ဘေးအန္တရာယ်နဲ့ပတ်သက်ရင် ပြည်သူလူထုက ဆက်သွယ်မှုတွေများတယ်။ ကျွန်တော်တို့ကလည်း ထိထိရောက်ရောက် ဖော်ဆောင်နိုင်တယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့သဘောတူညီမှုစာချုပ်တွေ ချုပ်ဆိုပြီး အကူအညီတွေ ရယူဆောင်ရွက်ခဲ့တာတွေလည်းရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ပြည်သူတွေအကျိုးခံစားရမှုပမာဏ ပိုမိုရဖို့အရေးကြီးပါတယ်။ စာချုပ်တွေချုပ်ဆိုတဲ့အခါမှာ ပြည်သူတွေ အကျိုးခံစားရမှုပမာဏပိုရဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနမှာ ဥပဒေအကြံပေးအဖွဲ့ကို သီးသန့်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

စာချုပ်ချုပ်ဆိုပြီးရင်လည်း တကယ်စာချုပ်ပါအတိုင်း ကူညီတဲ့အဖွဲ့အစည်းတွေက လက်တွေ့အကောင်အထည် ဖော်နိုင်သလားဆိုတာကို ကျွန်တော်တို့အနေနဲ့ စီမံကိန်းဖော်ဆောင်မှုကြီးကြပ်တဲ့အဖွဲ့ကိုဖွဲ့စည်းပြီး ကွင်းဆင်းပြီး သူတို့တွေနဲ့ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့လုပ်ငန်းကို အကောင်အထည်ဖော်ဖို့၊ စီမံကိန်းရေးဆွဲတဲ့နေရာမှာ အထောက်အကူပြုဖို့နဲ့ အထောက်အထား အခြေပြုသုတေသနရလဒ်ကို ထည့်သွင်းစဉ်းစားနိုင်ဖို့ သုတေသနစင်တာတစ်ခုကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒါဟာ လက်ရှိအစိုးရတာဝန်ယူစဉ်ကာလမှာ ထူးခြားတဲ့ပြောင်းလဲမှုတစ်ရပ်ပဲ ဖြစ်ပါတယ်။

**မေး။ ။ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ဖော်ဆောင်တဲ့အခါမှာ ပြည်သူတွေ အမှန်တကယ်ခံစားရသလားဆိုတဲ့ တုံ့ပြန်မှုရဖို့ ဘယ်လိုဆောင်ရွက်ပေးလဲဆိုတာ ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ ဝန်ကြီးဌာနရဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး တကယ်ပဲ ပြည်သူတွေဟာ အကျိုးခံစားမှုရရှိသလား၊ မရရှိဘူးလားဆိုတာ ပြည်သူတွေဆီကနေ တုံ့ပြန်အကြံပြုချက်တွေရယူဖို့လိုပါတယ်။ ဒါတွေအတွက်လည်း ပြည်သူသို့ တင်ပြလွှာ၊ သတင်းလွှာတွေကို ထုတ်ဝေခဲ့ပါတယ်။ ပြည်သူတွေဆီက အကြံဉာဏ်တွေ ပြန်လည်ရယူခဲ့တာရှိပါတယ်။

နောက်တစ်ခုက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ အစိုးရသက်တမ်းနှစ်နှစ်တာကာလအတွင်းမှာ မဖြစ်မနေ လိုအပ်တာကတော့ ဝန်ထမ်းအင်အားဖြစ်ပါတယ်။ မူလဝန်ထမ်းအင်အားက တစ်နိုင်ငံလုံးမှာ ၂၀၀၀ ကျော်ပဲ ရှိပါတယ်။ ဝန်ထမ်းအင်အားကို တိုးမြှင့်ဖို့ စီစဉ်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဝန်ထမ်းအင်အားတိုးမြှင့်ချထားခြင်းတွေရှိခဲ့ပါတယ်။ ဘာအတွက်လဲဆိုရင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေလုပ်မယ်။ ပြန်လည်ထူထောင်ရေးကဏ္ဍတွေ ရှိတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနဟာ ပြန်လည်ထူထောင်ရေးနဲ့ ပတ်သက်ရင် ပြန်လည်ဆန်းစစ်မှုတော့ အားနည်းတာတွေရှိပါတယ်။ ဒါကိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ ပြန်လည်ထူထောင်ရေးဦးစီးဌာနအသစ်တစ်ခုကိုလည်း တိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။

အရင်တုန်းက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဆိုပြီး အမည်ပြောင်းလဲခဲ့ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနဆိုပြီး ဦးစီးဌာနသုံးခု ဖြစ်သွားပါတယ်။

ဒါ့အပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ဖို့က ဘတ်ဂျက်ဘဏ္ဍာငွေက အရေးကြီးပါတယ်။ အရင်တုန်းက ပြည်ထောင်စုအစိုးရဘတ်ဂျက်ပေါ့။ ကျွန်တော်တို့ ရရှိတဲ့ဘတ်ဂျက်က ဝန်ကြီးဌာနအားလုံး စုစုပေါင်းဘတ်ဂျက်ရဲ့ သုည ဒသမ ဝ၉ ရာခိုင်နှုန်းပဲရတယ်။ အလွန်နည်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က ထိထိရောက်ရောက်ဆောင်ရွက်နိုင်တဲ့အတွက် ၂၀၁၇ ခုနှစ်မှာ သုည ဒသမ ၂၅ (ဝ ဒသမ ၂၅) ရာခိုင်နှုန်းအထိ တိုးမြှင့်ခွဲဝေချထားတာကို ကျွန်တော်တို့ ခံစားခဲ့ရပြီ။ အဲဒီတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အရှိန်မြှင့်ပြီး ဆောင်ရွက်မယ်။ ထိထိရောက်ရောက် ဆောင်ရွက်မယ်ဆိုတော့ ဘဏ္ဍာငွေတွေပိုမိုရရှိဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ အဓိကတာဝန်ယူရတာက လူသားချင်း စာနာထောက်ထားမှုအကူအညီပေးရေးလုပ်ငန်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊

*အချပ်ပို(ခ)သို့*



ကချင်ပြည်နယ်အတွင်းရှိ နယ်မြေလုံခြုံရေးအခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ထောက်ပံ့သည့်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများကို သိရှိစေရန်အတွက် ရှင်းလင်းပြောကြားစဉ်။

*အချပ်ပို(က)မှ*

ပြန်လည် ထူထောင်ရေးလုပ်ငန်းနဲ့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ရတာဖြစ်ပါတယ်။

အစိုးရအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားရေးကို ဦးစားပေးရည်မှန်းပြီး ဆောင်ရွက်နေတယ်။ ဒါကြောင့် တိုင်းရင်းသားအများစုနေထိုင်တဲ့ ပြည်နယ်တွေ၊ ငြိမ်းချမ်းမှုမရှိသေးတဲ့ ပြည်နယ်တွေမှာ လူကြောင့်ဖြစ်တဲ့ ဒုက္ခ၊ တိုက်ပွဲရှောင်နဲ့ ပဋိပက္ခဒဏ်ခံပြည်သူတွေ၊ သဘာဝဘေးဒဏ်ခံစားနေရတဲ့ ပြည်သူတွေအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီတွေပေးနေတာဖြစ်ပါတယ်။ ဒါကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ လိုအပ်ချက်အရ ဖော်ဆောင်ထားတဲ့ UEHRD ပြည်ထောင်စုစီမံကိန်းလိုမျိုး ဒါတွေကနေ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဘေးအမျိုးအစားအလိုက် ထောက်ပံ့မှုတွေမှာ အရင်နှစ်တွေထက် ငွေကြေးဆိုရင် သုံးဆလောက် ပိုမိုတိုးမြှင့်ပေးနေတာရှိပါတယ်။ ဒုက္ခသည်စခန်းတွေမှာရှိတဲ့ ပြည်သူတွေကို အသက်မွေးဝမ်းကျောင်းပညာရပ်တွေ လေ့ကျင့်သင်ကြားပေးနေတယ်၊ အလုပ်အကိုင်ရရှိဖို့အတွက် အရင်းအနှီးတွေ၊ မတည်ငွေတွေ ထုတ်ပေးနေပါတယ်။ ဒီလိုလုပ်ပေးခြင်းအားဖြင့် အခြေတကျနေထိုင်မယ့်နေရာကို ပြန်ရောက်တဲ့အခါမှာ အဆင်ပြေသွားအောင် ဒုက္ခသည်စခန်းမှာရှိစဉ်အခါကတည်းက ထောက်ပံ့မှုတွေ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားမှုတွေကို ကျွန်တော်တို့ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

**မေး ။ ။ လူမှုကာကွယ်စောင့်ရှောက်မှု လုပ်ငန်းတွေကို ဘယ်လိုအစီအစဉ်တွေ ဆွဲပြီး ဆောင်ရွက်ခဲ့လဲဆိုတာလည်း သိလိုပါတယ်။**

ဖြေ ။ ။ လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းတွေအတွက် အထောက်အပံ့တွေ၊ ပြန်လည်ထူထောင်ရေးတွေကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနေပါတယ်။ လူတိုင်းအခြေခံ လူ့အခွင့်အရေးရရှိရေး၊ ဒီမိုကရေစီစံနှုန်းများနဲ့ ကိုက်ညီပြီးတော့ လူ့ဂုဏ်သိက္ခာနဲ့ပြည့်စုံတဲ့ အသိုင်းအဝိုင်းဖော်ဆောင်ရေးကို အကောင်အထည်ဖော်တဲ့ နေရာမှာ ကိုယ်ဝန်စတည်စကနေပြီးတော့ သက်ကြီးရွယ်အိုအထိ လူ့ဘဝစက်ဝန်းတစ်ခုလုံးကို လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

ဒီနည်းလမ်းတွေထဲက တစ်ခုကတော့ ပဋိသန္ဓေတည်စကတည်းကလို့ ပြောတဲ့အတွက်ကြောင့် ပထမဦးဆုံး ကိုယ်ဝန်ဆောင်မိခင်နဲ့ မွေးဖွားလာတဲ့ကလေး အသက် နှစ်နှစ်အထိ ထောက်ပံ့ခြင်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကလေးသူငယ်ရဲ့ ကနဦးဘဝအစ ရက်ပေါင်း ၁၀၀၀ ကာလလို့ပြောတဲ့အတွက် အဲဒီကာလမှာ ကလေးတစ်ယောက်ရဲ့ ဦးနှောက်ဖွံ့ဖြိုးမှုနဲ့ ခန္ဓာကိုယ်ကြီးထွားမှုဟာ အဓိကကျပါတယ်။ ဒီကာလမှာ အာဟာရပြည့်ပြည့်ဝဝ စားသုံးနိုင်ရင်၊ အခြားကူညီထောက်ပံ့မှုတွေပေးနိုင်မယ်ဆိုရင် ကလေးငယ်ရဲ့ အနာဂတ်ဘဝတစ်ခုလုံးဟာ ဖွံ့ဖြိုးလာမှာဖြစ်ပြီး တိုင်းပြည်အတွက် အလွန်အကျိုးရှိမှာဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး အာဟာရပြည့်ဝရေးကို ထောက်ပံ့ပေးနိုင်ဖို့အတွက် ငွေကြေးထောက်ပံ့မှုတွေကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးမှုနိမ့်ကျနေသေးတဲ့ နေရာတွေဖြစ်တဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မှာ စတင်ဆောင်ရွက်နေပါတယ်။ လာမယ့်နှစ်မှာတော့ ဧရာဝတီတိုင်းဒေသကြီးမှာ တိုးချဲ့ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် အနာဂတ်တိုင်းပြည်ကို ပခုံးပြောင်းတာဝန်ယူမယ့် ကလေးတွေဟာ ဦးနှောက်ဖွံ့ဖြိုးတဲ့သူတွေ ဖြစ်လာပြီး တိုင်းပြည်အတွက် အလွန်အကျိုးရှိတဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းဖြစ်ပါတယ်။

**မေး ။ ။ ကလေးသူငယ် အခွင့်အရေး ရရှိဖို့နဲ့ ကာကွယ်ဖို့ဆိုရင် ဘယ်လိုတွေ ဆောင်ရွက်ပေးနေလဲဆိုတာ ပြောပြပေးပါခင်ဗျာ။**

ဖြေ ။ ။ ဝန်ကြီးဌာနအနေနဲ့ ကလေးသူငယ်အခွင့်အရေးတွေ ရရှိဖို့အတွက်ဆိုရင် ကလေးတွေရဲ့ မွေးရာပါအခွင့်အရေးလေးခုဖြစ်တဲ့ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အစောင့်ရှောက်ခံပိုင်ခွင့်နဲ့ ပါဝင်ခွင့်တွေကို အပြည့်အဝရရှိဖို့အတွက် နှစ်နှစ်တာကာလအတွင်းမှာ ထူးထူးခြားခြား ဆောင်ရွက်နေတဲ့ကိစ္စတစ်ခုကတော့ ရင်ခွင်မဲ့ကလေးတွေလျော့ချရေးနဲ့ ကာကွယ်တားဆီးရေးလှုပ်ရှားမှုပဲဖြစ်ပါတယ်။ ဒါဟာ အင်မတန်အရေးကြီးပါတယ်။ ကလေးတိုင်းမှာ အမိအဖဆိုတာရှိတယ်။ ဒါပေမယ့် ကလေးတိုင်း မိဘရင်ခွင်နဲ့ မနေရဘူး။ ရင်ခွင်မဲ့ကလေးတွေ အများကြီးဖြစ်ပေါ်လာတာ တွေ့ရပါတယ်။ ရင်ခွင်မဲ့ကလေးတွေများလာခြင်းက ကျွန်တော်တို့အတွက် စိန်ခေါ်မှုတစ်ရပ်ပါပဲ။ ဒါကြောင့် လူမှုရေးအဖွဲ့အစည်းတွေ၊ ဖောင်ဒေးရှင်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။

ကလေးတွေရဲ့အခွင့်အရေးကို အပြည့်အဝကာကွယ်ပေးနိုင်ဖို့ဆိုပြီး ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေဆိုတာရှိခဲ့တယ်။ ၂၀၀၁ ခုနှစ်မှာ ကလေးသူငယ်နည်း ဥပဒေဆိုတာ ပေါ်ပေါက်ခဲ့တယ်။ ဒါပေမယ့် ခေတ်စနစ်နဲ့ကိုက်ညီပြီးတော့ ပိုမိုအကျိုးရှိ အောင်ဆောင်ရွက်ချင်ပါတယ်။

ကလေးသူငယ် အခွင့်အရေး လေးခုလုံးကို ပြည့်ပြည့်ဝဝပေးနိုင်ဖို့အတွက် အစိုးရသစ်လက်ထက်မှာ ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဥပဒေဆိုပြီး အသစ်ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ အတည်ပြုဖို့အတွက် လွှတ်တော်ကို တင်ပြထားပြီးပါပြီ။ မကြာခင်မှာ အတည်ပြုနိုင်မှာဖြစ်ပါတယ်။ ကလေးသူငယ်အခွင့်အရေးဖော်ဆောင်တဲ့အခါမှာ စနစ်ကျတဲ့ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုတာ ကျွန်တော်တို့မှာ စီမံချက်နဲ့ရှိပါတယ်။ မူဝါဒတွေချမှတ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကို နိုင်ငံအနှံ့မှာ ဆောင်ရွက်နေပါတယ်၊ အရင်ထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ ရှေးဦးအရွယ် ကလေးသူငယ်တွေကို လေ့လာဆန်းစစ်၊ မသန်စွမ်းမှုတွေကို စောစောစီးစီးဖော်ထုတ်ပြီး တိုင်းထွာစစ်ဆေးတွေ့ရှိပြီးမှ ရှေ့ပြေးဝန်ဆောင်မှုတွေ ပေးနိုင်ခဲ့ပါတယ်။ မသန်စွမ်းမှုကို စောစောစီးစီးတွေ့ရင် တားဆီးနိုင်မယ်၊ ပြုပြင်နိုင်မယ်၊ ကုသနိုင်မယ်။ ဒါတွေလုပ်ဆောင်နိုင်ဖို့အတွက် ရှေ့ပြေးစီမံချက်တွေအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တို့မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



လူမှုဝန်ထမ်းဦးစီးဌာနမှ မောင်တောဒေသရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များအတွက် ထောက်ပံ့ကြေးငွေများ ပေးအပ်စဉ်။
ဓာတ်ပုံ-ကျော်သူဝင်း

ဒါ့အပြင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးမှာ မူကြိုကျောင်းတွေ တိုးချဲ့ဖွင့်လှစ်တာလည်း ပါပါတယ်။ မူကြိုကျောင်းတွေကို အစိုးရအနေနဲ့ ဖွင့်လှစ်နိုင်တာနည်းပါတယ်။ ကိုယ်ထူကိုယ်ထ မူကြိုကျောင်းတွေကများပါတယ်။ ဒါပေမယ့် အခုတော့ အစိုးရအနေနဲ့ ဘတ်ဂျက်တိုးမြှင့်ပြီး မူကြိုကျောင်းတွေ ဖွင့်လှစ်နိုင်ဖို့ ကြိုးစားနေပါတယ်။ မဖွင့်လှစ်နိုင်ခင် ကလေးသူငယ်ပြုစုပျိုးထောင်ရေးကို စနစ်တကျရှိဖို့ဆိုပြီး မိခင်ဝိုင်းတွေ တိုးချဲ့ဖွင့်လှစ်ပါတယ်။ အခုနှစ်နှစ်တာ ကာလအတွင်းမှာ အရင်တုန်းကဆယ်ဂဏန်းလောက်ပဲရှိတဲ့ မိခင်ဝိုင်းကနေ အခုဆိုရင် ၁၂၇ ဝိုင်းလောက်အထိဖွင့်လှစ်နိုင်ခဲ့ပါတယ်။

နောက်တစ်ခုက အနာဂတ်နိုင်ငံကို ပုံဖော်တဲ့နေရာမှာ လက်ဆင့်ကမ်း တာဝန်ယူမယ့် လူငယ်တွေကို ကျွန်တော်တို့အနေနဲ့ စနစ်တကျပျိုးထောင်ပေးဖို့လိုပါတယ်။ ဒါကြောင့် အစိုးရသစ်ရဲ့နှစ်နှစ်တာကာလအတွင်းမှာ အရင်ကမရှိသေးတဲ့ လူငယ်မူဝါဒဆိုတာကို အောင်မြင်အောင်ဖော်ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ အကောင်အထည်ဖော်မယ့် လုပ်ငန်းစဉ်တွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ လူငယ်တွေကပဲ ကိုယ်တိုင်ပါဝင်ပြီးတော့ ဖော်ဆောင်နေတာဖြစ်ပါတယ်။ ဒါဟာအင်မတန် ထူးခြားတဲ့ ပြောင်းလဲမှုတစ်ခုဖြစ်ပါတယ်။

**မေး ။ ။ ထိခိုက်လွယ်တဲ့ ကလေး၊ အမျိုးသမီးနဲ့ သက်ကြီးရွယ်အိုတွေ ဖြစ်တဲ့အတွက် အမျိုးသမီးတွေရဲ့ ဘဝလုံခြုံရေး၊ အခန်းကဏ္ဍနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဘယ်လိုများ စီမံဆောင်ရွက်နေလဲဆိုတာ သိလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ အမျိုးသမီးများ တန်းတူညီမျှမှုရှိရေးနဲ့ အခွင့်အရေး အပြည့်အဝရရှိရေး၊ ရပ်တည်နိုင်ရေး၊ ဘက်ပေါင်းစုံက အကြမ်းဖက်မှုများမှ ကာကွယ်ရေးဆိုပြီး ဆောင်ရွက်နေပါတယ်။ အမျိုးသမီးတွေနဲ့ ပတ်သက်ရင် "အမျိုးသမီးများအား ဘက်ပေါင်းစုံမှ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ"ဆိုတာကို ရေးဆွဲနေပါတယ်။ တော်တော်ခက်ခက်ခဲခဲနဲ့ ညှိနှိုင်းရေးဆွဲရပါတယ်။ ဒီဥပဒေက အရင်အစိုးရလက်ထက်မှာ စတင်ရေးဆွဲခဲ့တာဖြစ်ပြီး အခုအစိုးရလက်ထက်မှာ အပြီးသတ် အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ပါပြီ။

ဒီလိုရေးဆွဲတဲ့အခါမှာ အရပ်ဘက် အဖွဲ့အစည်းတွေ၊ အမျိုးသမီးအရေး တက်ကြွလှုပ်ရှားတဲ့အဖွဲ့အစည်းတွေ အားလုံးက တက်တက်ကြွကြွပါဝင်ပြီး ရေးဆွဲနိုင်ခဲ့ပါတယ်။ တင်ပြထားပြီးဖြစ်ပါတယ်။ အတည်ပြုဖို့ပဲ ကျန်ပါတော့တယ်။

အကောင်အထည်ဖော်နိုင်တာ နောက်တစ်ခုကတော့ အကြမ်းဖက်မှုခံ နေရတဲ့အမျိုးသမီးတွေရဲ့ ပြဿနာကို တစ်နေရာတည်းမှာဖြေရှင်းနိုင်တဲ့ One Stop Women Support Center ဖွင့်လှစ်ပြီး အကူအညီတောင်းခံမှုတွေကို ဖြေရှင်းဖို့ ပြုလုပ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ နောက်ဆောင်ရွက်နေ တာကတော့ အရင်တုန်းကတော့ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေဆိုတာရှိတယ်။ ဒီကိစ္စဟာ ပြန်လည်ထူထောင်ရေးနဲ့ ဆက်စပ်နေတယ်။ ဒါကြောင့် ပြည့်တန်ဆာဆိုင်ရာဥပဒေကို ပြန်လည်ထူထောင်ရေး ရှုထောင့်ကနေ ရေးဆွဲပြီးကောင်းမွန်တဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေနဲ့ ဘဝရပ်တည်နိုင်အောင် ဆောင်ရွက်ဖို့ လူမှုကာကွယ်စောင့်ရှောက်ရေးမှာ အရေးပါတဲ့ ပြောင်းလဲမှုတစ်ခုအနေနဲ့ ဆောင်ရွက်နေပါတယ်။ နောက်ပြီး လူကုန်ကူးခံရမှုလျော့ပါးဖို့နဲ့ ကာကွယ်စောင့်ရှောက်ဖို့ကို ထိထိရောက်ရောက် ဆောင်ရွက်နေပါတယ်။ လူကုန်ကူးခံရမှုတွေ မဖြစ်အောင်နဲ့ ဖြစ်ပြီးသားသူတွေကို ကျွန်တော်တို့ ငွေကြေး ကူညီထောက်ပံ့မယ်။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ပြေပျောက်အောင် ဆောင်ရွက်မယ်။ ဒါတွေကို အထူးဦးစားပေးဆောင်ရွက်နေပါတယ်။

*အချပ်ပို(ဂ)သို့*

*အချပ်ပို(ခ)မှ*

ဒါ့အပြင် အမျိုးသမီးတွေနဲ့ပတ်သက်ရင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အရင်တုန်းက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဆိုပြီး ဖွဲ့စည်းထားတယ်။ ဒီကော်မတီအောက်မှာ ကော်မတီလေးတွေဖြစ်တဲ့ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များ စောင့်ရှောက်ရေးအဖွဲ့ ရှိပါတယ်။ အခုတော့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ဖွဲ့စည်းပြီး ထူးခြားစွာ ပါဝင်လာတာကတော့ အရင်က အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့် ကလေးတို့အပြင် အမျိုးသမီးစွမ်းဆောင်ရှင်များအဖွဲ့ စသဖြင့် အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး တက်တက်ကြွကြွ လှုပ်ရှားနေတဲ့ လူမှုအဖွဲ့အစည်းတွေ၊ ဖောင်ဒေးရှင်းတွေ အဲဒီကနေ ကိုယ်စားလှယ်တွေ ပါဝင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

သက်ကြီးရွယ်အိုတွေနဲ့ ပတ်သက်ပြီး ပြောရရင်တော့ အခု အစိုးရလက်ထက်မှာ သက်ကြီးရွယ်အိုဥပဒေကို ဖော်ဆောင်နိုင်ခဲ့ပါတယ်။ နည်းဥပဒေလည်း ရေးဆွဲဆောင်ရွက်နေပြီ။ ဥပဒေအရ သက်ကြီးရွယ်အိုပင်စင်၊ လူမှုရေးပင်စင်ကို ပေးနိုင်ခဲ့ပါတယ်။ ဒါဟာ ထူးခြားတဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ပထမတော့ နိုင်ငံတော်ရဲ့ဘတ်ဂျက်အနေအထားအရ အသက် ၉၀ နှစ်နဲ့အထက် ဘိုးဘွားတွေကို လူမှုရေးပင်စင် လစဉ်ထောက်ပံ့တဲ့စနစ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လာမယ့်နှစ်ကစပြီး အသက်ကို ၈၅ နှစ်အထိ လျှော့ချမယ်။ တဖြည်းဖြည်းလျှော့ချပြီး ဆောင်ရွက်သွားပါမယ်။

**မေး ။ ။ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ဘယ်လိုစီမံမှုတွေ ရှိသလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ။ ဘေးအန္တရာယ်နဲ့ ပတ်သက်ရင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနအနေနဲ့ စီမံခန့်ခွဲမှုတွေမှာ ပိုမိုကောင်းမွန်ပြီးတော့ ဘေးဒဏ်ခံရတဲ့ ပြည်သူတွေကိုလည်း ပိုမိုကောင်းမွန်တဲ့အခြေအနေတစ်ရပ်ဖြစ်အောင် ပြန်လည်ထူထောင်ဖို့ ဖြစ်ပါတယ်။ လက်တွေ့အကောင်အထည်ဖော်မှုအနေနဲ့ ရော၊ ပြည်သူလူထု၊ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေရယ် ပွင့်လင်းမြင်သာစွာနဲ့ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တာကလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီရေးဆိုတာကို ဦးတည်ပြီးဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုနဲ့ တကယ်ပဲ နီးကပ်စွာ ထိတွေ့နိုင်မှု၊ ပိုမိုအားကောင်းတဲ့ ပွင့်လင်းမြင်သာမှုရှိတဲ့ လုပ်ငန်းအစီအစဉ်တွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါတွေဟာ နှစ်နှစ်တာကာလအတွင်းမှာ အောင်မြင်ခဲ့တဲ့ ကိစ္စတွေပဲ ဖြစ်ပါတယ်။

ဘေးအန္တရာယ် စီမံခန့်ခွဲတဲ့နေရာမှာ ပိုမိုထိရောက်အောင်ဆိုပြီးတော့ နိုင်ငံတကာနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး အရေးပေါ်အခြေအနေတွေကို စီမံခန့်ခွဲနိုင်တဲ့ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု ဗဟိုဌာနဆိုတာ ရှိပါတယ်။ အဲဒီဗဟိုဌာနကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့တာ ရှိပါတယ်။ ဒီမှာလည်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပတ်သက်လို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီဆိုတာရှိပါတယ်။ ဒုတိယသမ္မတ ဦးဆောင်ပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဘေးအန္တရာယ်တွေကို စီမံခန့်ခွဲတဲ့နေရာမှာ ဘာအရေးကြီးသလဲဆိုတာ တွေ့လာရတယ်။ ဘာလဲဆို ကြိုတင်ပြင်ဆင်မှုအပိုင်း အားကောင်းဖို့လိုတယ်။ ဒါကြောင့် ကြိုတင်ပြင်ဆင်မှုအားကောင်းဖို့ အဆင်သင့်ဖြစ်မှုကို အခုအခါမှာ ပိုပြီးတော့ ဦးစားပေးဆောင်ရွက်လာနိုင်တယ်။ အဲဒီမှာ ဘာတွေ အရေးကြီးသလဲဆိုရင် ပြည်သူတွေအနေနဲ့ ဘေးအန္တရာယ်နဲ့ ပတ်သက်ရင် ပြည်သူတွေရဲ့အသိ ဥပမာ ငလျင်၊ ရေကြီးမှု စသဖြင့် ပြည်သူတွေက အသိပိုမိုရှိလာတယ်။ အသိရှိတဲ့အတိုင်းလည်း လက်တွေ့ကျင့်ကြံပြီး ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်နိုင်မယ်ဆိုရင် ထိခိုက်နစ်နာဆုံးရှုံးမှုတွေ လျော့သွားမယ်။ ဒါကြောင့် ဘေးအန္တရာယ်လျော့ပါးရေးစီမံချက်တွေ ဆောင်ရွက်နိုင်ဖို့အတွက် ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ သတင်းအချက်အလက်တွေ ပေးနိုင်ဖို့ဆိုပြီး ဆောင်ရွက်လာခဲ့တာ ရှိပါတယ်။

ဒါနဲ့ပတ်သက်ပြီး DAN Mobile Application ဆိုပြီးတော့ ရေးဆွဲနိုင်ခဲ့တယ်။ ဒါကတော့ Diasater Alert Notification လို့ ခေါ်ပါတယ်။ ဘေးအန္တရာယ်နဲ့ ပတ်သက်ရင် သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ပြည်သူတွေဆီ ရောက်အောင် ပို့နိုင်ဖို့ပါ။ ပြည်သူက မိုဘိုင်းဖုန်းကိုဖွင့်လိုက်တာနဲ့ Application ကို Download လုပ်ထားလိုက်တာနဲ့ ဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေကို ချက်ချင်းကြည့်လို့ရမယ်။ ဒါကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဘေးဖြစ်တယ်ဆိုရင် မဆိုင်းမတွ ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ တစ်နေရာမှာ ဘေးအန္တရာယ်သင့်နေပြီဆိုရင် ထိခိုက်တဲ့လူဦးရေ၊ ပျက်စီးဆုံးရှုံးတဲ့ပမာဏ ဒါတွေကို ကနဦးသတင်းအချက် အလက်ရယူနိုင်ဖို့လိုပါတယ်။ ဒါမှသာ အမြန်ဆုံး တုံ့ပြန်နိုင်မှာဖြစ်ပါတယ်။ အဲဒီအတွက် စာရင်းတွေ ရရှိဖို့ KOBO Myanmar Mobile Application ဆိုတာကို သုံးစွဲနေတာ ဖြစ်ပါတယ်။ ဒါကိုပြည်သူတွေဆက်လက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သုံးနိုင်ဖို့ ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ ဒါကို ဆောင်ရွက်နေတာ တစ်နှစ်ကျော်လောက်ရှိပါပြီ။ ဒါနဲ့ပတ်သက်ပြီး ထိရောက်အောင်ဆောင်ရွက်နိုင်ဖို့ အားနည်းချက်ရှိပါသေးတယ်။

နောက်တစ်ခုကတော့ ဘေးအန္တရာယ်နဲ့ ပတ်သက်ရင် လူအသေအပျောက် လျော့နည်းဖို့၊ ထိခိုက်ဆုံးရှုံးတဲ့ ပမာဏလျော့နည်းဖို့နဲ့ အဆောက်အအုံတွေ ထိခိုက်ပျက်စီးမှု လျော့ကျဖို့ အရေးကြီးတယ်။ ဆုံးရှုံးမှုလျှော့ချဖို့အတွက် နှစ်နှစ်တာကာလအတွင်းမှာ ဘေးဒဏ်လျှော့ချရေး စီမံချက်ဆိုပြီး ဆောင်ရွက်တယ်။ နောက်တစ်ခါ ဘေးအန္တရာယ်လျော့ပါးဖို့အတွက် စီမံချက်အနေနဲ့ ဆောင်ရွက်တယ်။

နောက်တစ်ခုက ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ဖို့၊ ပြည်သူလူထု အခြေပြု ဆောင်ရွက်ဖို့လိုတယ်။ ပြည်သူလူထုက လိုက်ပါဆောင်ရွက်ပြီး ဘေးအန္တရာယ်ကို ကြံ့ကြံ့ခိုင်ရင်ဆိုင်တုံ့ပြန်နိုင်မယ်။ ဘေးအန္တရာယ်ဖြစ်ရင် အလျင်အမြန် တုံ့ပြန်နိုင်မယ်။ ဒီလိုတုံ့ပြန်ဖို့အတွက် အသိတွေရှိပြီး ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ဖို့ဆိုပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တဲ့ လုပ်ငန်းတွေ အဲဒါကဘာလဲဆိုရင် ရပ်ရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာ ဘေးအန္တရာယ်လျော့ပါးရေးနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်တဲ့ လုပ်ငန်းတွေ၊ ရပ်ရွာအဆင့် ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ ပြည်သူတွေပါဝင်ဖို့၊ လေဘေးဒဏ်ဖြစ်ရင်လည်း အိမ်အမိုးတွေကို ချည်နှောင်တာတွေ၊ အရင်ဆုံးခိုင်ခံ့အောင် လုပ်တယ်ပေါ့။ မနှစ်ကစီမံချက်နဲ့လုပ်တယ်။ အခုနှစ်လည်း ဆက်လက်ပြီး ဆောင်ရွက်မယ်။ ပြည်သူတွေကိုယ်တိုင် ပါဝင်တဲ့ ကြိုတင်ကာကွယ်တဲ့ လုပ်ငန်းပေါ့။ ဒါကိုဆောင်ရွက်နေတာဖြစ်ပါတယ်။

ဒါ့အပြင် ဘေးအန္တရာယ်အမျိုးမျိုးအတွက် အဓိက အရေးကြီးတာက ဇာတ်တိုက်လေ့ကျင့်ဖို့ အရေးကြီးပါတယ်။ ဇာတ်တိုက်လေ့ကျင့်တာတွေက မုန်တိုင်း၊ ငလျင်နဲ့ ရေကြီး ရေလျှံတာတွေနဲ့ ပတ်သက်ရင် ဇာတ်တိုက်လေ့ကျင့်လို့ရတယ်။ ဇာတ်တိုက် လေ့ကျင့်တာတွေကို ခပ်များများ ဆောင်ရွက်နိုင်ဖို့ ကြိုးစားနေပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းလုပ်ဆောင်မယ့် အစီအစဉ်တစ်ခုရှိတယ်။ ဆရာ ဆရာမတွေကို ဇာတ်တိုက်လေ့ကျင့်တာနဲ့ပတ်သက်ပြီး သင်တန်းတွေပေး မယ်။ ဆရာ ဆရာမတွေက ပုံမှန်သူ့ကျောင်းမှာ တစ်ပတ်ကို တစ်ခါပဲဖြစ်ဖြစ်၊ နှစ်ပတ်ကို တစ်ခါပဲ ဖြစ်ဖြစ် ပုံမှန်လေ့ကျင့်သွားရင် ကလေးတွေက အရေးပေါ်အခြေအနေ ဖြစ်လာတဲ့အခါမှာ ချက်ချင်းတုံ့ပြန်နိုင်အောင် တစ်ခါတည်းတတ်သွားအောင်၊ အကျင့်ဖြစ်သွားအောင် လေ့ကျင့်ပေးဖို့လိုပါတယ်။

နောက်တစ်ခုက အသိပညာပေး လက်ကမ်းစာစောင်တွေကို ဝေငှပေးဖို့ ဆောင်ရွက်နေပါတယ်။ ဒီလိုလုပ်တဲ့အခါမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးမှာ အဓိက တိုင်းရင်းသားတွေနေတဲ့ ပြည်နယ်တွေမှာ ဖြန့်ဝေနိုင်ဖို့အတွက်ဆိုပြီး ဗမာစကားတစ်ခုတည်းမဟုတ်ဘဲနဲ့ လက်ကမ်းစာစောင်တွေကို ဂျိမ်းဖော၊ ကယားကြယ်ဘိုးကြီး၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း၊ ဟားခါးချင်း၊ ရှမ်း၊ ပလောင်၊ အာခါ၊ လားဟူနဲ့ ရခိုင် စတဲ့တိုင်းရင်းသား ဘာသာ ၁၁ မျိုးနဲ့ ဖြန့်ချိနေတာဖြစ်ပါတယ်။

သဘာဝဘေးဖြစ်ရင် အင်မတန်ခိုင်ခံ့တဲ့၊ ခိုလှုံနိုင်တဲ့ မုန်တိုင်းဒဏ်ခံ ဘက်စုံသုံး အဆောက်အအုံတွေရှိဖို့လိုပါတယ်။ ရေကြီးလာပြီဆိုရင်လည်း ရေလွတ်ရာမှာ ခိုလှုံနိုင်ဖို့လိုပါတယ်။ ဒါကြောင့် ဒဏ်ခံအဆောက်အအုံတွေ အင်မတန် လိုအပ်ပါတယ်။ တိုးချဲ့ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အရင်က မုန်တိုင်းဒဏ်ခံအဆောက်အအုံ ၁၀၃ သုံးလုံးပဲရှိတယ်။ ဆောက်လုပ်ဆဲက ၁၆ လုံးရှိတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာ ၈၇ လုံး ထပ်ပြီးဆောက်လုပ်ဖို့အတွက် စီစဉ်ဆောင်ရွက်ပြီးပြီ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီမုန်တိုင်းဒဏ်ခံ အဆောက်အအုံတွေဆီ ရောက်အောင်သွားဖို့ဆိုရင် လမ်းကောင်းမှုဖြစ်မယ်။ အရေးကြီးဆုံးက ကျေးရွာချင်းဆက်လမ်းတွေ၊ ကျွန်တော်တို့နိုင်ငံမှာ ရွာချင်းဆက်လမ်းတွေက တော်တော်ယိုယွင်းနေပါတယ်။ သဘာဝဘေးဒဏ်ရင်ဆိုင်နိုင်ဖို့ ရွာချင်းဆက်လမ်းတွေ ကြံ့ခိုင်ဖို့လည်း ဆောင်ရွက်နေပါတယ်။ နောက်တစ်ခါ တာတမံတွေ ကြံ့ခိုင်ဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။

*အချပ်ပို(ဃ)သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ငါးခူရယာယီလက်ခံရေးစခန်း၌ ပြန်လည်ဝင်ရောက်လာသူများအတွက် ခေတ္တတည်းခိုဆောင်များ ဆောက်လုပ်ထားမှုကို ၁၅-၂-၂၀၁၈ ရက်က လှည့်လည်ကြည့်ရှုစဉ်။




လားရှိုးမြို့ရှိ ကယ်ဆယ်ရေးအဖွဲ့စေတနာ့ဝန်ထမ်းများ သဘာဝဘေးများ ကြုံတွေ့လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဇာတ်တိုက်လေ့ကျင့်ကြစဉ်။

**ဘေးအန္တရာယ် အမျိုးမျိုး အတွက် အဓိကအရေးကြီး တာက ဇာတ်တိုက်လေ့ကျင့် ဖို့ အရေးကြီးပါတယ်။ ဇာတ် တိုက် လေ့ကျင့်တာတွေက မုန်တိုင်း၊ ငလျင်နဲ့ ရေကြီး ရေလျှံတာတွေနဲ့ ပတ်သက် ရင် ဇာတ်တိုက်လေ့ကျင့်လို့ ရတယ်။ ဇာတ်တိုက်လေ့ကျင့် တာတွေကို ခပ်များများ ဆောင်ရွက်နိုင်ဖို့ ကြိုးစား နေပါတယ်**

*အချပ်ပို(၇)မှ*

**မေး ။ ။ ရခိုင်ပြည်နယ် ဖြစ်စဉ်နဲ့ ပတ်သက်ပြီး လည်းဆောင်ရွက်ချက်တွေကို ပြောပြပေးပါဦး။**

ဖြေ ။ ။ အစိုးရအနေနဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ တရားဥပဒေ စိုးမိုးရေးတို့ကို ဆောင်ရွက်နေရတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနအလုပ်တစ်ခုတည်းသာ မဟုတ်ဘဲနဲ့ ငြိမ်းချမ်းရေးကိစ္စ၊ ဖွံ့ဖြိုးရေးကိစ္စတွေကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နေတဲ့အပြင် ထူးထူးခြားခြားဆောင်ရွက်ရတဲ့ ကိစ္စကတော့ အားလုံးသိတဲ့အတိုင်း ရခိုင်ဒေသ ဖြစ်ပါတယ်။

ရခိုင်ဒေသမှာ ရှေးယခင်ကတည်းက ပဋိပက္ခမကြာခဏ ဖြစ်ပွားတယ်။ ဖြစ်ပွားတဲ့ ပဋိပက္ခတွေက လူမှုအသိုက်အဝန်းကြားထဲမှာ ဖြေရှင်းရ ခက်ခဲတဲ့ ပဋိပက္ခတွေအဖြစ်နဲ့ ရပ်တည်ခဲ့တယ်။ အဲဒီပဋိပက္ခတွေကြောင့် ဖွံ့ဖြိုးတိုးတက်မှုတွေ နောက်ကျခဲ့တယ်။ လုံခြုံရေးလျော့နည်းခဲ့တယ်။ အဲဒီလိုလျော့နည်းတဲ့အပေါ်မှာ မူတည်ပြီးတော့ လူမှုအသိုက်အဝန်းနှစ်ခုကြားမှာ အထင်အမြင် လွဲမှားစရာတွေ၊ သံသယဖြစ်မှုတွေ၊ မယုံကြည်မှုတွေ၊ ကြောက်လန့်မှုတွေ ဒါတွေကို တစ်ဖက်နဲ့တစ်ဖက် ရင်ဆိုင်နေရတယ်။ ဒီအပေါ်မှာမူတည်ပြီးတော့ပဲ အကြမ်းဖက်သမားတွေ အလွယ်တကူ ဝင်ရောက်နိုင်တဲ့နေရာ ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် မောင်တောဒေသပါ။ အကြမ်းဖက် တိုက်ခိုက်မှုတွေကြောင့် ပျက်စီးဆုံးရှုံးမှုတွေ အများကြီးဖြစ်တယ်။ ပျက်စီးဆုံးရှုံးမှုတွေဖြစ်တော့ နေရပ်တွေကိုစွန့်ခွာသွားကြတယ်။ တိုင်းရင်းသားတွေကလည်း မနေရဲဘူး။ မူဆလင်အသိုင်းအဝိုင်းကို ကြည့်လိုက်ရင်လည်း စွန့်ခွာသွားကြတယ်။ ဒီစွန့်ခွာမှုတွေအပေါ်မှာ ပြန်လည်လက်ခံရမယ်။ ပြန်လည်နေရာချထားရမယ်။ ဒါကို ကျွန်တော်တို့ဝန်ကြီးဌာနက ထမ်းဆောင်နေတာ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့အကြမ်းဖက်မှု ဖြစ်စဉ်ကြီးက တော်တော်လေးထိခိုက်မှုဖြစ်ခဲ့တယ်။ တစ်ဆက်တည်းမှာပဲ မောင်တောဒေသတင်မကဘဲ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ပါ ကမ္ဘာ့အလယ်မှာအင်မတန်နိုင်ငံ့ပုံရိပ်ကို ထိခိုက်နစ်နာမှုတွေ ဖြစ်ခဲ့ပြီးတော့ အဲဒီစိန်ခေါ်မှုတွေကို အခုအချိန်အထိ ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသက ထွက်သွားသူတွေကို ပြန်လည်လက်ခံရမယ်။ ပြန်လည်လက်ခံတဲ့နေရာမှာ လုံခြုံရေးအရေးကြီးတယ်။ လုံခြုံရေးရရှိဖို့အတွက်နဲ့ ပဋိပက္ခတွေမဖြစ်ပွားဖို့ တရားဥပဒေစိုးမိုးမှုတွေ လိုလာတယ်။ ဒါတွေအတွက်ကို ကြိုးစားဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ဝန်ကြီးဌာနတစ်ခုတည်း မရပါဘူး။ ဝန်ကြီးဌာနအားလုံး ပူးပေါင်းဆောင်ရွက်နေတယ်။

ဒ့ါအပြင် တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူလူထုတွေအားလုံးပူးပေါင်းဆောင်ရွက်မှသာ ရမယ်ဆိုပြီး UEHRD ဆိုတဲ့ ပြည်ထောင်စုစီမံကိန်းကြီးကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပြည်ထောင်စုစီမံကိန်းနဲ့ ပတ်သက်ရင် အားလုံးပွင့်ပွင့်လင်းလင်း ရှင်းပြပြီးသား ဖြစ်ပါတယ်။ ပြည်ထောင်စုစီမံကိန်းမှာ အဓိကကတော့ ပြန်လည်လက်ခံရေးနဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေကိုပေးဖို့၊ ပြန်လည်လက်ခံရေးနဲ့ပြန်လည်နေရာချထားရေးကို အဓိကဆောင်ရွက်ဖို့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်ရင်းနဲ့ ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ဖို့၊ တစ်လက်စတည်းမှာပဲ ရေရှည်ပဋိပက္ခကင်းဝေးဖို့ ဆိုတာတွေ ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါတွေကိုလည်း ပြည်သူအားလုံးရဲ့ အင်အားနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြည်သူလူထုဆိုတဲ့နေရာမှာ နိုင်ငံထဲမှာရှိတဲ့ ပြည်သူအပြင် နိုင်ငံတကာမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသူနိုင်ငံသားတွေပါ အားလုံးပူးပေါင်းပြီးတော့ ပြည်ထောင်စုစီမံကိန်းတစ်ရပ်ကို ဖော်ဆောင်နေတာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အရေးဟာ စိန်ခေါ်မှုတွေများပါတယ်။ ဖြေရှင်းတဲ့နေရာမှာ ဘာကြောင့် ဒီလိုဖြစ်ပွားခဲ့လဲဆိုတဲ့ အခြေခံအကြောင်းရင်းကို သိဖို့လိုတယ်။ ဒါကြောင့် လေ့လာဆန်းစစ်မှုတွေ ဖော်ထုတ်ဖို့အဖွဲ့တွေဖွဲ့ပြီး ဆောင်ရွက်ခဲ့တယ်။ ဒုတိယသမ္မတ(၁)ဦးဆောင်ပြီးတစ်ဖွဲ့၊ မစ္စတာကိုဖီအာနန်ဦးဆောင်ပြီးတစ်ဖွဲ့ ဒီလိုကော်မရှင်တွေဖွဲ့ပြီး ဒုတိယသမ္မတဦးဆောင်တဲ့အဖွဲ့က အကြံပြုချက် ၄၈ ချက်၊ မစ္စတာကိုဖီအာနန်ဦးဆောင်တဲ့အဖွဲ့က အကြံပြုချက် ၈၈ ချက် ရပါတယ်။ လက်ရှိရခိုင်ဒေသမှာဖြစ်ပွားနေတဲ့ အခြေအနေပေါ်မှာမူတည်ပြီးတော့ အကောင်းဆုံးဘယ်လို အကောင်အထည်ဖော်နိုင်မလဲဆိုတာကို ဖော်ဆောင်နေတာပါ။ အကောင်အထည်ဖော်ဖို့ ကော်မတီဖွဲ့တော့ ကျွန်တော်ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ရတယ်။

ကျွန်တော်တို့ကော်မတီကို ဒီလုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာ ပိုပြီးထိရောက်အောင် နိုင်ငံတကာပညာရှင်တွေပါဝင်တဲ့ အကြံပေးအဖွဲ့လည်း ဖွဲ့ထားပြီးပြီ။ ထိထိရောက်ရောက် အကောင်အထည်ဖော်တာနဲ့အမျှ ရေရှည်ပဋိပက္ခကင်းဝေးပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်နေတဲ့ လမ်းကြောင်းတွေဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ပဋိပက္ခတွေရဲ့အခြေခံအကြောင်းအရင်းတွေထဲမှာ ဘာတွေပါသလဲဆိုရင် လွတ်လပ်စွာသွားလာခွင့်၊ လုံခြုံရေး၊ ၂၀၁၂ ခုနှစ်ကတည်းက ဖြစ်ပွားတဲ့အရေးအခင်းကြောင့် ဒုက္ခသည်စခန်းတွေ အခုထိမပိတ်သိမ်းနိုင်သေးဘူး။ ဒါတွေကို ပိတ်သိမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သွားလိုက်မယ်ဆိုရင် ဒီနယ်မြေဟာ တည်ငြိမ်အေးချမ်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာမှာပါ။ နိုင်ငံသားဖြစ်မှုနဲ့ ပတ်သက်ရင်လည်းအရင်တုန်းက နိုင်ငံသားဖြစ်မှု ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ဟာ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခဲ့တယ်။

ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ရှိသူ နိုင်ငံသားဖြစ်၊ နိုင်ငံသားအခွင့်အရေးရ၊ ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်မရဘူးဆိုရင် မဖြစ်ရဘူး၊ မဖြစ်တဲ့အုပ်စုအတိုင်းပဲ သူ့ခံစားချက်နဲ့သူ၊ သူ့အခွင့်အရေးနဲ့သူရရမယ်။ အဲဒီလိုလုပ်ပေးလိုက်ရင် ဒီနယ်မြေမှာလည်း ပိုပြီးသဟဇာတဖြစ်လာမယ်။ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေလည်း ရတဲ့အတွက်ကြောင့် ငြိမ်းချမ်းမှုကို တည်ဆောက်တဲ့နေရာမှာ ပိုမိုလျင်မြန်လာမယ်လို့ ယူဆပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်တဲ့နေရာမှာ အဲဒီအချက်တွေကို ဦးစားပေးဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**“ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ရှိသူ နိုင်ငံသားဖြစ်၊ နိုင်ငံသားအခွင့်အရေးရ၊ ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်မရဘူးဆိုရင် မဖြစ်ရဘူး၊ မဖြစ်တဲ့အုပ်စုအတိုင်းပဲ သူ့ခံစားချက်နဲ့သူ၊ သူ့အခွင့်အရေးနဲ့သူ ရရမယ်၊ အဲဒီလိုလုပ်ပေးလိုက်ရင် ဒီနယ်မြေမှာလည်း ပိုပြီးသဟဇာတဖြစ်လာမယ်၊ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေလည်း ရတဲ့အတွက်ကြောင့် ငြိမ်းချမ်းမှုကို တည်ဆောက်တဲ့နေရာမှာ ပိုမိုလျင်မြန်လာမယ်လို့ ယူဆပါတယ်၊ ဒါကြောင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်တဲ့ နေရာမှာ အဲဒီအချက်တွေကို ဦးစားပေးဆောင်ရွက်နေတာဖြစ်”**

**မေး။ ။ရခိုင်ပြည်နယ်ဟာဆိုရင် မြန်မာနိုင်ငံမှာတင် မဟုတ်ဘဲ နိုင်ငံတကာကပါ အာရုံစိုက်နေတဲ့ ဒေသဖြစ်တဲ့အပြင် တစ်ဖက်နိုင်ငံကို နေရပ်စွန့်ခွာသွားတဲ့သူတွေ ပြန်လည်လက်ခံရေး ဆောင်ရွက်နေမှုကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ပြန်လည်လက်ခံရေးအပိုင်းနဲ့ပြောရရင် အင်မတန်အရေးကြီးတဲ့ စိန်ခေါ်မှု တစ်ရပ်ပါပဲ။ အခုထိတစ်ဖက်နိုင်ငံကိုရောက်သွားသူတွေကို ပြန်လည်လက်ခံဖို့ ကျွန်တော်တို့ဟာ ဇန်နဝါရီ ၂၃ ရက်ကတည်းက အဆင်သင့်ဖြစ်ခဲ့ပေမယ့် တစ်ဦးတစ်ယောက်မှ ပြန်လည်ရောက်ရှိတာမရှိသေးဘူး။

ပြန်လည်ရောက်ရှိဖို့ဆိုတာ လုပ်ငန်းစဉ်ရှိတယ်။ အဲဒီလုပ်ငန်းစဉ်အတွက်ကို အကုန် စီစဉ်ပြီးသား။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူစာချုပ်လည်းချုပ်ပြီးသွားပြီ။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မယ့် ကော်မတီလည်းဖွဲ့ပြီးပြီ။ သဘောတူညီချက်လည်းရှိပြီး အလုပ်လုပ်မယ့်ကော်မတီလည်းရှိပြီ။ တကယ်လည်း အကောင်အထည်ဖော်ရမယ့်ဝန်ကြီးဌာနတွေ ပူးပေါင်းပြီးတော့ လက်ခံရေးစခန်းနှစ်ခု၊ ကြားစခန်းတစ်ခု၊ ကြားစခန်းဆိုတာကလည်း အိမ်တွေဆောက်လုပ်လို့ မပြီးခင် အလွန်ဆုံးတစ်လပေါ့။ ဆောက်လုပ်ဖို့မြေနေရာတွေလည်း ဆောင်ရွက်နေပြီ။ မီးလောင်ပြင်တွေကို ရှင်းတဲ့ကိစ္စ၊ ရွာတွေပြန်လည်တည်ဆောက်မယ့်ကိစ္စတွေလည်း ရှိတယ်။

အဲဒီမှာ လုံခြုံရေးအတွက်ကို ဆောင်ရွက်နေတာလည်း ရှိတယ်။ လုံခြုံမှု ပြန်လာရဲမယ်၊ ကြောက်ရွံ့မှုတွေ၊ စိုးရိမ်မှုတွေရှိတဲ့အတွက် ဒီအတွက်လည်း အဆင်သင့်လုပ်ထားပြီးပြီ။ လွတ်လပ်စွာ သွားလာခွင့်အတွက်ဆိုရင် သူတို့မှာ အထောက်အထားရှိရမယ်။ လူတစ်ယောက်က ဒီနိုင်ငံထဲမှာ သွားလာပြီဆိုရင် ဒီနိုင်ငံထဲမှာနေတဲ့ သူဟုတ်ရဲ့လား၊ တရားဝင်နေထိုင်တဲ့သူ ဟုတ်ရဲ့လား၊ ထောက်ခံမှုရှိရမယ်။ အဲဒါဟာ National Verification Card ပဲဖြစ်တယ်။ ဒါကိုကိုင်ဆောင်လိုက်ရင် ဒီနိုင်ငံထဲမှာ နေတယ်ဆိုတဲ့ အထောက်အထားပဲ။ အထောက်အထားရှိရင် လွတ်လပ်စွာသွားလာလို့ရပြီ၊ အလုပ်လုပ်ကိုင်လို့လည်း ရမယ်။

ကျန်းမာရေး၊ ပညာရေးတွေလည်း လက်လှမ်းမီသွားမယ်။ အဲဒီအတွက် အဆင်သင့်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ခုန National Verification Card ကိုင်ဆောင်တဲ့သူက ကိုင်ဆောင်တဲ့တစ်ချိန်တည်းမှာပဲ နိုင်ငံသားဖြစ်ခွင့် လျှောက်ခွင့်ရှိတယ်။ ဥပဒေနဲ့ညီရင် ဖြစ်လာမယ်၊ ဥပဒေနဲ့မညီရင်တော့ မဖြစ်ဘူး။ ဒါပေမယ့် ဒါကိုကိုင်ဆောင်ထားတဲ့အတွက် အခွင့်အလမ်းရှိသွားတယ်။ ဒီအတွက်လည်း နားလည်အောင် ရှင်းပြနေတယ်။ တချို့ကဒီ NVC ကို နားမလည်ဘူး ဖြစ်နေတဲ့အခါကျတော့ ဒါကိုမကိုင်ဘူးဘဲ ငြင်းနေကြတာ။ ဒါနဲ့ ပတ်သက်ရင်လည်း ပညာပေးမှုတွေဆောင်ရွက်နေပါတယ်။

အခုလို ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရောဝတီမြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် ပြန်လည်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။



ဒုတိယဝန်ကြီး ဦးစိုးအောင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မူလတန်းကြို ကျောင်းဆောင်သစ်အား ဖွင့်လှစ်ပေးစဉ်။